ဆကေသမဟာဓာတုဝင်

# ကေလာသဆံတော်ရှင် စေတီတော်

# ဘုရားသမိုင်း

ဆကေသမဟာစာတုဝင်

# ကေလာသဆံတော်ရှင် စေတီတော်
# ဘုရားသမိုင်း

ထုတ်ဝေသူ - ဒေါ်ရွှေအိမ် မှတ်ပုံတင်အမှတ် (၀၁၂၉၉)
တိုင်းလင်းစာပေ
အမှတ် (၈/၆၅)၊ အုပ်စု (၁)၊
အောင်သိဒ္ဓိလမ်း၊ ရန်ကုန်။


ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်-(၅၃၃/၂၀၀၀) (၈)

ပုံနှိပ်သူ ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် (၀၁၂၅၅)
သုဓမ္မဝတီ ပုံနှိပ်တိုက်
အမှတ် (၅၃)၊ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ရန်ကုန်

အတွင်းစာသား -ကွန်ပျူတာ သုဓမ္မဝတီ
မျက်နှာဖုံးရိုက် -သုဓမ္မဝတီ ပုံနှိပ်တိုက်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၅၉၈/၂၀၀၀) (၁၀)

ပထမအကြိမ် - ၂၀၀၀ ခု၊ အောက်တိုဘာလ
အုပ်ရေ ၁၀၀၀
ဓမ္မဒါန




C M K 9-546-Pagoda(D)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ဩဝါဒ | ၁ |
| ၂။ | ပဏာမ | ၃ |
| ၃။ | နိဒါန်း | ၅ |
| ၄။ | စာရေးသူ၏ တင်ပြချက် | ၁၀ |
| ၅။ | ဆံကေသ မဟာဓာတုဝင် ကေလာသ ဆံတော်ရှင် စေတီတော်သမိုင်း | ၁၅ |
| ၆။ | တည်ရာဌာန ကေလာသ | ၁၅ |
| ၇။ | ထူးခြားသော သဘာဝအခြေအနေမှ ကေလာသ | ၁၈ |
| ၈။ | သိဒ္ဓိရှင်များ လောကီစခန်းဝင် ကေလာသ တောင်တော်တခွင် | ၁၉ |
| ၉။ | တစ်ကျော့ပြန် ရှင်သန်လာသော ကေလာသတောင်တော် | ၂၂ |
| ၁၀။ | ဘုရားဖူးကုသိုလ်ရှာရမည့် ဌာန သုဝဏ္ဏဘူမိဒေသ | ၂၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ရာမညဒီပ (သမိုင်းနောက်ခံ) | ၂၈ |
| ၁၂။ | သုဝဏ္ဏဘူမိ | ၂၉ |
| ၁၃။ | သာသနအစ သုဝဏ္ဏဘူမိက | ၃၁ |
| ၁၄။ | သုဝဏ္ဏဘူမိအစ ကေလာသတောင်ခြေက | ၃၆ |
| ၁၅။ | တိုက်ကုလားမြို့အကြောင်းသမိုင်းဟောင်း | ၃၈ |
| ၁၆။ | ခေတ်အဆက်ဆက် တိုက်ကုလားမြို့ | ၄၀ |
| ၁၇။ | အရေးပါသော မုတ္တမမဏ္ဍလ | ၄၁ |
| ၁၈။ | မွန်မင်းဆက်များနှင့် မြို့တော်အဆင့်ဆင့် ပြောင်းရွှေ့ပုံ | ၄၂ |
| ၁၉။ | မွန်မင်းဆက်များ ထီးနန်းပြောင်းရွှေ့မှုဇယား | ၄၄ |
| ၂၀။ | ရသေ့ညီနောင် ဇင်းကျိုက်တောင် | ၄၆ |
| ၂၁။ | ဝိဇ္ဇာဓိုရ်နှင့် နာဂသုဇာဖွား ညီနောင်နှစ်ပါး | ၄၈ |
| ၂၂။ | အရှင်ဂဝမ္ပတိမထေရ်မြတ်၏ အတိတ်ဘဝ | ၅၀ |
| ၂၃။ | တိဿမဟာသီဟရာဇာမင်း | ၅၁ |
| ၂၄။ | အရှင်ဂဝမ္ပတိမထေရ် သုဝဏ္ဏဘူမိသို့ ကြွရောက်ခြင်း | ၅၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅။ | ဗုဒ္ဓဘုရားရှင် သုဝဏ္ဏဘူမိသို့ ကြွရောက်တော်မူခြင်း | ၅၅ |
| ၂၆။ | ရွှေဦးပူဇော် ဘုမ္မိမယ်တော် | ၅၇ |
| ၂၇။ | ဗုဒ္ဓဘုရားရှင် ခြေတော်ချ တရားပြ ကေလာသ | ၆၀ |
| ၂၈။ | ရသေ့မြတ်တို့အား ဆံတော်ရှင်များ ဝေငှ ကေလာသ | ၆၁ |
| ၂၉။ | ဗုဒ္ဓဉာဏရသေ့ကြီးသို့ ဆံတော်ရှင်များ ပေးအပ်ခြင်း | ၆၆ |
| ၃၀။ | စေတီတော် | ၆၇ |
| ၃၁။ | ကေလာသဆံတော်ရှင် စေတီတည်ထားခြင်း | ၆၈ |
| ၃၂။ | အရှင်အနုရုဒ္ဓါမထေရ် ဦးဆောင်ပင့်သည့် မဟာထူပဝင် ဆံတော်များ | ၇၀ |
| ၃၃။ | စေတီတည်ထား ဆကေသထူပဝင် ဆံတော်ရှင် | ၇၃ |
| ၃၄။ | ရဟန္တာအရှင်သူမြတ်တို့၏ ဗျာဒိတ်စကား | ၇၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၅။ | သွားတော်ဓာတ် (၃၃)ဆူ | ၇၈ |
| ၃၆။ | ကိုးတိုင်းကိုးဌာန သို့သာသနာပြုစေလွှတ်ခြင်း | ၈၁ |
| ၃၇။ | ရဟန္တာမထေရ်ကြီးများ သာသနာပြု ရောက်ရှိခြင်း | ၈၂ |
| ၃၈။ | ဘီလူးရက္ခိုက်များကို နှိမ်နင်းခြင်း | ၈၃ |
| ၃၉။ | မထေရ်ကြီးများ ဖွင့်ဖော်သာသနာတော် | ၈၅ |
| ၄၀။ | မင်းနှင့်ပြည်သူ ကြည်ဖြူစိတ်တူ ပူဇော် ကိုးကွယ်ခဲ့ကြ ကေလာသ | ၈၇ |
| ၄၁။ | တန်ခိုးရောင်ရှိန် ညှိုးမှိန်မှန်က ကေလာသ | ၈၉ |
| ၄၂။ | ဓမ္မစေတီမင်း ပြန်လည်တည်ဆောက် ပြုပြင်ခြင်း | ၉၁ |
| ၄၃။ | ဟံသာဝတီခေတ်နောက်ပိုင်း | ၉၄ |
| ၄၄။ | ဗြိတိသျှခေတ် ကေလာသဆံတော်ရှင်စေတီ | ၉၆ |
| ၄၅။ | ပထမတောင်ပိုင်ဆရာတော်ဦးမဥ္ဇူ ထိမ်းသိမ်းစောင့်ရှောက်မှု | ၉၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၆။ | တိုးတက်ဖြစ်ထွန်းလာသော သာသနိက အဆောက်အဦးများ | ၉၉ |
| ၄၇။ | ပေါ်တော်မူရုပ်ပွားတော်များနှင့် ကျောက်ထပ်ရွှေစေတီ | ၁၀၀ |
| ၄၈။ | ဆရာတော် ဦးစိတ္တရစောင့်ရှောက်ခြင်း | ၁၀၅ |
| ၄၉။ | မြန်မာသက္ကရာဇ် (၁၂၉၂)ခုနှစ်၊ မိုးဒဏ်ကြောင့် ကုန်းတော်ပြိုကျခြင်း | ၁၀၅ |
| ၅၀။ | ထီးတော်သစ်တင်လှူရေးကြိုးပမ်းမှု | ၁၀၇ |
| ၅၁။ | ထီးတော်အလှူရှင်များ | ၁၀၈ |
| ၅၂။ | ထီးသစ်တင်လှူခြင်း | ၁၀၈ |
| ၅၃။ | စိန်ဖူးတော်အခိုးခံရ၍ အသစ်တင်လှူခြင်း | ၁၁၀ |
| ၅၄။ | ဆရာတော်ဦးဉာဏက ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခြင်း | ၁၁၁ |
| ၅၅။ | အင်္ဂတေသက်နှ်းကပ်လှူခြင်း | ၁၁၃ |
| ၅၆။ | ရွှေသက်န်းကပ်လှူခြင်း | ၁၁၆ |
| ၅၇။ | ခေတ်ပျက်ကာလ ကာလသ | ၁၁၇ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၅၈။ | ဝိဇ္ဇာအောင်မြေ | ၁၁၈ |
| ၅၉။ | ရဟန်းဘောင်သို့ ဝင်ရောက်စတင် သာသနာပြုခြင်း | ၁၂၁ |
| ၆၀။ | သာသနာတော်တည်တံ့ပြန့်ပွားရေးကာလ ကေလာသ | ၁၂၃ |
| ၆၁။ | ကြိုတင်ပြင်ဆင် ကေလာသဆံတော်ရှင် | ၁၃၅ |
| ၆၂။ | တင်လှူပူဇော်ထီးတော်၊ ငှက်မြက်နားတော်၊ စိန်ဖူးတော် | ၁၃၇ |
| ၆၃။ | ဒုတိယအကြိမ် ထီးတော်၊ ငှက်မြက်နားတော်၊ စိန်ဖူးတော် တင်လှူခြင်း | ၁၃၉ |
| ၆၄။ | တတိယအကြိမ် ငှက်မြက်နားတော်၊ စိန်ဖူးတော် တင်လှူခြင်း | ၁၄၁ |
| ၆၅။ | တည်ဆောက်ပြုပြင် ကေလာသဆံတော်ရှင် | ၁၄၅ |
| ၆၆။ | ကျမ်းကိုးစာရင်း | ၁၄၉ |

# ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပ၏
# ဩဝါဒ

ဗုဒ္ဓဘာသာ သာသနာ့အနွယ်ဝင် သူတော်စင်တိုင်း အာရုံမှန်းထား ယုံကြည်အားထားခြင်းသည် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ ထိုသုံးဖြာသည် အဓိက ဖြစ်ပေသည်။ ထိုအကြောင်းကြောင့် ဗုဒ္ဓ၏ဗုဒ္ဓဘုရား၊ ဓမ္မ၏ဓမ္မတရား၊ သံဃာ၏သံဃာ၊ ဓမ္မဝါဒ အတိုင်းတိုင်း ဖြစ်ရပ်အမှန်များကို စာပေကျမ်းဂန်လည်း မလွတ်၊ ပစ္စုပ္ပန်အလုပ်သဘောသည်လည်း မချွတ်၊ စိတ်ရင်း သဒ္ဓါမှန် အကြောင်းခံမူ၊ ဘာသာ, သာသနာ ထို့နှစ်ဖြာအား အလေးဂရု ပြုထား၍ ဗုဒ္ဓဗျာဒိတ်တော်အလားနှင့် ထေရ်ရ ရဟန္တာ ဗျာဒိတ်အတိုင်းအတာများကို သဘာဝ၊ သာဓက၊ အာဂမ ပြည့်စုံနိုင်သမျှ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ သုံးတန်ကို တိုင်းတာကာဖြင့် ဤဆကေသ မဟာဓာတုဝင် ကေလာသ ဆံတော်ရှင်၏ သမိုင်းစဉ်ကို ဖွင့်ဖော်ရေးသား ဗုဒ္ဓမြတ်ဘုရားကိုသော်လည်းကောင်း၊ ထေရ်ပြန်ရှင်ပြန်များ ကိုသော်လည်းကောင်း အသိဉာဏ်ဖြင့်လည်းကောင်း၊ အပြု သဘောဖြင့်လည်းကောင်း အနူးအညွတ် ဦးညွတ်၍ ပူဇော် အပ်ပါသည်။

အဓိက ဗုဒ္ဓဘုရားရှင်၏ ရွှေနှုတ်တော်ထွက် ဗျာဒိတ်တော် မမှစက်အတိုင်းတိုင်း တည်ပါစေသော်။ ထို့ကြောင့် ဘုရားမြတ်ရှင်နှင့်သာသနာတော်ကြီး အရှည်ခန့်၍ တည်တံ့သမျှ လူရောနတ်ပါ အနန္တသတ္တဝါပေါင်းများစွာ သက်သာကောင်းကျိုးချမ်းသာတိုးကြပါစေကြောင်း ဆုမွန်တောင်းသည်။ ထိုအကြောင်းကြောင့် တိုင်းပြည်နိုင်ငံ ပြည်ရွာပါမကျန် အေးချမ်းသာယာစည်ပင်ဖွံ့ဖြိုး တိုးတက်ပါစေသောဝ်။ ။

(ဘဒ္ဒန္တ ဦးပညာဒီပ)

## ၂ ဏာ မ

၁။ ကျွန်ုပ်သည် ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော်အနန္တနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတဉာဏ်တော်ရ အရဟံ-အစ ဘဂဝါ-အဆုံး ကိုးပါးဂုဏ်နှင့် ပြည့်စုံတော်မူသည့် ဗုဒ္ဓဘုရားရှင်အား သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်တို့ဖြင့် ကံချမ်းသာမှ နိဗ္ဗာန်ချမ်းသာအထိ ရရှိနိုင်ကြောင်း ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ ပူဇော်ပါ၏။ ဗုဒ္ဓဘုရားရှင် သွာက္ခာတော-အစ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ အဆုံး ကြီးကြယ်မြင့်မြတ်သော ခြောက်ပါးဂုဏ်နှင့် ပြည့်စုံတော်မူသည့် တရားတော်မြတ်များကို မြဲမြံစွာ ယုံကြည်ပါ၏၊ ကိုးကွယ် ဆည်းကပ်ပါ၏၊ ရှိခိုးပါ၏။ ဗုဒ္ဓဘုရား၏ အဆုံးအမ ဩဝါဒဖြစ်သည့် သုပ္ပဋိပန္နော-အစ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-အဆုံး ကိုးပါးဂုဏ်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို ဘုရားရှင်ကိုယ်စား ဟောပြောဆုံးမတော်မူသော တပည့်သား အရိယသာဝက ရဟန်းသံဃာများကို ကိုးကွယ်ပါ၏၊ ရှိခိုးပါ၏။

၂။ လူ့ဘဝ အစ ပဋိသန္ဓေနေသည်မှ မွေးဖွားကြီးပြင်းလာသည်အထိ မိဘဝတ်တရား ငါးပါးနှင့်အညီ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ကြသည့် ကြီးမားသော ကျေးဇူးဂုဏ်ဖြင့် အမိအဖတို့အား ပူဇော်ပါ၏၊ ရှိခိုးပါ၏။ သိပ္ပ မကျန် အတတ်လည်း

သင်၊ မကောင်းတားမြစ်၊ ကောင်းရာညွှန်ပြ၊ ဘေးရန်ကာဆီး၊ ကောင်းရာကို ဆောင်စေတတ်သည့် ဆရာသခင် ကျေးဇူးရှင်တို့အား ရိုသေပါ၏၊ ရှိခိုးပါ၏။ ဤသို့ ဘုရား၊ တရား၊ သံဃာ၊ မိဖ၊ ဆရာတို့အား လက်စုံမိုး၍ ရှိခိုးပူဇော်ရသော ကောင်းမှုကြောင့် သာသနာ့အမွေကို ရနိုင်သောသူ ဖြစ်ရပါလို၏ ဟူ၍ ကောင်းမြတ်သော ဆန္ဒမွန်ဖြင့် ကေလာသဆံတော်ရှင်ဘုရား စေတီတော်သမိုင်းကို ရေးသားတင်ပြလိုက်ရပေသည်။

**မောင်လှ**

ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)

# နိဒါန်း

၁။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၂၅၀၀) ကျော်လွန်ခဲ့ပေပြီ။ သို့သော် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိဘိအလားသို့ ဘုရားရှင်၏ ဆံတော်၊ ဓာတ်တော်၊ မွေတော်များသည် ရှင်သန်လျက်ဖင် ရှိပေသည်။ ဤသို့ ရှင်သန်နေခြင်းသည် ဆံတော်၊ ဓာတ်တော်၊ မွေတော်များအား စေတီပုထိုးများတွင် ဌာပနာ၍ ကိုးကွယ်ခဲ့ကြသောကြောင့်လည်းကောင်း၊ ရုပ်ပွားတော်၊ ဆင်းတုတော်များကို ထုတ်လုပ် ကိုးကွယ်နေကြသောကြောင့်လည်းကောင်း ဖြစ်သည်။ ထို့ပြင် စေတီ ပုထိုးများကို ရှေးရှေးက ဗုဒ္ဓဘာသာဝင် သူတော်စင် ဘိုး/ဘွားများ၏ တည်ဆောက်ပြုပြင် မွမ်းမံ ထိန်းသိမ်းမှုတို့ကြောင့် သာသနာတော်ကြီး ရှင်သန်ပွင့်လင်းနေသည်။ မျက်မှောက်ကာလတွင်လည်း ဗုဒ္ဓဘာသာဝင် သူတော်စင်များက ဆံတော်၊ ဓာတ်တော်၊ မွေတော် ဌာပနာထားသော စေတီ ပုထိုးများကို မွမ်းမံပြုပြင် တည်ဆောက်လျက် ရှိသည်။ ဤသို့ဖြင့် ဗုဒ္ဓသာသနာတော်ကြီး အရှည်တည် ပွင့်လင်းနေအောင် ဆောင်ရွက်နေကြသည်။ ထိုအထဲတွင် ကျိုက်ထီးဆောင်း ဆရာတော် အရှင်မြတ်လည်း ပါဝင်သည်။ များသောအားဖြင့် ဆရာတော် အရှင်မြတ်သည် သုဝဏ္ဏဘူမိဒေသရှိ ဆံတော်၊ ဓာတ်တော်၊

မွေတော်များ ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ကြသည့် ဘုရားစေတီများစွာကို မွမ်းမံခြင်း၊ ပြုပြင်ခြင်း၊ တည်ဆောက်ခြင်းများ ပြုလုပ်လျက် ရှိသည်။ တည်ဆောက်ပြုပြင်ပြီး ဘုရားစေတီများစွာ ရှိသလို တည်ဆောက်ပြုပြင်ဆဲ ဘုရားစေတီများလည်း ရှိသည်။ ထိုတည်ဆောက်ဆဲ ဘုရားစေတီများတွင် ကေလာသ ဆံတော်ရှင် ဘုရားစေတီလည်း ပါဝင်သည်။

၂။ ကျိုက်ထီးဆောင်း ဆရာတော်အရှင်မြတ်သည် ဗုဒ္ဓဘုရားရှင်၏ သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရင်း ကျယ်ပြန့်သော ဘဝခရီးကို ဒုက္ခအမျိုးမျိုးခံပြီး ကျော်ဖြတ်ခဲ့ရသည်။ ဆန့်ကျင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆေးဖော်ကြောဘက် မလုပ်ခြင်းများကိုလည်း ကြုံတွေ့ခဲ့ရသည်။ လုပ်ရင်း ကိုင်ရင်း အသိမိတ်ဆွေများ၊ တပည့်ဒါကာများ၊ အပေါင်းအဖော်များ၊ အဆွေအမျိုးများ၊ စောင်းချိတ်ဖယ်ခွာမှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ဤမျှအထိ ကြမ်းတမ်းခက်ခဲသည့် သာသနာပြု ဘဝခရီးကို သည်းခံပြီး စေတနာ၊ မေတ္တာထား၍ ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရသည်။ ဆရာတော်အရှင်မြတ်သည် ကြည်တည်မှု၊ ဘက်မလိုက်မှု၊ အများအကျိုးကို ရှေးရှုပြီး ခွင့်ပြု၊ ခွင့်လွှတ်မှုတို့ဖြင့် တောစဉ်၊ တောင်စဉ်အတွင်းရှိ လူသိနည်းပြီး ကိုးကွယ်သူမရှိသော ဆံတော်ရှင် ဘုရားစေတီများနှင့် တန်ခိုးကြီး ဘုရားစေတီများ ပွင့်လင်းတည်မြဲရေးအတွက် ဇွဲနပဲကြီးစွာ အားထုတ်ဆောင်ရွက်နေသည်။

ဆရာတော်အရှင်မြတ်သည် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရင်း ဝန်နှင့်အားမမျှ၍ ဘုရားစေတီများကို ခွဲတမ်းချပြီး ဖြည်းဖြည်းချင်း တိုးတက်ကောင်းမွန်အောင် ဆောက်ရွက်နေသည်။

၃။ ရှေးဘိုးဘွားများက ဗုဒ္ဓဘုရားရှင် ဆံတော်၊ မာတ်တော်၊ မွေတော်များကို စေတီ၊ ပုထိုးများ၌ ဌာပနာ၍ ဗုဒ္ဓသာသနာ အရှည်တည်အောင် ဆောင်ရွက်ခဲ့ကြသည်။ အမျှော်အမြင်ကြီးစွာဖြင့် ထိုစေတီ, ပုထိုးများ၏အကြောင်းကို ကျောက်စာ၊ ပိျု့ကဗျာတို့ဖြင့် မှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် နှစ်ပေါင်း (၂၅၀၀) ကျော်ပြီဖြစ်သော စေတီ, ပုထိုးများအကြောင်းတို့ကို မျက်မှောက်ကာလတွင် ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနိုင်ကြသည်။ မျက်မှောက်ခေတ်တွင်လည်း ဗုဒ္ဓဘာသာဝင်သူတော်စင်များက စေတီ၊ ပုထိုးများကို မွမ်းမံပြုပြင်ကြသည်။ ဘက်စုံတည်ဆောက်မှုများ ပြုလုပ်ကြသည်။ သမိုင်းမှတ်တမ်းများကိုလည်း နောင်လူကြီးဖြစ်လာမည့် ယနေ့လူငယ်များအတွက် ရေးသားထားခဲ့မှ တာဝန်ကျေမည်။ ကေလာသတောင်ထိပ်ပေါ်၌ တည်ရှိသော ကေလာသဆံတော်ရှင် စေတီတော်တွင် ဗုဒ္ဓဘုရားရှင်၏ ဆံတော်ရှင်နှစ်ဆူ၊ သွားတော်ဓာတ်တစ်ဆူ ပေါ်တော်မူရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင်းတု၊ ငွေဆင်းတုများ ဌာပနာထားသည်။

၄။ ဤကေလာသစေတီတော်ကို မဟာသက္ကရာဇ် (၁၁၈) ခုနှစ် ဆောင်းလရာသီတွင် ဗုဒ္ဓဥာဏရသေ့ကြီးနှင့် သိကြားမင်းတို့က ဆံတော်ကို ရွှေကြုတ်ဖြင့် အကြီးဆုံးကျောက်တုံးကို သံလျက်ဖြင့်ထွင်း၍ ဌာပနာထားသည်။ ထို့နောက် တိုက်ကုလားမြို့စား သပေါ်မင်းက ဦးဆောင်၍၊ ထိုကျောက်တုံးကို ငုံပြီး စေတီတည်ထား ကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် ကေလာသစေတီတော်ကို ရှေးက "ကျိုက်သီလပေါ်"ဟု ခေါ်ဆိုကြသည်။ ကေလာသဆံတော်ရှင် စေတီတော်သည် နှစ်ပေါင်း (၂၆၀၀) ပြည့်လုနီးပြီဖြစ်၍ ရှေးအကျဆုံး ဘုရားစေတီတစ်ဆူလည်း ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင် ဤကေလာသတောင်ထိပ်ပေါ်၌ ခြေတော်ချ ရပ်နားပြီး အမွေအဖြစ် ပေးသနားခဲ့သော ဆံတော်ရှင်ဖြစ်၍ အဓိကကျသည်။ ဤစေတီတော်ကို ကျိုက်ထီးဆောင်း ဆရာတော် အရှင်မြတ်က ဘုရားရှင်၏ ဗျာဒိတ်တော်၊ ရဟန္တာ အရှင်မြတ်များ၏ဗျာဒိတ်တော်များနှင့်အညီ ပြန်လည် တည်ဆောက်ပြုပြင်နေသည်။ ပြန်လည်တည်ဆောက်မှုများသောကြောင့် ခွဲတမ်းချ၍ ဖြည်းဖြည်းချင်း တည်ဆောက်ပြုပြင်နေရသည်။ သို့သော် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိကြောင်း ရောက်ဖူးသူတိုင်း အသိပင်ဖြစ်သည်။ ဆရာတော်အရှင်မြတ်၏ ဘည်ဆောက်ပြုပြင်ဆဲတွင် ဤကေလာသ ဆံတော်ရှင်ဘုရား ၆စေတီလည်း ပါသည်။ ဤကေလာသ ဆံတော်ရှင် စေတီတော်ကို

တည်ဆောက်ပြီးပါက ရဟန္တာအရှင်မြတ်များ၏ ဗျာဒိတ်တော်အရ အလံတစ်ရာ သောဏ္ဍာယ ရွှေစေတီအဖြစ် ထင်ရှားမည်။ (၂၅၀၀) သာသနာမှ (၅၀၀၀) သာသနာအထိ တည်ထွန်းပွင့်လင်းမည်။ ထို့ကြောင့် ကေလာသစေတီတော်၏သမိုင်းကို ရနိုင်သမျှသော အထောက်အထားများနှင့် အကောင်းဆုံးဖြစ်အောင် ရေးသားရပါသည်။ မပြည့်သော အထောက်အထားများကို နောက်လူများက ရှာဖွေဖြည့်သွင်း ရေးသားကြပါရန် ကောင်းမြတ်သော ဆန္ဒဖြင့် တင်ပြအပ်ပါသည်။

**မောင်လှ**

ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)

## စာရေးသူ၏ တင်ပြချက်

၁။ ကျွန်ုပ်သည် ကေလာသဆံတော်ရှင် စေတီတော်မြတ်၏ သမိုင်းကို ရေးသားရန် လိုအပ်မည့် အချက်အလက်များအား ရှာဖွေခဲ့ပါသည်။ ပြည့်စုံလုံလောက်သော အချက်အလက်များ မရခဲ့ပါ။ ရသမျှသော အချက်အလက်များမှာလည်း မတူခြားနားမှုများ ရှိနေကြသည်။ သမိုင်းတစ်စောင်အဖြစ် ရေးသားရန် အခက်အခဲဖြစ်ရပါသည်။ သို့သော် တိမ်ငုပ်နေသော ကေလာသဆံတော်ရှင် စေတီတော်၏သမိုင်းကို ရရှိသမျှသော အထောက်အထားများဖြင့် စုစည်းရေးသားခဲ့ခြင်းဖြစ်ပါသည်။ မှားသည် မှန်သည်ကို ဝေဖန်ပြီး နောင်ပေါ်ထွန်းလာမည့် သမိုင်းသုတေသီများက အမှန်ဖြစ်အောင် သုတေသနပြုလုပ် ရေးသားကြလိမ့်မည်ဟု ယူဆပါသည်။ ရေးသားကြပါရန်လည်း မေတ္တာရပ်ခံပါသည်။ ထို့အတူ ကေလာသတောင်ခြေမှ စခဲ့သော သုဝဏ္ဏဘူမိကိုလည်း လူသိနည်းပါးသည်။ လက်ရှိသထုံမြို့ကိုသာ "**သုဝဏ္ဏဘူမိ**" ဟု သိကြလေသည်။ ဤသည်ကိုလည်း ရရှိသမျှသော အထောက်အထားများဖြင့်

စုစည်း ရေးသားလိုက်ရပါသည်။ မှားသည်, မှန်သည်ကို သမိုင်းသုတေသီများက မှန်အောင် သုတေသနပြု ရေးသား ကြလိမ့်မည်ဟု ဆန္ဒပြုပါသည်။ မည်သို့ပင်ဖြစ်စေ သမိုင်းပါ မြို့ရွာတို့၏ အမည်နာမနှင့် တည်နေရာတို့သည် အချိန်အခါနှင့် အခြေအနေကို လိုက်၍ ပြောင်းလဲမှု ရှိတတ်ပါသည်။

၂။ သီရိယကုမ္မာ(ခေါ်) ဇောတိပါလမင်းသည် ကေလာသ တောင်ခြေ လကွန်းဗျန်းအရပ်တွင် သုဓမ္မဝတီမြို့ကို တည် ထောင်စိုးစံခဲ့သည်။ ထိုမင်းလွန်ပြီးနောက် သားတော် သီရိမာ သောက (အကြီး)သည် မင်းပြုစိုးစံသည်။ သီရိမာသောကမင်း (အကြီး)သည် ကေလာသတောင်တော်၏ အနော**က်မြောက်** ဘက် အရက်သမ (ဝါ) ယက္ကန်းသမရွာအနီး **သုဝဏ္ဏဘူမိ** မြို့ကို တည်ထောင်ခဲ့သည်။ ထိုသုဝဏ္ဏဘူမိမြို့ကို နောင် တော် ဓမ္မဇမင်းသားအား စိုးစံစေခဲ့သည်။ သီရိမာသောက မင်း (အကြီး)ည် လွန်သော် သုဓမ္မဝတီမြို့ ပျက်စီးသွားပြီး ဓမ္မဇမင်း စိုးစံသော သုဝဏ္ဏဘူမိမြို့သည် စည်ပင်လာသည်။ ယင်းမြို့ကို ဓမ္မဇမင်းက "**သုဘိန္နနဂရမြို့**" ဟု သမုတ်ခဲ့သည်။ ဓမ္မဇမင်းဆက်၏ နောက်ဆုံးမင်းမှာ တိဿမင်းကြီး ဖြစ်သည်။ တိဿမင်းကြီး လွန်သော် သားတော် တိဿကုမာရရသေ့နှင့် သီဟကုမာရ ရသေ့တို့က မင်းမပြု၍ နဂါးဥဖွား မွေးစားသား သူရိယကုမ္မာကို "**တိဿဓမ္မသီဟရာဇာ**"ဘွဲ့ဖြင့် အမည်ပေးပြီး

မင်းပြုစေသည်။ တိဿဓမ္မသီဟရာဇာမင်းက သုဘိန္ဒနဂရမြို့နှင့် ထီးနန်းကို မွမ်းမံပြုပြင်ပြီးနောက် မြို့ကို "**သုဝဏ္ဏဘူမိ-သုဓမ္မဝတီ**"ဟု သမုတ်စိုးစံခဲ့သည်။ တိဿဓမ္မသီဟရာဇာမင်း လက်ထက်တွင် ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် နောက်ပါ ရဟန္တာများနှင့် သုဝဏ္ဏဘူမိမြေရှိ ကေလာသတောင်ပေါ်သို့ ကြွရောက် ခြေတော် ချခဲ့သည်။ ခုနစ်ရက်တစ်ပတ် မင်းနှင့်တကွ လူပရိသတ်များကို သံသရာမှ လွတ်မြောက်ကြောင်း တရားဓမ္မများကို ဟောကြားခဲ့သည်၊ သာသနာတော် အရှည်တည်နေစေရန်လည်း ရသေ့ကျော်များနှင့် နတ်ဘီလူးညီနောင်တို့အား ဆံတော်ရှင်များ အမွေပေးသနားခဲ့သည်။

၃။ သာသနာသက္ကရာဇ် (၂၃၆) ခုနှစ်က အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်ကြီးတို့ အမှူးပြုသော ရဟန္တာအရှင်မြတ်များ သာသနာပြုကြွရောက်ခဲ့သော သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့တော်မှာ ရာဇာစောဝေ (ခေါ်) သီရိမာသောကမင်း (အငယ်) တည်ထောင်ခဲ့သည့်မြို့ဖြစ်သည်။ ထိုမြို့သည် ကေလာသ ဆံတော်ရှင်စေတီတော်၏ အနောက်တောင်ဘက် ဝင်းကကျေးရွာနှင့် ကျောက်တုံးကြီးရွာအနီး တောင်ပေါ်တစ်ဝက်၊ မြေပြန့်တစ်ဝက် တည်ဆောက်ခဲ့သော သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့လည်း ဖြစ်၏။ ရာဇာစောဝေ (ခေါ်) သီရိမာသောကမင်း (အငယ်)သည် အရှင်သောဏမထေ နှင့် အရှင်ဥတ္တရမထေရ်

ကြီးတို့ကို အမျှုးပြု၍ သာသနာပြုခဲ့သည်။ ထိုမြို့တော်ဟောင်းနေရာများကို နိုင်ငံတော်သမိုင်း သုတေသနအဖွဲ့က တူးဖော်တွေ့ရှိ အတည်ပြုခဲ့ပြီးဖြစ်သည်။ သီရိမာသောကမင်း (အငယ်) မင်းဆက်၏ ယုဂန္တမင်းလက်ထက်တွင် သထုံမြို့အနီး၌ နေမိန္ဒရတောင်ခြေ၌ သုဝဏ္ဏဘူမိ-သုမမ္ဗဝတီမြို့ကို တည်ထောင်ပြီး သာသနာ (၄၅၀) ခုနှစ်တွင် ပြောင်းရွှေ့စိုးစံသည်။ မင်းဆက်ပေါင်း (၄၁)ဆက် မနူဟာမင်းဆက်အထိ ဖြစ်သည်။ အနော်ရထာမင်း တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မြို့ပျက်စီးသွားသည်။ နေမိန္ဒရတောင်ခြေရှိ မြို့ရိုးဟောင်းများက သာမကဖြစ်သည်။ ဤသည်တို့မှာ သမိုင်းဖြစ်ရပ်များ၏ သာမကလည်း ဖြစ်သည်။

၄။ ထို့ကြောင့် ကေလာသဆံတော်ရှင် စေတီတော်၏ အကြောင်းကို "သမိုင်း"ဟု ရေးသား ဖော်ပြလိုက်ရသော်လည်း အမှန်မှာ သမိုင်းတစ်စောင်၏ သဘာဝနှင့်တူအောင် မပြည့်စုံပါ။ မှန်ရာကို ဝန်ခံရပါလျှင် ကေလာသဆံတော်ရှင်သမိုင်းတွင် အတိကျဖြစ်ရပ်များ မပြည့်စုံပါ။ ပစ္စုပ္ပန်ဖြစ်ရပ်များကို အတတ်နိုင်ဆုံး ပြည့်စုံအောင် စုဆောင်းရေးသားရပါသည်။ စာရှုသူများ စိတ်ရှုကူသိုလ်ယူနိုင်ကြစေရန် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါသည်။ နောင်ဖြစ်လာမည့် သမိုင်းသုတေသီများက ကျယ်ပြန့်သော သုတေသနပြုမှု၊ လိုအပ်သော အချက်အလက်

များကို ရှာဖွေစုဆောင်းမှု၊ ပညာရှင်များနှင့် အချိန်ယူ ဆွေးနွေးမှုများ ပြုလုပ်၍ ယခုထက် ပြည့်စုံသော သမိုင်းတစ်စောင်အဖြစ် ရေးသားနိုင်ကြပါစေဟု ဆန္ဒပြု ဖော်ပြအပ်ပါသည်။

မောင်လှ

ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

"ပဥ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ"

# ဆကေသ မဟာဓါတုဝင် ကေလာသ ဆံတော်ရှင် စေတီတော်သမိုင်း

## တည်ရာဌာန ကေလာသ

၁။ ဆကေသ မဟာဓါတုဝင် ကေလာသ ဆံတော်ရှင် **စေတီ** တော်သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ခေါင်စွန်းကျေး ရွာနှင့် ကပ်လျက်ရှိသော တိုက်ကုလားတောင်တန်းရှိသည့် ကေလာသတောင်ထွဋ် (၃)ခုရှိသည့်အနက် ကေလာသ ဆံတော်ရှင် စေတီတော်သည် ပေ (၁၆၅၀) ရှိ အမြင့်ဆုံးတောင် ထွတ်ပေါ်၌ တည်ရှိသည်။ တိုက်ကုလားတောင်တန်းသည် တနင်္သာရီရိုးမတောင်တန်း၏ အနောက်ဘက် (၁၈) **မိုင်ခန့်** အကွာ မြေပြန့်လွင်ပြင်တွင် တည်ရှိသည်။ အလျား (၅)

မိုင်ကျော်၍ အနံ (၃) မိုင်ခန့် ရှိသည်။ အရှေ့ဘက်တွင် ဘီးလင်းမြစ်ဝလွင်ပြင်နှင့် မြောက်ဘက်တွင် စစ်တောင်း မြစ်ဝလွင်ပြင်ရှိပြီး သီးခြားထီးထီး တည်ရှိသည်။ ကေလာသ တောင်ထွဋ်မှ တောင်နှာမောင်းများ သွယ်တန်းနေ၍ (တောင်စကြာ)ဟူ၍လည်းကောင်း၊ (ငွေ တောင်)ဟူ၍လည်း ကောင်း၊ အရှေ့အနောက်တန်းနေ၍ (တောင်ဖီလာ)ဟူ၍ လည်းကောင်း၊ (ကေလာသပေါ်) ဟူ၍လည်းကောင်း၊ တောင်ဘက်မှ မနုချောင်း၊ မြောက်ဘက်မှ ကျိုးပင်ချောင်း၊ အနောက်ဘက်မှ ဝင်းကချောင်းများ အဖျားခံ စီးဆင်း လျက်ရှိသောကြောင့် **"ချောင်းတောင် (သို့မဟုတ်) ချောင်း ဝိုင်းတောင်"** ဟူ၍လည်းကောင်း၊ မွန်ဘာသာဖြင့် **"ဒိုးခ လွန်းတောင်"**ဟူ၍လည်းကောင်း ခေါ်ကြသည်။

၂။ ဗုဒ္ဓဘုရားရှင် သုဝဏ္ဏဘူမိမြေသို့ ဒေသစာရီ ကြွချီ ရောက်ရှိတော်မူစဉ်က ဤကေလာသတောင်ထိပ်ပေါ်တွင် ခြေတော်အစုံ ချရပ်နားခဲ့ခြင်း၊ ပြည့်ရှင်မင်းနှင့်တကွ လူနတ် သတ္တဝါပေါင်း များစွာတို့အား သံသရာမှ လွတ်မြောက်ကြောင်း တရားဓမ္မများ ခုနစ်ရက်တစ်ပတ် ဟောကြားတော်မူသော နေရာဖြစ်ခြင်း၊ တရားနာကြားသူများထဲမှ လောကီချာန် အဘိညာဉ်ရ ရသေ့အကျော်အမော်များသို့ ဆံတော်ရှင်အဓမ္မ ပေးသနားတော် မူသော နေရာဖြစ်ခြင်းတို့ကြောင့် မြင့်မြတ်

သော နေရာမှန် ဖြစ်သည်။ ထိုကေလာသတောင်ထိပ်ပေါ်ရှိ စေတီတော်ကို ရှေးက "ကျိုက်ကေလာသပေါ" ဟူ၍လည်းကောင်း၊ "ကျိုက်သိလပေါ"ဟူ၍လည်းကောင်း ခေါ်ကြသည်။ မျက်မှောက်ကာလတွင် "ကေလာသဆံတော်ရှင်ဘုရား" ဟူ၍ ခေါ်ကြသည်။

၃။ ကေလာသ ဆံတော်ရှင်ဘုရား စေတီတော်သည် ရှေးဟောင်း ဘုရားစေတီတစ်ဆူဖြစ်၍ မြင့်မြတ်ပြီး အဓိကကျသည့် နေရာဌာနတွင် တည်ရှိသည်။ ထို့ကြောင့် ရှေးမွန်/မြန်မာများက "ကေလာသ-ရွှေပါဒ-ဇေယျာခ" ဟု သက်သေပြ ပြောဆိုကြသည်။ ထိုအဓိကကျသော ကေလာသဆံတော်ရှင် ဘုရားစေတီကို မထင်မရှား ကိုးကွယ်သူ နည်းပါးခဲ့ရသည်။ ယင်းဖြစ်ရပ်သည် ဘုရားရှင်၏ ဗျာဒိတ်တော်အရ (၅၀၀၀) သာသနာ ထက်ဝက် မကျော်သေး၍ ဖြစ်သည်၊ ယခုအချိန်အခါသည် (၅၀၀၀) သာသနာ ထက်ဝက်ကျော်ပြီဖြစ်၍လည်းကောင်း၊ သာသနာပြု ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်က တပည့်တကာများနှင့် ကြိုးပမ်းတည်ဆောက်ပြုပြင်မှုကြောင့်လည်းကောင်း သာယာပြီး လူသိများလာ၍ ကိုးကွယ်မည့်သူလည်း များလာသည်။ လမ်းခရီးအနေဖြင့်လည်း ဘုရားဖူးများ မပင်မပန်း စိတ်ချမ်းသာစွာ တက်ရောက် ဖူးမြော်နိုင်ပေပြီ။ မီးရထားဖြင့် တောင်စွန်းဘူတာမှ လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် ရန်ကုန်/မော်လမြိုင်

ကားလမ်း မိုင်တိုင် (၁၁၆. ၅) မိုင်ရှိ သဲဖြူချောင်းလမ်းခွဲမှလည်းကောင်း၊ ဘီးလင်းမြို့အဝင် လမ်းခွဲမှ ဇုတ်သုတ်ကျေးရွာကို ဖြတ်၍ တောင်စွန်းမှတစ်ဆင့် တက်ရောက် ဖူးမြော်နိုင်သည်။

## ထူးခြားသော သဘာဝအခြေအနေမှ ကေလာသ

၄။ ကေလာသဆံတော်ရှင် စေတီတော်သည် ကိုးပါးဂုဏ်မြောက်ပြီး ကိုးမည်ရ ကိုးနဝင်း ခသည်။ ကေလာသဆံတော်ရှင်ဘုရားရင်ပြင်ပေါ်မှ ကြည့်လျှင် စိမ်းလန်းသော တောင်ပြာတန်းများ ဝိုင်းရံလျက်ရှိသည်။ ကေလာသတောင်ပတ်လည်တွင်ကွင်းပြင်ကြီးများ စစ်တောင်းမြစ်ဝှမ်းနှင့် ဘီးလင်းမြစ်ဝတို့ကိုမြင်ရသည်။ ကေလာသတောင်တော်တွင် လျှိုမြောင်၊ စိမ့်စမ်း၊ ကျောက်လှိုဏ်, ကျောက်ဂူ ပေါများ၍ အလွန်တင့်တယ်သာယာသည်။ တောင်ခြေတွင် ကျေးရွာများ ဝိုင်းရံလျက် ရှိကြပြီး တောင်ပေါ်၌ စားသောက်သီးနှံပင် ပေါများသည်။ ထို့ကြောင့် ကျေးငှက်မျိုးစုံတို့ ပေါများသည်၊ ပျော်မြူးကြသည်။ သမင်၊ ဒရယ်၊ ချေငယ်နှင့် မျောက်သတ္တဝါများ ရှိကြပါသည်။ ကေလာသတောင်သည် (ဂါမေ)-ရပ်ရွာဓလေ့ ပျော်မွေ့သူများနေထိုင်ရာ ကျေးရွာများနှင့် မနီးမဝေးတွင် တည်ရှိသည်။ (ပဗ္ဗတေ)-အမြဲတမ်း စိမ်းလန်းစိုပြေ၍ တောရိပ်တောင်ရိပ်

ကောင်းပြီး အေးချမ်းသာယာသည်။ (ဝိဟာရေ)-အကုသိုလ် နယ်မှ လွတ်မြောက်လို၍ တရားဓမ္မဖြင့် မွေ့လျော်သူများ နေထိုင်ကြသည်။ ထို့ကြောင့် ကေလာသဝန်းကျင်မှ မြေကြီးမှာလည်း မြေတကာနှင့်မတူ ဝါဝင်းသော အဆင်းရှိပြီး ရွှေထွက်ရာ မြေဖြစ်၍ ဘုမ္မိမယ်တော် (ဝါ) ဘုမ္မိရာဇာ စောင့်ရှောက်သောကြောင့် ထူးခြား မြင့်မြတ်လှပေသည်။

## သိဒ္ဓိရှင်များ လောကီစခန်းဝင် ကေလာသ တောင်တော်တစ္စင်

၅။ ကေလာသ ဆံတော်ရှင် စေတီတော်တွင် ဆကေသမဟာဓါတုဝင် ဆံတော်ရှင်များထဲမှတစ်ဆူ၊ ဆကေသထူပဝင် ဆံတော်ရှင်များထဲမှတစ်ဆူ ဌာပနာထားသည်။ ကေလာသဆံတော် ရှင်စေတီတော်တည်ထားသော နေရာသည် သုဝဏ္ဏဘူမိဒေသဍ္ဌ ဗုဒ္ဓဘုရားရှင် ခြေတော်အစုံချ ရပ်နားရာ ဌာနဖြစ်ခြင်း၊ အရှင်အနုရုဒ္ဓါမထေရ် အမှူးပြုသော ရဟန္တာအရှင်မြတ် ခြောက်ပါးက ဤကေလာသဆံတော်ရှင် စေတီတော်ကို မဏ္ဍိုင်ပြု၍ ဆံတော်ရှင် သာသနာကို တည်ထွန်းပွင့်လင်းစေခဲ့ခြင်း၊ နှစ်ပေါင်း (၂၀၀)ကျော် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော သာသနာတော်ကို အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်ကြီးတို့ကို အမှူးပြုသော ရဟန္တာအရှင်မြတ်တို့က ဘီလူးရက္ခိုက်များကို

နှိမ်နင်းပြီး ပြန်လည်ဖွင့်ဖော် ပွင့်လင်းစေခဲ့ခြင်း၊ မြေမဟီ ရွှေစေတီတည်ထွန်းရာ မြင့်မြတ်သည့် နေရာဌာနဖြစ်ခြင်း တို့ကြောင့် တောရဆောက်တည်လိုသူများ၊ လောကီချမ်း အဘိညာဉ်ဆိုင်ရာ သိဒ္ဓိ ဣဒ္ဓိအလိုရှိသူများ ဤဆံတော်ရှင်နှင့် ဤတောင်သို့ ရောက်ကြသည်။

၆။ စစ်ကိုင်းမင်းဝံတောင်သည် "**အထက်ကိုးနဝင်း တောင်ဖိလာ**"ဟု လောကီအကျင့်စခန်းတွင် အသိအမှတ်ပြုကြသည်။ သုဝဏ္ဏဘူမိဒေသရှိ ကေလာသတောင်ကို "**အရှေ့ကိုးနဝင်း တောင်ဖိလာ**"ဟု အသိအမှတ်ပြုကြသည်။ ထို့ကြောင့် "ကိုးနဝင်း တည်ရာဌာန ကေလာသ"ဟု အဆိုရှိသည်။ ထို့ပြင် ဘားကိုး ဘားဝင် ဘားမဲ့ပုဂ္ဂိုလ်အရှင်သူမြတ်သည်လည်း ထွက်ရပ် အတွက် ဤကေလာသတောင်တွင် အကျင့်စခန်းဝင်ခဲ့ကြောင်း ဘားမဲ့ဂူက သက်သေပြလျက်ရှိသည်။ မနုဖြူကျောင်းချောင်း ဆရာတော် သီရိဘဒ္ဒန္တဉာဏဝံသမထေရ်မြတ်သည်လည်း အတိတ်ပဋ္ဌာန်းဆက်ကြောင့် အိမ်မက်တော်အရ ဤကေလာသ တောင်နှင့် ကေလာသ ဆံတော်ရှင်ဘုရားသို့ ရောက်ရှိခဲ့သည်။ ဆရာတော်အရှင်သူမြတ် ရောက်ရှိစဉ်ကာလ မြန်မာ (၁၂၈၈) ခု၊ သာသနာ (၂၄၇၀)ခုနှစ်လောက်က ဖြစ်၍ ဤကေလာသ ဒေသနေရာ သာသနာတော် မပွင့်မလင်း၊ ဆံတော်ရှင် စေတီ အပေါင်းတို့ ရွှေရောင်မဝင်း၊ ရွှေထီးနှင့် ကင်းနေခဲ့သည်။

ပတ်ဝန်းကျင်ရှိ လူများ၏စရိုက်မှာလည်း ကြမ်းတမ်းလျက် တရားမသိ၊ ဘုရား မရှိဟု ပြောစမှတ် ပြုရလောက်အောင် ဒုစရိုက်မှုတို့တွင် ပျော်မွေ့နေကြချိန်ဖြစ်သည်။ ဆရာတော် အရှင်သူမြတ်သည် သာသနာ (၂၅၀၀)ကျော်လျှင် ဗုဒ္ဓဘုရား ရှင်၏ ဆံတော်ရှင်စေတီများ ပွင့်လင်းပြီး၍ လူတို့၏ ပူဇော် သက္ကာရကို ခံရလိမ့်မည်။ သာသနာတော် (၂၅၀၀) သက်တမ်း အတွင်း၌ လူမသိ ကိုးကွယ် မည့်သူ မရှိ၊ ညှိုးနွမ်းခမ်းခြောက် နေလိမ့်မည်ဟု ဘုရားရှင်၏ ဗျာဒိတ်တော် (အစ္ဆရိယဂါထာ) ကျောက်စာကို ကေလာသရင်ပြင်၌ ကမ္ပည်းတင်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ လူမသိ၊ ကိုးကွယ်သူ မရှိ၊ ငုပ်တိမ်နေခဲ့သည်။ ယခုအခါ၌ သာသနာ (၂၅၀၀) ကျော်ပြီဖြစ်၍ ဆံတော်ရှင်စေတီ အဆူဆူတို့သည် ကျိုက်ထီး ဆောင်းဆရာတော် အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ပြန်လည်ပေါ်ထွန်း ပွင့်လင်းလာခဲ့ပေပြီ။

၇။ ကေလာသဆံတော်ရှင်စေတီတော်၏ အရိပ်တွင် ခိုလှုံပြီး ရဟန္တာအရှင် ဦးသီလပုဂ္ဂိုလ်မြတ်သည်လည်းကောင်း၊ တောင် ပိုင်ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏသည်လည်းကောင်း၊ ခနဲဖြူညောင် ချောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသသည်လည်းကောင်း၊ ဂန္ထ ဓုရ၊ ဝိပဿနာဓုရတို့ကို ပွားများအားထုတ်ခဲ့ကြသည်။ နယ် မဟီ လယ်တီဆရာတော်သည်လည်းကောင်း၊ သာသနာပြု

ပုဂ္ဂိုလ်ကျော် ရသေ့ကြီး ဦးခန္တီသည်လည်းကောင်း၊ ကေလာသ ဆံတော် ရှင်စေတီတော်သို့ ကြွရောက် ဖူးမြော်ခဲ့ကြသည်။ သို့သော် မနုဖြူညောင်ချောင်း ဆရာတော်သည်လည်းကောင်း၊ ခေတ်ပြိုင်ကျော်စောခဲ့သော လယ်တီဆရာတော်သည်လည်း ကောင်း၊ မန္တလေးရသေ့ကြီး ဦးခန္တီသည်လည်းကောင်း၊ (၂၅၀၀) သာသနာ မကျော်သေး၍ ကေလာသဆံတော်ရှင် စေတီ တော်အား ပြုပြင်ခွင့် မကြုံသွားကြပေ။ ကျိုက်ထီးဆောင်း ဆရာတော် အရှင်သူမြတ်သည်လည်း ဤကေလာသတောင်ရှိ ဂူချောင်၊ လှိုင်ခေါင်းတို့တွင် လူမသိ-သူမသိ စခန်းဝင် ကျင့်ကြံ အားထုတ်ခဲ့ပေသည်။

## တစ်ကျော့ပြန် ရှင်သန်လာသော ကေလာသတောင်တော်

၈။ ကေလာသတောင်တန်းတစ်လျှောက်တွင် ဆံတော်ရှင် စေတီများ တစ်ကျော့ပြန် ရှင်သန်လာခဲ့သည်။ အထူးအဖြင့် ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်သည် မြန်မာသက္ကရာဇ် (၁၃၃၃) ခုနှစ်မှစ၍ ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီကို ထီးခရိုင်မဏ္ဍိုင်ပြု၍ တိမ်မြုပ်ပျောက်ကွယ်နေသည့် ဆံတော် ရှင်စေတီများကို ဖွင့်ဖော်ပြုပြင်လာခဲ့သည်။ ရှေးဦး ကေလာသ တောင်တန်းရှိ ကျိုက်ဒေးယျံ ဆံတော်ရှင်စေတီကို မြန်မာ သက္ကရာဇ် (၁၃၃၇) ခုနှစ်တွင် စိန်ဖူး၊ ငှက်မြတ်နား၊ ထီးတော်များ

တင်လှူခဲ့သည်။ ကုန်းတော်ရင်ပြင်ကိုလည်း အာရုံခံတန်ဆောင်း၊ ကျောင်းတော် အဆောက်အဦးတို့ဖြင့် တင့်တယ်စေခဲ့သည်။ မတ်စောက်သော ကျောက်တောင်ကြီးပေါ်သို့ ခဲရာခဲဆစ် နတ်ဘုံနတ်နန်းပမာ တည်ဆောက်နိုင်ခြင်းကို ရောက်ဖူးသူတိုင်း အံ့မခန်း ဖြစ်ရပေသည်။ ကျိုက်ဒေးယျ **ဆံတော်ရှင်စေတီ** တောင်ဘက်ရှိ ပျက်စီးယိုယွင်းနေသည့် **ဆကေသထူပဝင်** အရှင်ဉာဏပဏ္ဍိတ ရဟန္တာနှင့် **"ဝရုဏာ"** နဂါးမင်းတို့ တည်ခဲ့သည့် **"ဝရုဏာနာဂရာဇာထူပ"** စေတီတော်ကိုလည်း ကြည်ညိုဖွယ် ပြန်လည်ဖွင့်ဖော် တည်ဆောက်ခဲ့ကြသည်။ အများက **"နှစ်ထပ်ဘုရား"** ဟု အသိအမှတ်ပြု ခေါ်ကြသည်။

၉။ သာသနာပြု **ကျိုက်ထီး**ဆောင် ဆရာတော်အရှင်မြတ်သည် ကေလာသဆံတော်ရှင် စေတီတော်နှင့် ကေလာသတောင်တော် သာသနာတော်ကို ပြုစုစောင့်ရှောက် ထိန်းသိမ်းရန် မြန်မာ သက္ကရာဇ် (၁၃၄၅) ခုနှစ်၊ တော်သလင်းလဆန်း (၁၂ ) ရက်၊ (၁၈-၉-၈၃) နေ့ လွှဲအပ်ခံရသည်။ ပြင်းပြသော လုံ့လဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် တောင်တော်ကြီး တစ်ခုလုံး ပွင့်လင်းသာယာခဲ့သည်။ ကေလာသဆံတော်ရှင် စေတီတော်အား ကြည်ညိုဖွယ် ဖူးမြင်နိုင်စေရန် ရှေးဦးစွာ လျှပ်စစ်မီးများ ထွန်းညှိပူဇော်ပြီး စတင်၍ ဖွင့်ဖော်ခဲ့သည်။ ကုန်းတော်ပေါ်ရှိ ကျောင်းအို၊ ဇရပ်အိုများကို ပြုပြင်ခြင်း၊

ကေလာသနှင့် ကျိုက်ဒေးယျို တောင်နှာမောင်းတစ်လျှောက်ရှိ ပျက်စီးယိုယွင်းနေသည့် သမိုင်းဝင် စေတီတော်များဖြစ်ကြသော စည်တော်ကုန်းစေတီ၊ ဖောင်တော်ဦးစေတီ၊ ရွှေစည်းခုံစေတီ၊ ကညင်တောင်စေတီ ဆုတောင်းပြည့် အသစ်တဖန် ကြည်ညို ဖွယ်ဖြစ်အောင် ပြုပြင် မွမ်းမံခဲ့သည်။

ထို့ပြင် ကေလာသစေတီတော်၊ မြသပိတ်ဆံတော်ရှင် စေတီ၊ မြဘုန်းဘုန်းရှိန်မြသလွန်၊ မြပလ္လင်စေတီတော်များကို ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်တည်ဆောက်ခြင်း၊ လျှပ်စစ်မီး ဆက်သွယ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့သည်။ တောင်ကြောတစ် လျှောက် လမ်းဖောက်လုပ်ခြင်း၊ ယခင် လှည်းလမ်းအနေရှိ ခဲ့သည့် တောင်စွန်းတောင်ကြီး ရွာလမ်းကို ကားလမ်းကျယ် ဖြစ်အောင် ဖောက်လုပ်ခြင်း၊ ကေလာသမြသပိတ်၊ ကျိုက် ဒေးယျိုစေတီတော်ရင်ပြင်အထိ မော်တော်ယာဉ်ဖြင့် တက်ရောက် ဖူးမြော်နိုင်အောင် ဖေါက်လုပ်ခဲ့သည်။

၁၀။ မြန်မာသက္ကရာဇ် (၁၃၄၆) ခုနှစ်၊ နှစ်ဆန်း (၁) ရက် (၁၆-၄-၈၄) နေ့တွင် ကေလာသဆံတော်ရှင် စေတီတော်ကို ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ ရှေးဦးစွာ တင် လှူခဲ့ကြသည်။ အနီးကပ် ထိန်းသိမ်းစောင့်ရှောက် ပြုပြင်မွမ်းမံ ခြင်း ပြုလုပ်ခဲ့သည်။ ယခင်နှစ် (၃၀) ကျော်က ချိုးနွယ်တောဖုံး

ပျက်စီးယိုယွင်းလျက်ရှိသည့် ဇရပ်၊ တန်ဆောင်းနေရာများတွင် လွန်စွာခန့်ငြားသော ကိုးနဝင်း အာရုံခံတန်ဆောင်းနှင့် ထေရ်ရဝင် အာရုံခံတန်ဆောင်းကြီး နှစ်ဆောင်ကိုလည်း အသစ် တည်ဆောက်ခဲ့သည်။ အဆိုပါ ဝတ်တန်ဆောင်းများတွင် ဗုဒ္ဓမြတ်စွာ သုဝဏ္ဏဘူမိသို့ ကြွရောက် ဆံတော်ဝေငှပုံမှာ လက်ရာမြောက်လှသည့် ဂဝံဆင်းတုရုပ်ပွားများဖြင့် ဖွင့်ဖော် ပြုပြင်ထားသည်။ ကေလာသတောင်တန်းပေါ်ရှိ ဘုရားစေတီများ၏ နောက်ခံပန်းချီကားကြီးမှာလည်း လက်ရာမြောက်သောကြောင့် ကြည်ညိုဖွယ်ရှိလှပေသည်။ ကေလာသတောင်ပေါ်သို့ တက်သော မုခ်ဦး၊ မုခ်ဝတို့ကို ပြုလုပ်ခဲ့သည်။

## ဘုရားဖူး ကုသိုလ်ရှာရမည့်ဌာန သုဝဏ္ဏဘူမိဒေသ

၁၁။ သုဝဏ္ဏဘူမိနယ်မြေအတွင်း မော်တော်ယာဉ်ဖြင့် နယ်လှည့်ဘုရားဖူး ကုသိုလ်ရှာလိုသူများအတွက် ရှေးဟောင်း ဆံတော်ရှင် ဘုရားစေတီများ ဖူးတွေ့ရမည်။ စစ်တောင်းနှင့် သံလွင်မြစ် နှစ်သွယ်ကြားရှိ သုဝဏ္ဏဘူမိနယ်မြေတွင် ဗုဒ္ဓဘုရား၏ ဆကေသမဟာဓါတုဝင် ဆံတော်ရှင်ဘုရားစေတီများ၊ ဆကေသဂန္ထပဝင် ဆံတော်ရှင်ဘုရားစေတီများ၊ ဆကေသထူပဝင် ဆံတော်ရှင်ဘုရားစေတီများနှင့် သွားတော်ဓါတ်များလည်း ရှိသည်။ ဆံတော်ရှင်ဘုရားစေတီများတွင် ကျိုက်ထီးရိုး ကေလာသ၊

ကုသိနာရုံ၊ မဲလန်၊ ဇင်းကျိုက်၊ ကျိုက်ထီးဆောင်းဘုရားစေတီ တို့မှာ ဆံကေသမဟာဓါတုဝင် ဆံတော်ရှင်များဖြစ်သည်။ ကျိုက်ဒေးယျံ ကျိုက်တဲဘုရားစေတီတို့မှာ ဆံကေသမဟာဂန္ထဝင် ဆံတော်ရှင်များထဲမှ ဖြစ်သည်။ သက္ကထူပ (ဝါ) သက္ကဥဿျှောင် မြဘုန်းခေါင် (ဝါ) သိကြားဘုရားစေတီ၊ မဏိမေခလာထူပ ဘုရားစေတီ၊ ပဋ္ဌနူထူပ (ဝါ) ကေလာသဘုရားစေတီ၊ အဒ္ဓိက နာဝိကထူပ (ဝါ) မြသပိတ်ဘုရားစေတီ၊ ဝရုဏာနာဂရာဇာထူပ **(ဝါ)** နှစ်ထပ်ဘုရားစေတီ၊ ဒမိဋ္ဌထူပ (ဝါ) သတ္တနာဝိကထူပ (ဝါ) ဇုက္ကလိမြသိန်းတန်ဘုရားစေတီတို့မှာ ထူပဝင် ဆံတော်ရှင်များ ဖြစ်သည်။ ဆံတော်ရှင်ဘုရားစေတီ တစ်ချို့တွင် ဗုဒ္ဓဘုရားရှင်၏ သွားတော်ဓါတ်များလည်း ဌာပနာထားသည်။

၁၂။ စစ်တောင်းနှင့် သံလွင်မြစ်နှစ်သွယ်ကြားရှိ ဆံတော်ရှင် ဘုရားစေတီများတွင် ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားစေတီသည် ကျိုက်ထိုမြို့နယ်အတွင်း တည်ရှိပြီး ဇင်းကျိုက်ဆံတော်ရှင်ဘုရား သည် ပေါင်မြို့နယ်တွင် တည်ရှိသည်။ ကျန်ဆံတော်ရှင်ဘုရား စေတီများလည်း ဘီးလင်းမြို့နယ်အတွင်း တည်ရှိသည်။ လမ်း ခရီးကို သင့်အောင်စီစဉ်ပြီး မော်တော်ယာဉ်ဖြင့် လှည့်လည် ဖူးမြော်မည်ဆိုပါက အချိန်တိုအတွင်း ဖူးမြော်နိုင်သည်။ ဘုရား ရှင်၏ ဆံတော်ရှင် အမွေရရှိသော ရသေ့အကျော်အမော် များမှာ ၎င်းတို့နေထိုင်ရာ မြင့်မားသော တောင်များပေါ်၌

တည်ထားကိုးကွယ်ခဲ့ကြသည်။ ထို့ကြောင့် ဆံတော်ရှင်ဘုရားစေတီများစွာတို့မှာ သစ်ကြီး၊ ဝါးကြီး၊ ဂနိုင်စိမ့်စမ်းရေတံခွန်တို့ဖြင့် သာယာအေးချမ်းသည်။ စိတ်ဝင်စားဖွယ်ကောင်းပြီး အသွင်ဆန်း အမြင်ဆန်းရှိသော နေရာများဖြစ်သည်။ သဘာဝအရ အချက်အခြာကျပြီး အရှေ့ နေထွက်သံလွင်မြစ်၊ အနောက်နေဝင် စစ်တောင်းမြစ်တို့ ကာဆီးထားသည်။ ကေလာသတောင်သည် ဥတုသုံးလီညီမျှသည်။ တောင်ပေါ်မှကြည့်လျှင် ရာသီကိုလိုက်၍ "**သုံးရောင်ချယ်သည်**" ဟု ရှေးက အဆိုရှိသည်။ ထို့ကြောင့် ရှေးမွန်/ မြန်မာများက ဂုဏ်ယူဖွယ်စကား ဆိုခဲ့ကြသည်မှာ-"**မြေတကာနှင့်မတူခြားဘဲ ရွှေလိုလှသောမြေ**" ဟူ၍ဖြစ်သည်။ အထူးသဖြင့် ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားမှာ ခေတ်အဆက်ဆက် ထင်ပေါ်၍ လူသိများသည်။ ကျန်ဆံတော်ရှင်ဘုရားစေတီများမှာ ဘုရားရှင်၏ဗျာဒိတ်တော်နှင့်အညီ သာသနာ (၂၅၀၀) ကျော်မှ ကျိုက်ထီးဆောင်း ဆရာတော်အရှင်မြတ်က ကျိုက်ထီးဆောင်း ဆံတော်ရှင်ဘုရားစေတီကို ထီးခရိုင်မဏ္ဍိုင်ပြု၍ တည်ဆောက်ပြုပြင် ဖွင့်ဖော်မှုများကြောင့် အေးချမ်းသာယာပြီး မော်တော်ယာဉ်များဖြင့် အလွယ်တကူပင် ဖူးမြော်နိုင်ပါသည်။

## ရာမညဒီပ (သမိုင်းနောက်ခံ)

၁၃။ ရာမညဒေသသည် တောတောင်ရေမြေ သဘာဝအလှတို့ဖြင့် သာယာလှပသော နေရာဌာနဖြစ်သည်။ **ရမဏီယ**-(ပါဠိ)မှ ရာမညဖြစ်လာပြီး "**မွေ့လျော်ဖွယ်ရာ**"ဟု အဓိပ္ပါယ်ဆောင်သည်။ ပုဂံခေတ်ထိုး မွန်ကျောက်စာများတွင် မွန်လူမျိုးတို့ကို "**ရှည်**"ဟု တွေ့ရပြီး ဟံသာဝတီခေတ်ထိုး မွန်ကျောက်စာနှ့် ကြေးပြားစာတို့တွင် (RMAN) (**ရှန်**) ဟု တွေ့ရသည်။ ထိုင်းနိုင်ငံတွင် (ရမန်) ရာမညဒေသတွင် "မန်"ဟု ယခုတိုင် ခေါ်ဝေါ်လျက် ရှိသည်။ (ရ)သည် သဿကရိုက်ဘာသာ (ROSTER ) ဖြစ်၍ ယ-မှ ရာ-ဖြစ်လာပြီး အဓိပ္ပါယ်ကား- "**တိုင်းပြည်**"ဟု ဆိုရသည်။ မညမှ **မန်** ဖြစ်လာပြီး မန်မှ မွန် ဟူ၍ အဆင့်ဆင့် ရွေ့လာကြောင်း၊ ထို့ကြောင့် ရာမညသည် "**မွေ့လျော်ဖွယ်ရာ မွန်တို့ဌာနေ မွန်တိုင်းပြည်**"ဟု ပညာရှင်များက ဖွင့်ဆိုခဲ့ကြသည်။

၁၄။ မြန်မာ့သမိုင်းခေတ်ဦးတွင် မွန်တို့ဒေသ ရာမညကို ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ မြန်မာနိုင်ငံအောက်ပိုင်းကို ပေါင်းရုံးခေါ်ဆိုခဲ့ကြသည်။ ရာမညဒေသကို မုတ္တမမဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ ကုသိမ (ပုသိမ်) မဏ္ဍလ ဟူ၍ မဏ္ဍလ (ဝါ) နာဂရ ဟူ၍ ပြဆိုခဲ့ကြသည်။ **မုတ္တမမဏ္ဍလ**-မုတ္တမအဝိုင်းတွင် သုံးဆယ်သုံးမြို့၊ **ဟံသာဝတီ**

**မဏ္ဍလ**-ဟံသာဝတီအဝိုင်းတွင် သုံးဆယ်သုံးမြို့၊ **ကုသိမဏ္ဍလ**-ပုသိမ်အဝိုင်းတွင်း သုံးဆယ်သုံးမြို့၊ ဤသို့ အဝိုင်း ကိုးဆယ်ကိုးမြို့တို့ဖြင့် တန်ဆာဆင်အပ်သော ရာမညဒေသဟု ဘိုးတော်ဘုရားစစ်တမ်းနှင့် သာသနာ့လင်္ကာရစစ်တမ်းတို့တွင် အထင်အရှား ပြဆိုခဲ့ကြပေသည်။

## သုဝဏ္ဏဘူမိ

၁၅။ သုဝဏ္ဏဘူမိကို "ဝါဝင်းသော အဆင်းရှိသည့် ရွှေထွက်ရာမြေ"ဟု ဖွင့်ဆိုခဲ့ကြသည်။ ဤသုဝဏ္ဏဘူမိမြေသို့ ရှေးရှေးကပွင့်တော်မူခဲ့သော အနေဘမဒဿီ မြတ်စွာဘုရား ကြွရောက်တော်မူခဲ့သည်။ နောင်**အခါ ဤ**ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်တော်မူလိမ့်မည်။ ထိုဘုရား**ရှင်များ** ဤအရပ်သို့ ရောက်ရှိကြလိမ့်မည်။ ဆံတော်၊ မာတ်**တော်၊** မွေတော်များ ကိန်းဝပ်စံပျော်အောင် ဆောင်ရွက်တော်မူကြလိမ့်မည်။ ထိုအခါ သာသနာတော်ကြီး ပွင့်လင်းစည်ပင်လျက် သုဝဏ္ဏဘူမိတိုင်းအဖြစ် ထင်ရှားကျော်ကြားလိမ့်မည်ဟု ဗျာဒိတ်စကားဆိုခဲ့သည်။ ထိုဗျာဒိတ်စကားတော်ကြောင့် ရှေးကပွင့်တော်မူခဲ့ပြီး ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရားရှင်များလည်း ဤအရပ်သို့ ရောက်ရှိခဲ့ကြပြီး ဆံတော်၊ မာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပျော်အောင် ဆောင်ရွက်ခဲ့ကြပေလိမ့်မည်။ ထိုကြောင့် ရဟန္တာ

အရှင်ဂဝမ္ပတိမထေရ်မြတ်က ဗုဒ္ဓဘုရားရှင်အား သုဝဏ္ဏဘူမိမြေသို့ ကြွရောက်တော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်သည့်အခါ ဗုဒ္ဓဘုရားရှင်က ဉာဏစက္ခုဉာဏ်ဖြင့် ပု၊ ဒိ-အာ-ဂုဏ်ကို ဆောင်၍ ဆင်ခြင်တော်မူသည်။ ထိုအခါ သုဝဏ္ဏဘူမိအရပ်သည် ရှေးကပွင့်တော်မူခဲ့ပြီး နောင်တော်ဘုရားများ ကြွရောက်ခဲ့ကြသည်။ ဆံတော်၊ ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်စံပျော်အောင် ဆောင်ရွက် သာသနာပြုခဲ့ကြသည်။ ထို့ပြင် ဤအရပ်ရှိ ကျွတ်တမ်းမဝင်ကြသေးသည့် ဆွေတော်မျိုးတော်များအားလည်းကောင်း၊ ဘုရားရှင်ကို မဖူးတွေ့လိုက်ရ၍ တရားမရကြသေးသူအတွက်လည်းကောင်း၊ မဟာကရုဏာတော်ဖြင့် ဆံတော်၊ ဓာတ်တော်များ ကိန်းဝပ်စံပျော်အောင် ဆောင်ရွက် သာသနာပြုသင့်ကြောင်း မြင်တော်မူသည်။ ဤအရပ်တွင်လည်း သာသနာတော် အရှည်တည်တံ့ ပွင့်လင်းတော်မူမည်ကို မြင်တော်မူ၍ ကြွရောက်ခြေတော်ချ သာသနာပြုခဲ့ခြင်း ဖြစ်သည်။

၁၆။ ထိုကြောင့် ဗုဒ္ဓဘုရားရှင်မပွင့်မှီကပင် သုဝဏ္ဏဘူမိသည် အထင်အရှားရှိခဲ့ပြီး ဖြစ်သည်။ မြန်မာ့သမိုင်း ခေတ်ဦးကာလ၌လည်း သုဝဏ္ဏဘူမိကို ရာမည အလျှင်တွေ့ရသည်။ ဆီးရီးယားသမိုင်းတွင် (OPHER) (အိုဖာ) ဟု တွေ့ရပြီး လက်တင်အမေရိက ကျမ်းဂန်စာပေများတွင် (CHRYSE) (ခရိုင်ဆီ-ခရီးချေး) ဟု ဖော်

ပြထားကြောင်း တွေ့ရသည်။ သီဟိုဠ်(သီရိလင်္ကာ)နှင့် အိန္ဒိယ စာပေကျမ်းဂန်များတွင် "**သုဝဏ္ဏဘူမိ**"ဟု ရေးသားဖော်ပြခဲ့သည်။ မဟာဓမ္မရာဇာသကြ်န်၏ သာသနာ့လင်္ကာရစာတမ်း၌ "**လက်နက်နိုင်ငံ သုဝဏ္ဏဘူမိတိုင်း**" ဟု ဖော်ပြထားပါသည်။ ထိုစဉ်က သုဝဏ္ဏဘူမိတိုင်း ဒဂုံဒလ၊ မုတ္တမတို့တည်ရာ မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝကျွန်းပေါ်တို့ အကြားဒေသကို လွှမ်းခြုံ ခေါ်ဆိုခြင်းဖြစ်သည်။ မျက်မှောက်ကာလ သုဝဏ္ဏဘူမိကား မွန်ပြည်နယ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်အကြား၊ မုတ္တမနှင့် မုပ္ပလင်အကြား၊ မုတ္တမမြသိန်းတန်နှင့် မြသပိတ်အကြား သထုံခရိုင်၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်များ ဖြစ်သည်။ ထို့ကြောင့် သုဝဏ္ဏဘူမိဒေသကို "**မုတ်နှစ်မုတ်ကြား၊ မြစ်နှစ်မြစ်ကြား၊ မြနှစ်မြကြား**"ဟု ရှေးသူဟောင်းတို့က ဆိုကြသည်။

## သာသနာ့အစ သုဝဏ္ဏဘူမိက

၁၇။ ရှေးက မြန်မာနိုင်ငံတောင်ပိုင်း ဧရာဝတီ၊ စစ်တောင်း၊ သံလွင်မြစ်ဝ ကျွန်းပေါ်ဒေသကို သုဝဏ္ဏဘူမိတိုင်းဟု ပေါင်းရုံး ခေါ်ဆိုခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသာသနာဝင်ကို ကြည့်လျှင် ဂေါတမမြတ်စွာဘုရားအဖြစ်ကို ရတော်မူပြီး

သတ္တသတ္တာဟမှ လွန်မြောက်သောနေ့ လင်းလွန်းပင်ရင်း၌ စံနေတော်မူသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံတောင်ပိုင်း အဘိကဥ္စနမြို့နေ သုဝဏ္ဏာသူဌေးကြီး၏သား တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့အား ရုက္ခစိုးနတ် လမ်းညွှန်မှုကြောင့် ဘုရားရှင်အား ကြွက်ကျစ်မုန့်နှင့် ပျားဆုတ်မုန့်များ ကပ်လှူ ဖူးမြော်ကြသည်။ တဖုဿနှင့်ဘလ္လိက ညီနောင်တို့သည် ထိုအချိန်မှစ၍ ဘုရားရတနာ၊ တရားရတနာ တည်းဟူသော ရတနာနှစ်ပါးကို ကိုးကွယ် ခွင့်ရပြီး ဥပါသကာ ဖြစ်ကြသည်။ ဘုရားရှင်က စက္ခုဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူရာ တဖုဿနှင့်ဘလ္လိကညီနောင် နေထိုင်ရာ သုဝဏ္ဏာဘူမိတိုင်း ဥက္ကလာ ဇနပုဒ် အဘိကဥ္စန (ဝါ) ပေါက္ခရဝတီမြို့ဝန်းကျင်ရှိ ကကုသန်ဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရားရှင်၏ မမွကရိုဏ်း၊ ရေစစ်တော်၊ ကဿပဘုရားရှင်၏ ရေသနုတ်တော်တို့ကို ဌာပနာထားရာ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ဆံတော်ကို ဌာပနာခြင်းဖြင့် သာသနာတော် အရှည်တည်မည်။ လူနတ်တို့၏အကျိုးကို ဆောင်မည်ဟု မြင်တော်မူသည်။ ထို့ကြောင့် တဖုဿနှင့် ဘလ္လိကညီနောင်တို့အား ဆံတော် (ရှစ်)ဆူ ပေးသနားတော်မူသည်။ ထိုဆံတော် (ရှစ်)ဆူသည် သုဝဏ္ဏာဘူမိတိုင်းသို့ ရှေးဦး ပထမရောက်ရှိ၍ ရွှေတိဂုံစေတီတော်တွင် ဌာပနာကိုးကွယ်ကြသည်။

၁၈။ မဟာသက္ကရာဇ် (၁၀၉) ခုနှစ်တွင် ဒုံဂိုင်းတူမြို့သား စူဠသာလနှင့် မဟာသာလ ကုန်သည်ညီနောင်တို့က ဘုရားရှင်အား ဖူးတွေ့ရသည်။ ဘုရားရှင်က ကုန်သည်ညီနောင်တို့ နေထိုင်ရာအရပ်တွင် သာသနာတော်အရှည်တည်မည်ကို မြင်တော်မူ၍ ဆံတော်နှစ်ဆူတို့ကို ပေးသနားတော်မူသည်။ ထိုနှစ်ဆူအား ဟံသာဝတီ (ပဲခူး)မြို့ရှိ ရွှေမော်ဓော်ဘုရားစေတီတော်တွင် ဌာပနာထား ကိုးကွယ်ခဲ့ကြသည်။ မဟာသက္ကရာဇ် (၁၁၁) ခုနှစ်တွင် ဘုရားရှင်ကိုယ်တော်တိုင် အရှင်ဂဝမ္ပတိမထေရ်မြတ်၏ ပင့်လျှောက်ချက်အရ နောက်ပါ ရဟန္တာများနှင့်အတူ သုဝဏ္ဏဘူမိဒေသရှိ ကေလာသတောင်တော်မြတ်သို့ ကြွရောက်ခြေတော်ချပြီး သာသနာတော်ကို အစပြုခဲ့သည်။ ကေလာသတောင်တော်တွင် ခုနစ်ရက်တစ်ပတ်စံမြန်းတော်မူပြီး သံသရာမှ လွတ်မြောက်ကြောင်း တရားများဟောကြားတော်မူသည်။ ပြည့်ရှင်မင်းနှင့်တကွ ပြည်သူပြည်သားများပါ တရားနာကြသည်။ တရားနာကြားသူများထဲတွင် ဗျာန်အဘိညာဉ်ရ ရသေ့အကျော်အမော်များလည်း ပါသည်။ ရသေ့ကျော်များ၏ ပူဇနီယဝတ္ထု တောင်းခံမှုကြောင့် ဘုရားရှင်က ဆံတော်အမွှေကို ပေးသနားတော်မူသည်။ နောက်ဆုံးမှ ရောက်ရှိလာသော နတ်ဘီလူးညီနောင်ကိုလည်း ဆံတော်တစ်ဆူ ပေးသနားတော်မူသည်။

၁၉။ အရှင်အနုရုဒ္ဓါမထေရ် အမျိုးပြုသော ရဟန္တာအရှင်မြတ် ခြောက်ပါးတို့သည် ဘုရားရှင်ထံပါး ချဉ်းကပ်၍ အရှေ့ဘက် တစ်လွှား ပင်လယ်ရပ်ခြားဒေသ၌ သာသနာပြု သွားရောက်ခွင့် ပေးရန် လျှောက်ထားကြသည်။ ဘုရားရှင်က ခွင့်ပြုတော်မူပြီး ရဟန္တာအရှင်မြတ်တို့အား ဆံတော်တစ်ဆူကျစီ ခြောက်ဆူ ပေးသနားတော်မူသည်။ အဆိုပါ ရဟန္တာအရှင်မြတ် ခြောက်ပါး တို့သည် သုဝဏ္ဏဘူမိဒေသရှိ ကေလာသတောင်တော်သို့ ရောက်ရှိခဲ့ကြသည်။ ကေလာသဆံတော်ရှင် စေတီတော်ကို ထီးခရိုင်မဏ္ဍိုင်ပြု၍ စွမ်းစွမ်းတမံ သာသနာပြုခဲ့ကြသည်။ သာသနာပြုရင်း ၄င်းတို့ပင့်ဆောင်လာသော ဆံတော်များကို ပဋ္ဌာန်းဆက်ရှိသော ဒါယကာများရှာပြီး ဘုရားစေတီများ တည်၍ ဌာပနာသွင်း ကိုးကွယ်ခဲ့ကြသည်။ ထိုဆံတော်များမှာ ထူပဝင် ဆံတော်များဖြစ်၍ သုဝဏ္ဏဘူမိ ဒေသအတွင်း၌ တည်ရှိသည်။ ထို့ပြင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသော အခါ ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ရဟန္တာအရှင်ဂဝမ္ပတိ မထေရ်မြတ်က သွားတော်ဓါတ်တစ်ဆူကို (၃၃) ဆူပွား၍ သုဝဏ္ဏဘူမိ သုဓမ္မဝတီသို့ ပင့်ဆောင်လျက် ပြည့်ရှင်မင်းထံ ပေးအပ်လေသည်။ ဤသို့ဖြင့် ဗုဒ္ဓဘုရားရှင်၏သာသနာတော်ကို ထွန်းလင်းစေခဲ့သည်။

၂၀။ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ အမှူးပြုသော ရဟန္တာအရှင်မြတ် ငါးပါးတို့သည် သာသနာ (၂၃၆) ခုနှစ်တွင် သုဝဏ္ဏဘူမိဒေသသို့ သာသနာပြုရောက်ရှိခဲ့ကြသည်။ ရဟန္တာအရှင်မြတ်များ သုဝဏ္ဏဘူမိ သုဓမ္မဝတီပြည့်ရှင် သီရိမာသောကမင်း (အငယ်)၏ ကူညီထောက်ပံ့မှုဖြင့် ကေလာသဆံတော်ရှင် စေတီတော်ကို မဏ္ဍိုင်ပြု၍ စွမ်းစွမ်းတမံ သာသနာပြုခဲ့ကြသည်။ ပရိယတ္တိလမ်းညွှန်မရှိ၍ တိမ်ငုပ်ပျောက်ကွယ်လုဖြစ်နေသော ဆံတော်များ၊ သွားတော်ဓါတ်များကို ပြန်လည်ဖော်ထုတ်ပေးသည်။ ပရိယတ္တိသာသနာတော်ကိုလည်း စတင်သင်ကြားပို့ချခဲ့သည်။ ထေရ်ရသမိုင်းဝင် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကြီးသည် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံမှ ပိဋကတ်သုံးပုံ၏ အဋ္ဌကထာ၊ ဋီကာအဖွင့်ကျမ်းများကိုလည်း ရေးသားခဲ့သည်။ အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် ဗုဒ္ဓဘုရားရှင်၏ တရားတော်များကို သိခွင့်ရကြသည်။ သိခွင့်ရကြ၍လည်း မျက်မှောက်ကာလတွင် ဘုရားရှင်၏ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတည်းဟူသော သာသနာတော် သုံးရပ်တည်တံ့ပြန့်ပွားလျက် ရှိသည်။ ထို့ကြောင့် ရှေးမွန်/ မြန်မာများက "**သာသနာအစ သုဝဏ္ဏဘူမိက**"ဟု ဆိုကြသည်။

## သုဝဏ္ဏဘူမိအစ ကေလာသတော်ကြော

၂၁။ သုမမ္မဝတီမြို့နန်းစံဇောတိပလမင်း နတ်ရွာစံသောအခါ သားတော် သီရိမာသောကမင်းသားက ထီးနန်းတက် မင်းပြုသည်။ ထိုမင်းကို **"သီရိမာသောကမင်း (အကြီး)"**ဟု ခေါ်ဆိုသည်။ သီရိမာသောကမင်း(အကြီး)သည် မြို့သစ်တစ်မြို့ကို တည်ထောင်သည်။ မြို့တည်ရာ၌ မြို့ရိုးတွင် ရွှေအုတ်ညှပ်၍ တည်သောကြောင့် **"သုဝဏ္ဏဘူမိ"** ဟု သမုတ်ခဲ့သည်ဟု ဆိုသည်။ မူခွဲတစ်ခုတွင် ရွှေထွက်ရာအရပ်ဖြစ်၍ "သုဝဏ္ဏဘူမိ" ဟု သမုတ်ကြောင်း အဆိုရှိကြသည်။ မည်သို့ပင် ဖြစ်စေ သုဝဏ္ဏဘူမိမြို့ကို နောင်တော်ဓမ္မဇမင်းသားအား စိုးစံစေသည်။ မြို့တည်နေရာသည် ကေလာသတောင်ခြေ အနောက်မြောက်ဘက်ရှိ သရက်သမ (ဝါ) ယက္ကန်းသမရွာဝန်းကျင်တွင် ဖြစ်သည်။ ညီနောင်နှစ်ပါးတို့သည် ထီးပြိုင်နန်းပြိုင် စိုးစံခဲ့ကြသည်။ သီရိမာသောကမင်း (အကြီး) နတ်ရွာစံသောအခါ သုမမ္မဝတီမြို့ပါ ပျက်ဆီးသွားသည်။ ထိုအခါ သုဝဏ္ဏဘူမိမြို့ စည်ပင်ထင်ပေါ်လာသည်။ ဓမ္မဇမင်းက သုဝဏ္ဏဘူမိမြို့မှာ သုမမ္မဝတီမြို့မှ ခွဲထွက်သော မြို့ဖြစ်ခြင်း၊ မြို့လယ်၌ ချောင်းရှိနေခြင်း၊ မြို့နှစ်ခြမ်းကွဲနေခြင်းတို့ကြောင့် **"သုဘိန္နနဂရမြို့"**ဟု သမုတ်ခဲ့သည်။ ထိုသုဘိန္နနဂရမြို့အား တိဿဓမ္မသီဟရာဇာ မင်းပြုသောအခါ မွမ်းမံပြုပြင်ပြီး "သုဝဏ္ဏဘူမိ

သုမမ္ဗဝတီမြို့"ဟု သမုတ်ပြန်သည်။ ထိုမြို့ကို **"တိုက်ကုလားမြို့"** ဟုလည်း ခေါ်ကြသည်။ သမိုင်းသုတေသနအဖွဲ့က တူးဖော်တွေ့ရှိခဲ့သော အရက်သမ (ဝါ) ယက္ကန်းသမရွာဝန်းကျင်မှ တိုက်ကုလားမြို့ဟောင်းသည် သုဝဏ္ဏဘူမိ သုမမ္ဗဝတီမြို့ ဖြစ်နိုင်ခြေရှိသည်။

၂၂။ ရာဇာစောဝေ (ခေါ်) သီရိမာသောကမင်း (အငယ်) လက်ထက်၌ သုဝဏ္ဏဘူမိ သုမမ္ဗဝတီမြို့ကို ကေလာသတောင်၏ အနောက်တောင်ဘက် ဝင်းကရွာနှင့် ကျောက်တုံးကြီးရွာ ဝန်းကျင်တွင် တောင်ပေါ်ထက်ဝက်၊ မြေပြန့်ထက်ဝက် တည်ထောင်ခဲ့သည်။ ထိုမြို့သို့ သာသနာ (၂၀၉) ခုနှစ်တွင် ပြောင်းရွှေ့စိုးစံသည်။ ထိုသုဝဏ္ဏဘူမိ သုမမ္ဗဝတီမြို့တော်ဟောင်း နေရာကို ဝင်းကရွာနှင့် ကျောက်တုံးကြီးရွာအနီး တောင်စောင်းတွင် တစ်စိတ်တစ်ပိုင်း ယခုတိုင် တွေ့မြင်နိုင်သည်။ ထိုနောက် ယုဂန္ဓမင်းလက်ထက်သို့ ရောက်သောအခါ လက်ရှိသထုံမြို့အနီးရှိ နေမိန္ဒရတောင်ခြေတွင် သုဝဏ္ဏဘူမိ-သုမမ္ဗဝတီမြို့အဖြစ် တည်ထောင်ပြန်သည်။ ထိုမြို့သို့ သာသနာ (၄၅၀) ခုနှစ်တွင် ပြောင်းရွှေ့ စိုးစံခဲ့သည်။ မင်းဆက်ပေါင်း (၄၁) ဆက်မြောက် မနူဟာမင်းလက်ထက်၌ အနော်ရထာမင်း တိုက်ခိုက်သိမ်းပိုက်၍ ပျက်စီးသွားသည်။ ထိုထိုသော အကြောင်းများကြောင့် **"သုဝဏ္ဏဘူမိအစ ကေလာသတောင်ခြေက"** ဟု

ဆိုကြသည်။ ယင်းမြို့ဟောင်းနေရာများကို သမိုင်းသုတေသန အဖွဲ့က တူးဖော်တွေ့ရှိ အတည်ပြုခဲ့ပြီးဖြစ်သည်။

## တိုက်ကုလားမြို့အကြောင်း သမိုင်းဟောင်း

၂၃။ "**တိုက်ကုလား**" ဟူသောအမည်မှာ မွန်ဘာသာဖြင့် "**ဒုံတိုက်ကုလား**" ဖြစ်သည်။ "**ကေလာသတောင်**"ကို မွန်ဘာသာဖြင့်ရှေးက "**ဒိုးခလွန်းတောင်**"ဟု ခေါ်သည်။ ထိုတောင်ခြေ၌ ရှိသောမြို့ဖြစ်၍ "**ဒုံဒိုးခလွန်း**"ဟု ခေါ်ရာမှ "**ဒုံတိုက်ကုလား**" ခေါ်တွင်လာကြောင်း သထုံရာဇဝင်က ဆိုသည်။ မူခွဲတစ်ခုတွင် ကေလာသတောင်ခြေ၌ တိုက်နံ့ရံနှင့်တူအောင် တည်ထားသောကြောင့် "**တိုက်ကုလား**" ခေါ်ကြောင်း **ဂေါဠမတ္တကနာဂရီ** ဟူသော (ပါဠိ) အမည်မှ "**တိုက်ကုလား**"ဟူသော အမည် ဖြစ်လာကြောင်း ဆိုသည်။ သို့သော် ကလျာဏီကျောက်စာတွင် ထိုမြို့သည် တင်လဲချက်သော ဂေါဠလူမျိုးတို့၏အိမ်ကဲ့သို့ အိမ်များ ဆောက်ထားသောကြောင့် တိုက်ကုလားမြို့ ခေါ် ကြောင်း ဆိုသည်။ ထို့ပြင် မွန်ရာဇဝင်၌ ဘုရားမပွင့်မီ နှစ်တစ်ရာကျော်က သပေါမင်း၏ဘိုးတော် ဒိုးခလွန်းတောင် ခြေ အနောက်မြောက်ဘက်ခြေရင်း၌ တည်ခဲ့သည်။ မြို့တည် ပုံမှာ တောင်ဘက်မျက်နှာက ကျောက်ကမ်းပါးယံကို မြို့ရိုး

ပြုလုပ်ထားသည်။ အရှေ့ဘက်နှင့် အနောက်ဘက်မျက်နှာတို့တွင်လည်း ကျောက်ကမ်းပါးယံ တစ်ဝက်အပေါ်က ကျောက်ခဲများ စီထားသည်။ မြောက်ဘက်မျက်နှာတွင် ကျောက်နှင့်မြေရော၍ ဖို့ပြီး မြို့ရိုးလုပ်ထားသည်။ မြို့တံခါးကို အရှေ့ အနောက်၊ မြောက်သုံးဘက်တွင် ပြုလုပ်ထားသည်။ မြို့ရိုးသုံးဘက်တွင် တိုက်နံရံနှင့်တူသော ကျောက်ကမ်းပါးယံ ကာရံလျက် ရှိနေသည်က တစ်ကြောင်း၊ ဒိုးခလွန်းတောင်ခြေရင်းတွင် ဖြစ်သည်က တစ်ကြောင်းတို့ကြောင့် "**ဒုံတိုက်ခလွန်း**"ဟူသော အမည်တွင်သည်။

၂၄။ နောက်ပိုင်းတွင် ဒုံတိုက်ခလွန်းမှ ရွေ့ပြောင်းလာပြီး "**ဒုံတိုက္ကလား**"ဟု ခေါ်ကြောင်းဆိုသည်။ မွန်ရာဇဝင် အထောက်အထားအရ တိုက်ကုလားမြို့သည် ခရစ်တော် မပေါ်မီနှစ် (၇၀၀)ခန့်က တည်ခဲ့ကြောင်း တွေ့ရသည်။ သို့သော် ထိုထက်စော၍ တည်ရှိခဲ့ပည်ဟု ခန့်မှန်းရသည်။ ထိုမြို့တည်ရာသည် အရက်သမ (ဝါ) ယက္ကန်းသမရွာအနီးတဝိုက်တွင် ဖြစ်သည်။ ရှေးက မွန်ဘာသာဖြင့် "ဝိုင်ဒုံ" ဟု ခေါ်ပြီး မြန်မာဘာသာဖြင့် "**အဝင်ဝ**"၊ သို့မဟုတ် "**တံခါးဝ**"၊ သို့မဟုတ် "**မြို့တံခါးဝ**" ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် တိုက်ကုလားမြို့ဟောင်းသည် အရက်သမ (ဝါ) ယက္ကန်းသမရွာ အနီးတဝိုက်ဖြစ်၍ တိဿမပ္ပ သီဟရာဇာမင်း စိုးစံခဲ့သည့် သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့ ဖြစ်နိုင်မြေရှိသည်။ တစ်ချိန်က နိုင်ငံတော် သမိုင်းသုတေသန

ဌာနက တူးဖော်တွေ့ရှိ အတည်ပြုခဲ့သည်။ အတိက်က သုဝဏ္ဏ ဘူမိ သုဓမ္မဝတီ (တိုက်ကုလား) မြို့အကြောင်းကို အမျိုးမျိုး ကောက်ချက်ချ ရေးသားခဲ့ကြသည်။ သို့သော် ယခုအခါ၌ သုဝဏ္ဏဘူမိ သုဓမ္မဝတီ (တိုက်ကုလား)မြို့ ပျောက်ကွယ်ကျန် ရစ်ခဲ့ပြီးဖြစ်သည်။

## ခေတ်အဆက်ဆက် တိုက်ကုလားမြို့

၂၅။ တိုက်ကုလားမြို့သည် ခေတ်သမိုင်းတစ်လျှောက် အရေးပါ ခဲ့ကြောင်း တွေ့ရသည်။ ပုဂံခေတ်တွင် တိုက်ကုလားနယ်အတွင်း ရှိ ကျိုက်တဲစေတီ၊ ကျိုက်တလန် (ခေါ်) မြသိန်းတန်စေတီ နှစ်ဆူကို ကျန်စစ်သားမင်း (အေဒီ-၁၀၈၄-၁၁၁၃)က ပြုပြင် ခဲ့သည်။ ကဗျည်းကျောက်စာလည်း ရေးထိုးထားခဲ့သည်။ အင်းဝခေတ်၊ ဟံသာဝတီခေတ် နောက်ပိုင်းတွင်လည်း အရေး ပါသော မြို့ဖြစ်ခဲ့သည်။ အထူးသဖြင့် ဟံသာဝတီခေတ်တွင် မွန်တို့က အင်အားတောင့်တင်းသော လက်နက်နိုင်ငံ တည် ဆောက်ရာ၌ တိုက်ကုလားမြို့မှာ အရေးပါလှသည်။ ဟံသာဝတီ မွန်ဘုရင် ရာဇာဓိရာဇ် (အေဒီ-၁၃၈၃-၁၄၂၁)ခုနှစ်များအတွင်း အရှေ့ဘက်တစ်လွှားကို သိမ်းပိုက်ရာ၌ တိုက်ကုလား၊ လကွန်း ဗျည်း၊ ဒုံဝမ်းမြို့များကို သိမ်းပိုက်ပြီးမှ မုတ္တမ-မော်လမြိုင်မြို့ များကို သိမ်းပိုက်ခဲ့သည်။ ဟံသာဝတီသို့ အပြန်တွင် သူ၏ ကောင်း **"မသံလုံ"** အား **"လကွန်းအိမ်"**ဟု ဘွဲ့အမည်ပေးပြီး တိုက်ကုလားမြို့ကို စျေးမြင့်စားစေသည်။

**အရေးပါသော မုတ္တမမဏ္ဍလ**

၂၆။ မွန်ရာဇဝင်သမိုင်းခေတ်ဦးပိုင်းတွင် မုတ္တမ မဏ္ဍလသည် အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သည်။ ဟံသာဝတီမဏ္ဍလ၊ ကုသိမမဏ္ဍလတို့ထက် စာပေယဉ်ကျေးမှုတို့တွင် စောစွာ ထွန်းပေါ်ခဲ့သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု စတင်ပြန့်ပွား စည်ပင်မှုတွင် ပဓါနကျသည့်အခန်းက ပါဝင်ခဲ့သည်။ မွန်မင်းဆက် စတင်ဖြစ်ထွန်းလာမှုကလည်း သုဝဏ္ဏဘူမိ-သုဓမ္မဝတီ ပြည်တည်ရာမှ မုတ္တမမဏ္ဍလကပင် စတင်ခဲ့ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ ရာမညဒေသ သုဝဏ္ဏဘူမိတိုင်းသည် မုတ္တမမဏ္ဍလ၏ အခန်းကဏ္ဍက ပါဝင်နေ၍ ထူးခြားလှသည်။ သုဝဏ္ဏဘူမိ၏ ဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှု တိုးတက်ထွန်းကားလာမှုသမိုင်းသည် မျက်မှောက်ကာလ ဖူးတွေ့နေကြရသည့် သဓိဝဓါတုဝင် ဆံတော်ရှင် ကျိုက်ထီးရိုး၊ ကေလာသ၊ ကုသိနာရုံ၊ ဇင်းကျိုက်၊ ဇွဲကပင်၊ မဲလံ၊ ကျိုက်ထီးဆောင်းစေတီတော်များသည်လည်းကောင်း၊ သဓိဝဂန္ဓဝင် ကျိုက်ဒေယျို၊ ကျိုက်တဲ၊ ဆံတော်ရှင်များသည်လည်းကောင်း၊ သဓိဝထူပဝင်၊ သက္ကထူပမဏိမေခလာထူပ၊ ပဋ္ဌာန္ဒထူပ (ကေလာသ)၊ အဒ္ဓိကထူပ (မြသပိတ်)၊ ဝရုဏနာဂရာဇာ ထူပ၊ ဒမိဠထူပဆံတော်ရှင် စေတီများနှင့် သွားတော်၊ မွေတော်များ ကိန်းဝပ်သည့် စေတီပုထိုးများသည်လည်းကောင်း၊ မွန်၊ မြန်မာ တို့၏ ရှေးဟောင်းသမိုင်း အထောက်အထားများအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

၂၇။ ထို့ပြင် မွန်ရာဇဝင်သမိုင်းဦး ကာလက တောက်ပြောင်ခဲ့သည့် တိုက်ကုလား၊ လကွန်းဗျဉ်း၊ ဒုံဝမ်း၊ ဇုတ်သုတ်၊ ကျိုက္ကသာ၊ မုတ္တမမြို့ဟောင်း နေရာများက ညွှန်ပြလျက်ရှိသည်။ ရှေးက ထိုမြို့ရွာများသည် သုဝဏ္ဏဘူမိ ဒေသတွင် တိဿမမ္မသီဟရာဇာမင်းမှ မန္ဒူဟာမင်းထိ မင်းပေါင်း (၅၈)ဆက်၊ မုတ္တမဝါရီရူမှ ဗညားဦးထိ ဒုတိယမွန်မင်း (၈) ဆက်တို့က နှစ်ပေါင်း(၂၀၀၀)ကျော် ကြာရှည်စွာ စိုးစံအုပ်ချုပ်ခဲ့ကြသည်။ မူခွဲတစ်ခုတွင် ကုမာရမင်းမှ မန္ဒူဟာမင်းအထိ မင်းဆက်ပေါင်း (၁၀၁) ဆက်အထိ စိုးစံအုပ်ချုပ်ခဲ့သည်။ မြို့တည် ထီးနန်းတည် ပြောင်းရွှေ့စိုးစံမှု (၉)ကြိမ်ရှိကြောင်း ဖော်ပြထားသည်။ ထိုခေတ် ထိုအခါက ထင်ရှားခဲ့သော မြို့များအနက် အချို့မြို့ဟောင်းနေရာများ၏ မြို့ရိုး၊ မြို့ခုံတို့ ကျန်ရှိပြီး အချို့မြို့ဟောင်းနေရာများမှာ ညွှန်ပြရန် ခက်ခဲလျက်ရှိသည်။ (မုတ္တမ မဏ္ဍလအကြောင်းကို ကျိုက်ထီးဆောင်း ဆံတော်ရှင်သမိုင်းတွင် အသေးစိတ် ဖော်ပြထားသည်။)

## မွန်မင်းဆက်များနှင့် မြို့တော်အဆင့်ဆင့် ပြောင်းရွှေ့ပုံ။

၂၈။ ရာဇဝင်နှင့်သမိုင်းများတွင် (သထုံ) ဖြစ်ပေါ်လာပုံမှာ-သုမမ္မကို မွန်ဘာသာဖြင့် "**သမုမ်**"ဟု ခေါ်ကြောင်း၊ ကာလကြာမြင့်လာသည့်အခါ သမုမ်-မှ သထုံ-ဖြစ်လာဖွယ်ရှိကြောင်း

ပြဆိုသည်။ မူခွဲတစ်ခုတွင် **သထုံ**-ကို **သုဓမ္မ**-ဟူသော **(ပါဠိ)** အမည်မှ ရွေ့လျောလာသည်ဟု ပြဆိုသည်။ မွန်**မင်းဆက်ကို** မင်းပေါင်း (၅၉) ဆက်နှင့်စလျှင် တိဿမင်းနှင့် **သိရိကာဠ** မိဘုရားကြီးတို့မှစ၍ မနူဟာမင်းသည် နောက်ဆုံးမင်း **ဖြစ်သည်။** တစ်**ဖန်** မွန်မင်းဆက်အား တိဿကုမာရ ရသေ့ကြီး၏ မွေး**စား** သား နဂါးဉဖွား သူရိယကုမ္မာသတို့သားကို တိဿဓမ္မသီဟရာဇာ ဘွဲ့အမည်ပေးပြီး၊ မင်းမြှောက်ထီးနန်းအပ်ကြသည်။ ထိုမင်းမှ စလျှင် မနူဟာမင်းအထိ မင်းဆက်ပေါင်း (၅၈) ဆက်ရှိသည်။ မူခွဲ မွန်ရာဇဝင်တစ်ခုတွင် ကုမာရမင်းသည် သထုံမြို့အနီး နေမိန္ဒရတောင်ခြေတွင် သုဓမ္မမြို့ကို တည်ထောင်စိုးစံအုပ်ချုပ် ခဲ့ကြောင်း ထိုကုမာရမင်းမှစလျှင် မနူဟာမင်းအထိ မင်းဆက် ပေါင်း (၁၀၁) ဆက်ရှိကြောင်း ပြဆိုသည်။

၂၉။ တိဿမင်းနှင့် တိဿဓမ္မ သီဟရာဇာမင်းတို့မှစ၍ မနူဟာမင်းအထိ မွန်မင်းဆက်ပေါင်း (၅၈/၅၉) ဆက်တွင် မြို့တည်/ထီးနန်းတည် ပြောင်းရွှေ့အုပ်ချုပ် စိုးစံမှု (၅) ကြိမ် ရှိခဲ့ကြောင်း တွေ့ရသည်။ ကုမာရမင်းဆက်မှစလျှင် မနူဟာမင်း အထိ မင်းဆက်ပေါင်း (၁၀၁) ဆက်ရှိပြီး မြို့တော်/ထီးနန်း တည် ပြောင်းရွှေ့ အုပ်ချုပ်စိုးစံမှု (၉) ကြိမ် ရှိကြောင်း တွေ့ ရသည်။ မြို့တည်ထီးနန်းတည် ပြောင်းရွှေ့အုပ်ချုပ် စိုးစံမှု များမှာ ဆက်စပ်မှု ရှိနေပေသည်။ သို့ပါ၍ (၅) ကြိမ် ပြောင်းရွှေ့

အုပ်ချုပ်စိုးစံမှုနှင့် (၉)ကြိမ် ပြောင်းရွှေ့ အုပ်ချုပ်စိုးစံမှုများကို ပေါင်းစပ်၍ တစ်ဆက်တည်း အောက်ပါအတိုင်း ဇယားဖြင့် ဖော်ပြလိုက်ပေသည်။

## မွန်မင်းဆက်များ ထီးနန်းပြောင်းရွှေ့မှု ဇယား

| စဉ် | ထီးနန်းစံမင်း | မြို့တော်အမည် | ပြောင်းရွှေ့တည်နေရာ နှင့် မှတ်ချက် |
|---|---|---|---|
| ၁။ | ကုမာရမင်း | သုဓမ္မဝတီမြို့ | နေမိန္ဒရတောင်ခြေ (သထုံမြို့ အနီး) |
| ၂။ | သုဓမ္မမနလုင် (ခ)သုဓမ္မရာဇာ | သုဓမ္မဝတီမြို့ | ဒုံဝမ်းကမာဆိုင်အနီး တောင်ခြေ |
| ၃။ | သီရိယကုမ္မာ(ခ) | သုဓမ္မဝတီမြို့ | လဂွန်းဗျဉ်း (ကေလာသ တောင်ခြေမြောက်ဘက်) |
| ၄။ | ဓမ္မဇမင်းဆက်မှ တိဿဓမ္မသီဟ ရာဇာမင်းဆက် အထိ | သုဝဏ္ဏဘူမိ (ဝါ) သုဘိန္န နဂရ (ဝါ) သုဝဏ္ဏဘူမိ သုဓမ္မဝတီ | ကေလာသတောင်ခြေ အနောက်မြောက်ဘက် (တိုက်ကုလားမြို့ဟောင်း) |

အဆက်

| | | | |
|---|---|---|---|
| ၅။ | ဥပဒေဝမင်း | သုဝဏ္ဏဘူမိ သုဓမ္မပုရမြို့ | ဆိပ်ကျွန်းကော့ကသဲကျွန်း (တိုက်ကုလားမြို့ဟောင်း တောင်ဘက်) |
| ၆။ | ရာဇာစောနီမင်း | သုဝဏ္ဏဘူမိ မရိသဘူမိမြို့ | ကျိုက်ထီးဆောင်းဘုရားအနီး (ဇုတ်သုတ်ကျေးရွာတစ်ဝိုက်) |
| ၇။ | ရာဇာစောဝေမင်း | သုဝဏ္ဏဘူမိ ဟရိသဘူမိ | ကျိုက်တဲဘုရားအနီး (အင်းဖလောင်းကြီး (ခ)ရွှေလောင်းအင်းတစ်ဝိုက်) |
| ၈။ | သီရိမာသောကမင်း | သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့ | ကေလာသတောင်၏ အနောက်တောင်ဘက်၊ (ဝင်းကရွာနှင့်ကျောက်တုံးကြီး ရွာအနီး) |
| ၉။ | ယုဂန္ဓမင်းမှ မနုဟာမင်းထိ | သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့ | နေမိန္ဓရတောင်ခြေ ကုမာရမင်း၏မြို့ဟောင်း နေရာ (သထုံမြို့အနီး) |

**မှတ်ချက်။** (၁) ဤ (၉)နေရာပြောင်းရွှေ့ စိုးစံမှုကို (၉) သထုံ ဟုလည်း ဆိုကြသည်။

(၂) တစ်ချို့နေရာများတွင် မြို့ရိုး၊ ကျုံးနှင့် မြို့ခုံများ ရှိနေသေးသော်လည်း တစ်ချို့ နေရာများ အယောက်အယား မရှိတော့ ပါ။ သမိုင်းအပြောင်းအရွှေ့ကြောင့် ပျောက်ကွယ်ခဲ့ပြီး ဖြစ်သည်။

(၃) ဤကဲ့သို့ ရာဇဝင်မင်း အစဉ်အဆက်ကို ဖွင့်ဖော် ရည်ညွှန်းနေခြင်းသည် သာသနာ အစဉ်အဆက်တွင် ရာဇာမင်းတို့မပါလျှင် သာသနာသမိုင်း မတွင်ကောင်းသလို ယနေ့ကာလတွင်လည်း ဤအတိုင်း ဖြစ်သည်။

## ရဓသ့ညီနောင် ဇင်းကျိုက်တောင်

၃၀။ သုဝဏ္ဏဘူမိ-သုဘိန္နနဂရ ပြည့်ရှင်တိဿမင်းကြီးနှင့် မိဖုရားကြီး သီရိကပ္ပါဒေဝီတို့တွင် တိဿကုမာရနှင့် သီဟ ကုမာရ ဟူ၍ သားတော်နှစ်ပါး ရှိသည်။ မင်းသားညီနောင် တို့ကား ဘဝါဘဝက ဖြည့်ကျင့်ခဲ့သော ပါရမီဓါတ်ခံ ရင့်သန် သူများ ဖြစ်ကြသည်။ လောကီစည်းစိမ်ချမ်းသာကို မခံစားလိုကြပဲ

ရသေ့ ရဟန်းပြု၍ တရားဘာဝနာ ပွါးများအားထုတ်လိုကြသည်။ အရွယ်ရောက်သောအခါ လူ့သူဝေးရာ တောရိပ်တောင်ရိပ် ခိုမှီးပြီး ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်လို၍ တောထွက်လို ကြသည်။ ထို့ကြောင့် ခမည်းတော်နှင့် မယ်တော်တို့ထံ ခွင့်ပန်ကြလေသည်။ မင်းကြီးနှင့်မိဖုရားတို့မှာ မိမိတို့အရိုက် အရာကို ဆက်ခံပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေလိုကြသည်။ အမျိုးမျိုးအကြောင်းပြ တားဆီးကြသည်။ မရသည့်အတွက် ဝမ်းနည်းစွာဖြင့် ခွင့်ပြုလိုက်ကြသည်။

၃၁။ တိဿကုမာရ နှင့် သိဟကုမာရ မင်းသားညီနောင် တို့သည် ခမည်းတော်, မယ်တော်တို့၏ ခွင့်ပြုချက်ကို ရသော အခါ ဝမ်းမြောက်ဝမ်းသာ မိဘများကို ကန်တော့၍ လူ့သူ ကင်းဝေးပြီး ဆိပ်ငြိမ်ရာ ဂန္ဓာဂိရိ (ဝါ) မန္ဒာဂိရိ (ဇင်းကျိုက်) တောင်သို့ တောထွက်ခဲ့ကြသည်။ ထိုတောင်တွင် ညီနောင် နှစ်ပါးတို့ ကျောင်းသခ်မ်းငယ်ဆောက်၍ ရသေ့အသွင်သို့ ခံယူကြသည်။ ဘာဝနာကမ္မဋ္ဌာန်းတို့ ပွါးများအားထုတ် ကြသည်။ လူ့သူ့ဆိပ်ကင်းတော မြိုင်ကြီးအတွင်း အတူ နေထိုင်ကြရ၍ ကာလရှည်ကြာသော်လည်း မိမိတို့ လိုလား တောင့်တသည့် တရားထူး တရားမြတ် မရကြပေ။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး သီးခြားစီနေထိုင်ပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ကြရန် ဆုံးဖြတ်ကြသည်။ သို့ဖြစ်၍ နောင်တော်

ရသေ့မွေးမြူသော ဂ် ဘ္ဘိမလုလင်ကို "**သူရိယကုမ္မာ**"၊ သိဟကုမာရရသေ့ မွေးမြူသော ကိတ္တိမလုလင်ကို "**စန္ဒကုမ္မာ**"ဟု မှည့်ခေါ်သည်။ မဟာဝင်နွယ်ဖွား သူတော်စင်ပုဂ္ဂိုလ်တို့သည် ဇာတိ၊ ဗီဇအားဖြင့် သူမတူ ထူးခြားလှသည်။ အမိနွယ်ဖွား ရေနဂါးနှင့် ပိတာဖခင် ဆုကြီးရှင် ဝိဇ္ဇာဓိုရ်တို့မှ ထူးခြားစွာ ဥကဖွားမြင်ခြင်း ဖြစ်သည်။ ညီငယ် စန္ဒကုမ္မာသည် (၈) နှစ်သားအရွယ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ တိဿကုမာရရသေ့ မွေးမြူသော သူရိယကုမ္မာလုလင်ကား နောင်အခါ တိဿမဟာသီဟရာဇာဘွဲ့ခံ သုဝဏ္ဏဘူမိ သုမမ္မဝတီပြည့်ရှင် ဖြစ်လာသည်။

## အရှင်ဂဝမ္ပတိမထေရ်မြတ်၏ အတိတ်ဘဝ

၃၄။ ရှစ်နှစ်သားအရွယ်တွင် ကွယ်လွန်သော စန္ဒကုမ္မာလုလင်သည် ဗုဒ္ဓမြတ်စွာဘုရားအဖြစ်ကို ရတော်မူပြီးချိန်၌ မဇ္ဈိမဒေသ မိတ္ထိလာပြည်ရှိ **အကုလသူဌေးကြီး**၏သမီး သုမနထံတွင် လူဝင်စားဖြစ်လေသည်။ ဘာသာ, သာသနာ၌ လပြန်ဝင်စားတို့၏ အခြေအမြစ်သည်။ ထိုအချိန်မှ စခဲ့သည်။ (၇)နှစ်သားအရွယ်တွင် အဖိုးဖြစ်သူ၏ ဆွမ်းအလှူပွဲ၌ ဗုဒ္ဓရှင်၏တရားကို နာကြားခွင့်ရလေသည်။ အတိတ်ဘဝများစွာက ဖြည့်ကျင့်ခဲ့သည့် ပါရမီဓာတ်ခံ ရင့်သန်မှုကြောင့် ဂဝမ္ပတိသာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဂဝမ္ပတိ အရှင်

မြတ်သည့် ဣဒ္ဓိဗိဇ္ဇာဉာဏ်နှင့် ပြည့်စုံသော ရဟန္တာအဖြစ်ကိုလည်း ရရှိသည်။ ဂဝမ္ပတိအရှင်မြတ်၏ အမိန့်အာနဖြင့် လျှောက်ထားချက်အရ ဗုဒ္ဓဘုရားရှင် သုဝဏ္ဏဘူမိသို့ ဒေသစာရီ ကြွချီရောက်ရှိတော်မူခဲ့သည်။ မျက်မှောက်ကာလတွင် အသက်(ခုနစ်)နှစ်ပြည့်လျှင် ရှင်သာမဏေ ပြုခွင့်ရခြင်းသည် ထိုအချိန်မှ စခဲ့သည်။

## တိဿမွေ့သိဟရာဇာမင်း

၃၅။ နဂါးဉဖွား သူရိယကုမ္မာသည် တိဿကုမာရရသေ့ကြီး၏ ပြုစုသွန်သင်မှုဖြင့် ယောက်ျားတို့ တတ်အပ်သော အဋ္ဌာရသ (၁၈)ရပ် အတတ်ပညာများကို တတ်မြောက်ပြီး အရွယ်ရောက်ခဲ့သည်။ အသက် (၂၀)သို့ ရောက်သည်တွင် တိဿကုမာရရသေ့ညီနောင်တို့၏ ခမည်းတော် သုဘိန္နနဂရပြည့်ရှင် တိဿမင်းကြီး ကံကုန်လေသည်။ ထီးမွေနန်းလျာ ဆက်ခံစိုးစံမည့်သူ မရှိဖြစ်ရာမှ မှူးမတ်ပညာရှိတို့သည် ရသေ့မြတ်နှစ်ပါးထံ လာရောက်၍ ခမည်းတော်၏ ထီးနန်းအမွေကို ဆက်ခံမည့်အကြောင်း လျှောက်ထား တောင်းပန်ကြသည်။ ရသေ့မြတ်တို့က မိမိတို့မှာ မူလကပင် ထီးနန်းစည်းစိမ်ကို အလိုမရှိ၍ ရသေ့ ရဟန်းပြု တောထွက်ခဲ့ကြသည်။ သို့ဖြစ်၍ ထီးနန်းစည်းစိမ်ကို အလိုမရှိတော့ပြီ၊ သင်တို့အလိုတူက မိမိတို့၏ မွေးစားသား သူရိယကုမ္မာကို ထီးနန်းအပ်ကြလေဟု မိန့်ကြားသည်။ မှူးမတ်ဗိုလ်ပါ အပေါင်းတို့က ကြိုက်ညီကြသည်။

၃၆။ ထို့နောက် သုဘိန္နနဂရမြို့ကို ပြုပြင်မွမ်းမံကြသည်။ မြို့၏ဘွဲ့အမည်ကို "**သုဝဏ္ဏဘူမိ-သုဓမ္မဝတီ**" ဟု သမုတ်ခဲ့ကြသည်။ မဟာသက္ကရာဇ် (၁၁၀)ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် ရသေ့ညီနောင်နှင့် ပြည်သူ/ပြည်သားများက သူရိယကုမ္မာအား တိဿဓမ္မသီဟရာဇာ ဘွဲ့ပေး၍ ထီနန်းအပ်မင်းမြှောက်ကြသည်။ တိဿဓမ္မ သီဟရာဇာမင်းသည် တိုင်းသူပြည်သား လူအပေါင်းတို့အား မင်းကျင့်တရားဆယ်ပါးနှင့်အညီ ကရုဏာထား အုပ်ချုပ်သည်။ သုဝဏ္ဏဘူမိ-သုဓမ္မဝတီပြည်ကြီးသည် စည်ပင်ဝပြောလျက် ပြည်သူ/ပြည်သားတို့မှာ ရေချမ်းအိုး ပိုက်ထားဘိအလားသို့ အေးချမ်းသာယာမှု ရှိပေသည်။

## အရှင်ဂဝမ္ပတိမထေရ် သုဝဏ္ဏဘူမိသို့ ကြွရောက်ခြင်း

၃၇။ အရှင်ဂဝမ္ပတိမထေရ်မြတ်သည် (ခုနစ်)နှစ်ဖြင့် ရဟန္တာအဖြစ်ကိုရ၍ အဘိညာဉ်တန်ခိုးဖြင့် အတိတ်ကို ကြည့်တော်မူရာ မိခင်သုမနာမှာ မိတ္တိလာပြည်မှ သေလွန်ပြီး သုဝဏ္ဏဘူမိပြည်ရှိ ပစ္စန္တရာဇ်အရပ် တစ်ခုသော တံငါရွာတွင် လူဝင်စားဖြစ်နေကြောင်း မြင်တော်မူသည်။ မိမိမှ မကယ်မချွတ်လျှင် သံသရာတွင် နစ်မွန်းတော့မည်ဖြစ်ကြောင်း သိတော်မူသည်။ ထို့ကြောင့် မိခင်အား တရားဓမ္မဖြင့် ကယ်မရန်အတွက်လည်း

ကောင်း၊ အတိတ်ဘဝက နောင်တော်ဖြစ်ခဲ့သူ တိဿမဟာသီဟ ရာဇာမင်း၊ မွေးစားဘခင် သီဟကုမာရရသေ့နှင့် ဘကြီးတော် တိဿကုမာရ ရသေ့တို့ကိုလည်း တွေ့လိုသည်။ သို့ဖြစ်၍ ဘုရားရှင်ထံပါး ချဉ်းကပ်ပြီး ခွင့်ပန်တော်မူသည်။ ဘုရားရှင်က ခွင့်ပြုတော်မူ၍ ဈာန်တန်ခိုးဖြင့် ကောင်းကင်ယံမှ ကြွတော်မူသည်။ သုဝဏ္ဏဘူမိသို့ ရောက်လျှင် နန်းတော်အတွင်း ဝင်ရောက်ကာ သင့်တင့်လျောက်ပတ်သော နေရာတွင် စံနေတော်မူသည်။ မြင့်မြတ်သော ရဟန်းသံဃာတို့ကို ရှေးက မမြင်ဖူးကြ၍ အသွင်ထူးခြား အမြင်ဆန်းပြား နေကြသည်။

၃၈။ ထို့ကြောင့် တိဿမဟာသီဟရာဇာမင်းက အရှင်ဂဝမ္ပတိ မထေရ်မြတ်အား ဘယ်အမျိုး၊ ဘယ်အနွယ်၊ ဘယ်သူဖြစ် ကြောင်းကို စုံစမ်းမေးမြန်းတော်မူသည်။ အရှင်ဂဝမ္ပတိ မထေရ်မြတ်က အတိတ်ဘဝတစ်ခုတွင် မိမိသည် ညီဖြစ်ပြီး ရေမြေ့ရှင်သည် အစ်ကိုဖြစ်ခဲ့ဖူးကြောင်း၊ ယခုဘဝတွင် မိမိသည် သဗ္ဗညုတဘုရားရှင်နှင့် ဆုံ၍ တရားဓမ္မများ နာကြား ရပြီး ရဟန္တာဖြစ်လာရကြောင်း မိန့်ဆိုသည်။ ဤသို့ မှန်လျှင် ပြည့်ရှင်မင်းက "အရှင်မြတ်သည် လူတွင် အထွတ်မြင့်မြတ် သော ပုဂ္ဂိုလ်ဖြစ်တော်မူမည်" ဟု မိန့်တော်မူသည်။ ထိုအခါ မထေရ်မြတ်က "အကျွန်ုပ်သည် လူတွင် အထွတ်မဟုတ်သေး၊ အမှန်စင်စစ် လူနတ်လောကမာတ်တစ်ခွင် နှိုင်းဖွယ်မရှိ၊

အရဟံအစ ဘဂဝါအဆုံး ကိုးပါးဂုဏ်နှင့် ပြည့်စုံတော်မူသည့် ဘုရားရှင်သည် မဇ္ဈိမဒေသ ရာဇဂြိုဟ်ပြည်တွင် ရှိပါသည်" ဟု ထပ်မံ မိန့်ဆိုတော်မူသည်။ ဤတွင် ပြည့်ရှင်မင်းနှင့် ရသေ့ကြီးများက ဘုရားရှင်အား ဖူးတွေ့လိုကြောင်း လျှောက်ထားကြသည်။ ထို့ကြောင့် အရှင်ဂဝမ္ပတိမထေရ်မြတ်က ဘုရားရှင်အား ပင့်လျှောက်ပေးမည်။ သို့သော် ဘုရားရှင်သည် တစ်ပါးတည်း ကြွရောက်လေ့မရှိ။ နောက်ပါ ရဟန္တာများနှင့် ကြွရောက်သည်ဖြစ်၍ လိုအပ်မည့် ကိစ္စအဝဝကို ပြင်ဆင်ထားရန် မှာကြားသည်။

၃၉။ ထို့နောက် အရှင်ဂဝမ္ပတိမထေရ်မြတ်သည် တိဿကုမာရရသေ့, သီဟကုမာရရသေ့, ပြည့်ရှင်မင်းနှင့် မှူးမတ်သေနာပတိ, ဘဝဟောင်းက မိခင်, တိုင်းသူပြည်သားအပေါင်းများစွာတို့အား သံသရာမှ လွတ်မြောက်ကြောင်း တရားဓမ္မများဟောကြားသည်။ မထေရ်မြတ် ဟောကြားညွှန်ပြသည့် တရားဓမ္မကြောင့် အတိတ်ဘဝက ပါလာသည့် ပါရမီကုသိုလ်ရှိကြသူများ သောတာပန်ဖြစ်ကြသည်။ ထို့နောက် အရှင်ဂဝမ္ပတိမထေရ်မြတ်သည် မဇ္ဈိမဒေသသို့ ပြန်လည်ကြွမြန်းတော်မူလေသည်။ (ဂဝမ္ပတိမထေရ်မြတ် ဘဝဟောင်းမှ မိခင်နှင့် တွေ့ဆုံပုံကို ကျိုက်ထီးဆောင်း ဆံတော်ရှင်သမိုင်းတွင် အသေးစိပ် ဖော်ပြထားသည်။)

## ဗုဒ္ဓဘုရားရှင် သုဝဏ္ဏဘူမိသို့ ကြွရောက်တော်မူခြင်း

၄၀။ အရှင်ဂဝမ္ပတိမထေရ်မြတ်သည် မဇ္ဈိမဒေသသို့ ပြန်ရောက်လျှင် ရောက်ခြင်း ဘုရားရှင်ထံပါး ချဉ်းကပ်၍ သုဝဏ္ဏဘူမိတိုင်းရှိ ပြည့်ရှင်မင်းနှင့်တကွ ပြည်သူပြည်သားအပေါင်းများစွာတို့၏ အကျိုးကိုသာ ငဲ့ညှာပြီး ကြွချီတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်သည်။ ထိုအချိန်တွင် ဘုရားရှင်သည် သက္ကတိုင်း သံသုမာဂီရိမြို့ရှိ ကျောင်းတော်ကြီး၌ ဝါကပ်တော်မူလျက်ရှိသည်။ ဝါကပ်တော်မူပြီးနောက် ဘုရားရှင်သည် ဉာဏစက္ခုဉာဏ်တော်ဖြင့် ရှုတော်မူသည်။

(က) သုဝဏ္ဏဘူမိ တိုင်းအတွင် အနာဂတ်သာသနာတော် အရှည်တည် ပွင့်လင်းမည်ကို မြင်တော်မူ၍လည်းကောင်း၊

(ခ) အတိတ်ဘဝပေါင်း များစွာက တော်စပ်ခဲ့ဘူးသော ဆွေတော်မျိုးတော် ပေါင်းများစွာတို့ ကျွတ်တမ်းဝင်မည်ကို မြင်တော်မူ၍လည်းကောင်း၊

(ဂ) ယခု ဘုရားရှင်နှင့် မဆုံတွေ့လိုက်၍ တရားမရ ကျွတ်တမ်းမဝင်ကြသူများ နောင်ဘုရားရှင်သာသနာအတွင်း တရားရ ကျွတ်တမ်းဝင်ကြမည်ကိုလည်းကောင်း မြင်တော်မူသည်။

ထို့ကြောင့် မဟာကရုဏာတော်ဖြင့် ကြွရောက်တော်မူမည်ဖြစ်ကြောင်း ခွင့်ပေးသနားတော်မူသည်။

၄၁။ ဗုဒ္ဓဘုရားရှင်သည် မဟာ (၁၁၁)ခုနှစ်၊ ဟေမန္တဥတုတွင် နောက်ပါရဟန္တာများနှင့် သေလာပဗ္ဗတတောင် (ခေါ်) မြသပိတ်တောင်မှ တစ်ဆင့် ကေလာသတောင်ပေါ်သို့ ကြွချီတော်မူကြသည်။ ဘုရားရှင်နှင့် နောက်ပါ ရဟန္တာများ ကြွချီလာသောအခါ တိဿကုမာရရသေ့၊ သီဟကုမာရရသေ့ ပြည့်ရှင်မင်းနှင့် မှူးမတ်များ ပြည်သူ/ပြည်သားပေါင်းများစွာက ကြီးကျယ်ခမ်းနားသော စံကျောင်းတော်၊ မဏ္ဍပ်တော်များဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပူဇော်ကြလေသည်။ ဘုရားရှင်နှင့် နောက်ပါရဟန္တာများ ခုနစ်ရက် တစ်ပတ်ကေလာသတောင်ထွတ်ပေါ်၌ စံနေတော်မူသည်။ ဘုရားရှင်က တရားရေအေး တိုက်ကျွေးတော်မူသည်။ တရားနာကြားသူလူပေါင်းများစွာတို့ တရားရ ကျွတ်တမ်းဝင်ကြသည်။ သရဏဂုံတည်ကြသည်၊ ယဉ်ကျေးကုန်ကြသည်။ ဥပါသကာ၊ ဥပါသိကာများ ဖြစ်ကြကုန်သည်။ ဤကေလာသတောင်တော်၌ ဘုရားရှင်နှင့် နောက်ပါရဟန္တာများ စံနေတော်မူခြင်းမှာ ဂါမေ- ရပ်ရွာဓလေ့နှင့် ပျော်မွေ့သူများ မနေသော်လည်း ဝန်းကျင်တွင် မြို့ရွာများ ဝိုင်းရံလျက်ရှိခြင်း၊ ပဗ္ဗတေ အမြဲစိမ်းလန်းသော တောင်တန်းကြီးများ ဝိုင်းရံလျက်ရှိသည့်အပြင်

တောင်တစ်ခုလုံးတွင် သစ်တောကြီးများရှိ၍ နေထိုင်ရာ ဌာန ဖြစ်ခြင်းတို့ကြောင့် ဤကေလာသတောင်ကို ရှေးမွန်/ မြန်မာ များက "**ကေလာသ ရွှေပါဒ- ဇေယျာခ**" ဟူသော စကားဖြင့် သက်သေထူကြသည်။

## ရှေးဦးပူဇော် ဘုမ္မိမယ်တော်

၄၂။ သေလာပဗ္ဗတတောင် (ခေါ်) မြသပိတ်တောင်သည် မဟာပထဝီ မြေမဟီနှင့် အခြေတည်၍ ဘုမ္မိဒေဝီမယ်တော်က စောင့်သည်။ လောကဝေါဟာရအရ ပြောဆို ယုံကြည် နေကြသည့် ဘုမ္မိနွယ်ဝင်များတွင် မြစိမ်းရောင် မြနန်းရှင်၊ မြနန်းနွယ်၊ မြစိမ်းရှင်၊ မြနန်းဒေဝီ၊ မြနန်းသူဇာ၊ မြစိမ်း တောင်မယ်တော်၊ ဘုမ္မိယသိုက်နန်းဝင်များ ပါဝင်ကြသည်။ ထို့ကြောင့် ဘုရားရှင်နှင့် နောက်ပါရဟန္တာများ ကောင်းကင် ယံမှ ဒေသစာရီ ကြွချီလာ၍ မြသပိတ်တောင်ပေါ်သို့ ရောက် ချိန်၌ ဘုမ္မိဒေဝီ မယ်တော်ကြီးက ဘုရားရှင်အား မြေဆီ မြေနှစ် မြသားအစစ်လို တ-တိုင်းရသည့် မြသပိတ်တော်ကို ဆက်ကပ်လှူဒါန်းသည်။ နောက်ပါ ရဟန္တာများကိုလည်း ဘုမ္မိအနွယ်ဝင် နတ်အပေါင်းတို့က လိုလေသေးမရှိ လှူဒါန်း ကြသည်။ ဤသို့ဖြင့် ဘုမ္မိဒေဝီမယ်တော်နှင့် အနွယ်ဝင်များက ဘုရားရှင်နှင့် နောက်ပါရဟန္တာများကို ရှေးဦးကြိုဆိုခွင့် ဖူးမြော် ခွင့် ရကြသည်။ ပစ္စည်းလေးပါး ပစ္စယာနုဂ္ဂဟ ကုသိုလ်ထူးကို ရကြသည်။

၄၃။ ထို့နောက် ဘုရားရှင်သည် ကေလာသတောင်သို့ ကြွမြန်းတော်မူသည်။ ကေလာသတောင်ပေါ်၌ သာသနာတော် အရှည်တည်စေရေးအတွက် ရသေ့အကျော်အမော်များနှင့် နတ်ဘီလူး ညီနောင်တို့အား ဆံတော်ရှင်အမွေ ပေးသနားတော်မူသည်။ ထို့အတူ ဘုမ္မိဒေဝီမယ်တော်ကိုလည်း ဣစ္ဆာသယ မြသပိတ်အား ပြန်လည်ပေးသနားသည်။ ထို့ပြင် ဘုမ္မိဒေဝီ မယ်တော်သည် ဘုရားရှင်၏ရှေ့မှောက်၌ အောက်ပါ အဓိဋ္ဌာန်ကိုလည်း ပြုခွင့်ရခဲ့သည်။

"ယခု ဗုဒ္ဓဘုရားရှင် ပွင့်တော်မူစဉ်ကာလ ကျွတ်တမ်းမဝင်နိုင်ဘဲ ကျန်ရှိနေကြသည့် ဆွေနွယ်မျိုးနွယ်တို့တွင် အခွင့်အခါ မကြုံ၍ ကျွတ်တမ်းမဝင်သေးသူများနှင့် သာသနာ့အမွေကို ခံထိုက်သူများအား သိမ်းသွင်းကူညီ မစထိန်းသိမ်းစောင့်ရှောက် ပေးနိုင်ရပါလို၏" ဟူ၍ ဖြစ်သည်။

၄၄။ ထို့ကြောင့် သုဝဏ္ဏဘူမိမြေသည် "**မြေပါဒ၊ ဇေယျာခ၊ ရွှေပါဒ**" ဟူသော သိုက်ထွက်စကားနှင့်အညီ ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္တာ ရတနာ ပေါသည်။ ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော ဤမြေကြီးသည် ဘူမိနက်သန် မှန်သည်။ မြင့်မြတ်သောမြေလည်း ဖြစ်သည်။ ကေလာသ စေတီတော်မှာလည်း ဘုရားရှင်၏ ဗျာဒိတ်အရ ဘုရားရှင်နှင့် မကြုံမဆုံလိုက်ရသော အဆွေအမျိုးများ (၅၀၀၀) သာသနာ

ထက်ဝက်ကျော်လျှင် ဤနေရာတွင် ဆုံကြပြီး၍ တရားရ ကျွတ်တမ်းဝင်ကြမည်။ ရဟန္တာမထေရ်မြတ်ကြီးများ၏ ဗျာဒိတ်တော်အရ နောင်သောအခါ ဤစေတီတော်သည် အလံ တစ်ရာ၊ သောဏ္ဏာယ ရွှေစေတီအဖြစ် ထင်ပေါ်မည်။ ဤ စေတီသည် ဗျာဒိတ်တော် နှစ်ခုရ သာရီရိက (ဓာတု) စေတီဖြစ်၍ ဆုတောင်းလည်း ပြည့်သည်။

၄၅။ သုဝဏ္ဏဘူမိနယ်မြေတွင် စေတီပုထိုးများ ပေါများသော ကြောင့် တစ်ချိန်က သာသနာတော် ထွန်းလင်းတောက်ပ ခဲ့ကြောင်း ထင်ရှားသည်။ အချိန်ကာလ ကြာမြင့်စွာ ထိန်းသိမ်း စောင့်ရှောက်မှု မရှိသောကြောင့်လည်းကောင်း၊ ခေတ်ပျက် ခေတ်ဆိုး အမျိုးမျိုးနှင့် ကြုံခဲ့ရသောကြောင့်လည်းကောင်း၊ တစ်ချိန်က ထွန်းလင်းတောက်ပခဲ့သော သာသနာတော် ညှိုးနွမ်းတိမ်ငုပ်ခဲ့ရသည်။ စေတီပုထိုးများစွာလည်း တော ချုံအောက်သို့ လူမသိ ကိုးကွယ်သူမရှိ ဖြစ်ခဲ့ရသည်။ ယခု အချိန်တွင် ဘုမ္မိဒေဝီ မယ်တော်၏ ဘုရားရှင်ထံပါး ဆုတောင်း ပတ္ထနာပြုခဲ့သည့်အတိုင်း ကျိုက်ထီးဆောင်း ဆရာတော်ကြီးက တောစဉ် တောင်စဉ်များ၌ ပျက်စီးယိုယွင်းနေသော ဆံတော်ရှင် ဘုရားစေတီများနှင့် တန်ခိုးကြီးဘုရားစေတီများကို ပြန်လည် ဖွင့်ဖေါ် တည်ဆောက်နေသည်။ အံ့ဩဖွယ် ပြီးမြောက် အောင်မြင်မှုများ ရှိသည်။ ယင်းသို့ ပြီးမြောက်အောင်မြင်

မှုများသည် ဘုမ္မိဒေဝီမယ်တော်၏ သာမန်ပုဂ္ဂိုလ်များ မသိမမြင်နိုင်အောင် မစမှုလည်း ပါမည်။ ကျိုက်ထီးဆောင်းဆရာတော်၏ ပြုပြင်တည်ဆောက်မှု များ၌ လုပ်အားဒါနဖြင့် ပါဝင်ကုသိုလ်ယူနေကြသည့် ငါးသုံးလီအဖွဲ့ဝင်များ အရိပ်မျှသိကြပေလိမ့်မည်။ ရောက်ဖူးသူတိုင်းလည်း အသိပင်ဖြစ်သည်။

## ဗုဒ္ဓဘုရားရှင် ခြေတော်ချ--တရားပြ--ကေလာသ

၄၆။ ဗုဒ္ဓဘုရားရှင် ကေလာသတောင်တော်ပေါ်သို့ ကြွရောက်တော်မူခဲ့ခြင်းမှာ ဒိဗ္ဗစက္ခုဉာဏ်တော်ရ ဘုရားရှင်တို့သာ သိမြင်နိုင်မည့် အနာဂတ် သာသနာအတွက် ရှုမြော်ပြီး အမြင့်မြတ်ဆုံး နေရာဌာနမှန်ကို ရွေးချယ် သီတင်းသုံးခဲ့ခြင်းဖြစ်သည်။ ကေလာသတောင်သည် အရပ်ရှစ်မျက်နှာကို မြင်တွေ့နိုင်သည်။ လူနတ် သတ္တဝါပေါင်း များစွာတို့ ပူဇော်ထိုက် ကုလားတောင်တန်း၏ အမြင့်ဆုံးသော တောင်ထွတ်ကို ရွေးချယ်ခဲ့သည်။ ဤတောင်ထွတ်မှ အရပ်ရှစ်မျက်နှာသို့ ဖြာဆင်း သွယ်တန်းနေကြသည့် တောင်ငယ်၊ တောင်စွယ်၊ တောင်နှာမောင်းများသည် ဘုရားရှင် သီတင်းသုံးခဲ့သည့် ကေလာသတောင်ထွတ်ကို ဦးညွတ်ပူဇော်နေကြဘိအလားသို့ ရှိသည်။ ထို့ကြောင့် "**တောင်စကြာ**"ဟု ခေါ်ဆိုခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းရှိ မင်းဝံတောင်သည် အထက်ကိုးနဝင်း တောင်ဖီလာဖြစ်၍ သုဝဏ္ဏဘူမိ ကေလာသတောင်သည် အောက်ကိုးနဝင်း

တောင်ဖီလာဖြစ်သည်။ အထက်ကိုးနဝင်း တောင်ဖီလာတွင် တောင်ဖီလာဆရာတော် ဓမ္မကူးဆရာတော်၊ မောနိယ ဆရာတော်၊ ပရက္ကမဆရာတော်တို့သည် ထူးခြားထက်မြက်သည်။ အဓိဋ္ဌာန်သစ္စာ, မေတ္တာကြီးမား ထင်ရှားသည်။ သုဝဏ္ဏဘူမိ တောင်ဖီလာတွင် ဘားကိုးဘားဆရာတော်က ထင်ရှားသည်။

၄၇။ သုဝဏ္ဏဘူမိ သုဓမ္မဝတီပြည့်ရှင် တိဿဓမ္မရာဇာမင်းနှင့် တိုင်းသူပြည်သား လူအပေါင်းတို့သည် ဗုဒ္ဓဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာ ခမ်းနားကြီးကျယ်စွာ ပူဇော်ကြသည်။ ဗုဒ္ဓဘုရားရှင်သည် မင်းနှင့်တကွ ပြည်သူပြည်သားများကို ခုနစ်ရက်တိုင်တိုင် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသည်။ မင်းနှင့်တကွ များစွာကုန်သော ဝေနေယျာများ ဥပါသကာ၊ ဥပါသိကာများ ဖြစ်ကြကုန်သည်။ ထောင်သောင်းမက များလှစွာသော ပုဂ္ဂိုလ်တို့လည်း ကျွတ်တမ်းဝင်ကြကုန်သည်။

## ရဟန်းမြတ်တို့အား ဆံတော်ရှင်များ ပေး၍ ကေလာသ

၄၈။ သုဝဏ္ဏဘူမိ နေပြည်တော်ရှိ ကေလာသတောင်တော်မြတ်တွင် ဗုဒ္ဓဘုရားရှင်၏ တရားဓမ္မကို နာကြားကြကုန်သော တောတောင် လှိုမြောင် စိမ့်စမ်း ဂနိုင်စခန်းများ၌ အဓိဋ္ဌာန်

အကျင့်နှင့် နေထိုင်ကြကုန်သော လောကီစျာန် အဘိညာဉ်ရ ရသေ့ကျော်များသည် ဘုရားရှင်ထံ ချဉ်းကပ် ဖူးမြော်ကြသည်။ သာသနာအရှည် တည်သမျှ ကာလပတ်လုံး ကိုးကွယ်ထားရန် ပူဇနိယဝတ္ထု တစ်စုံတစ်ရာ ချီးမြှင့်တော်မူပါရန် လျှောက်ထား တောင်းခံကြလေသည်။ ထိုအခါ-

(က) သုဝဏ္ဏဘူမိမြေ၌ သာသနာတော် အရှည်ပွင့်လင်းမည်ကို မြင်တော်မူ၍လည်းကောင်း။

(ခ) ဘုရားရှင်၏ သက်တော်ထင်ရှား ရှိစဉ်ကာလ တရားမရ ကျွတ်တမ်း မဝင်နိုင်ကြသေးသည့် အဆွေအမျိုးတို့ နောင်ဆံတော်ရှင် သာသနာအတွင်း တရားသိမြင် ကျွတ်တမ်းဝင်နိုင်ကြမည်ကို သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်တော်မူ၍ လည်းကောင်း

(ဂ) ရှေးဦးပထမ အဘိယာစက ပြုလာကြကုန်သော အောက်ပါ ရသေ့ကျော် ခြောက်ပါးတို့အား သက်တော်ထင်ရှား ရှိဘိအလားသို့ (သဇီဝ) ဆင်္ကေသ မဟာဓာတုဝင် ဆံတော်(၆)ဆူကို တစ်ဆူကျစီ ကိုယ်ပွါးအဖြစ် အမွေ ပေးသနားတော်မူသည်။

(က) ဂစ္ဆာဂီရိ (ဇင်းကျိုက်) တောင်နေ တိဿကုမာရ ရသေ့၊

(ခ) ဗန္ဓဝဂီရိ (ဇွဲကပင်) တောင်နေ သီဟကုမာရရသေ့၊

(ဂ) ဒိုးခလွန်း (ကေလာသ) တောင်နေ ထိလရသေ့၊

(ဃ) သီရိပဗ္ဗတ (ကုသိနာရုံ) တောင်နေ ဒိဗ္ဗစက္ခုဘာယ ရသေ့၊

(င) ဒိုးတမော့ ကတွန်တလိုင် (ကျိုက်ထီးရိုး) ဗုဒ္ဓဉာဏ ရသေ့၊

(စ) နာဂပဗ္ဗတ (မဲလန်) တောင်နေ မဲလန်ရသေ့။

၄၉။ ဗုဒ္ဓဘုရားရှင်က ပထမရသေ့ကြီး ခြောက်ပါးတို့အား ဆံတော် (၆) ဆူ ပေးသနားတော်မူပြီး၊ နောက်ရက်မှ ရောက်ရှိလာကြသော ရသေ့ကြီးခြောက်ပါးတို့ကိုလည်း တရားနာကြားအပြီး ဘုရားရှင်ထံပါး ချဉ်းကပ်ဖူးမြော်ကြသည်။ ပူဇနီယဝတ္ထု တစ်ခုခု ပေးသနားတော်မူရန် လျှောက်ထား တောင်းပန်ကြသည်။ ထိုအခါ ဘုရားရှင်က ရသေ့ကြီးများ နေထိုင်ရာအရပ်တွင်လည်း သာသနာတော် အရှည်တည် ပွင့်လင်းမည်ကို မြင်တော်မူ၍ (သဇိပ) ဆကေသ မဟာဂန္ဓဝင်အဖြစ် ဆံတော် တစ်ဆူကျစီ (၆)ဆူကို ဒုတိယအကြိမ် ပေးသနားတော်မူသည်။

(က) မွတ်လဒိတောင်မှ ကပ္ပ ရသေ့၊
(ခ) မွတ်လအတောင်မှ နာရဒရသေ့
(ဂ) ဝါဂရုလမိုင်းကေလာသမှ ရသေ့
(ဃ) ဒိုးယွန်း (ခေါ်)ကျိုက်ဒေးယျုတောင်မှ ရသေ့၊
(င) ကျိုက္ခမိတောင်မှ ရသေ့၊
(စ) ဆောင်ခဲ (ခေါ်)ကျိုက်တဲတောင်မှ အလ္လကပ္ပရသေ့။

၅၀။ ဗုဒ္ဓဘုရားရှင် မဇ္ဈိမဒေသသို့ ပြန်လည်ကြွခါနီးတွင် နတ်ဘီးလူးများ၏ အကြီးအမှူး ဒေဝကုန္ဒလနှင့် မဏိကုန္ဒလ ညီနောင်တို့ ရောက်ရှိလာကြသည်။ ထိုနတ်ဘီလူးညီနောင်တို့အား တရားဓမ္မများ ဟောကြားတော်မူသည်။ တရားနာကြားအပြီးတွင် နတ်ဘီလူးညီနောင်တို့က ပူဇနိယဝတ္ထုတို့ကို ပေးသနားတော်မူပါရန် လျှောက်ထားတောင်းခံကြသည်။ ဘုရားရှင်က စက္ခုဉာဏ်တော်ဖြင့် ကြည့်တော်မူရာ

(က) နတ်ဘီလူးများ နေထိုင်ရာအရပ်တွင် သာသနာတော် အရှည်တည်မည်ကို မြင်တော်မူ၍လည်းကောင်း
(ခ) အနာဂတ်တွင် ဤနတ်ဘီလူး နေထိုင်ရာအရပ်ကို အခြေတည်၍ သာသနာတော်ပွင့်လင်းမည်ကို မြင်တော်မူသောကြောင့်လည်း သဇီဝမဟာဓါတုဝင် ဆံတော်တစ်ဆူကို ပေးသနားတော်မူသည်

(ဤဆံတော်ရှင်သမိုင်းကို ကျိုက်ထီးဆောင်းဆံတော်ရှင် သမိုင်းတွင် ပြထားသည်။) ထိုအခြင်းအရာကို မြင်သော တိဿ မမ္မသီဟရာဇာမင်းက ဘုရားရှင်ထံမှ ပူဇနီယဝတ္ထုတစ်ခုခု ပေးသနားတော်မူရန် လျှောက်ထားတောင်းခံသည်။ ထိုအခါ ဘုရားရှင်က "အို မင်းမြတ်၊ ပူဇနီယဝတ္ထုများ ပေးပြီးဖြစ်၍ သင်မင်းကြီးအား မပေးတော့ပြီ၊ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော် မူပြီးနောက် ငါဘုရား၏ သွားတော်ခါတ် (၄၄)ထဲမှ သွားတော် ခါတ်တစ်ဆူကို အစိဋ္ဌာန်ဖြင့် (၃၃) ဆူပွား၍ အရှင်ဂဝမ္ပတိ မထေရ်မြတ်က သင်မင်းကြီးထံသို့ ယူဆောင်ပေးလိမ့်မည်။

ထိုအခါ "သင်မင်းကြီး ဒါယကာ၊ ခံယူပူဇော် ကိုးကွယ် လေ"ဟု မိန့်တော်မူခဲ့သည်။ ထို့နောက် ရသေ့ကျော်များက ဘုရားရှင်အား ပူဇနီယဆံတော်ခါတ်များ ရပြီဖြစ်သော်လည်း ဘုရားရှင်ဟော ကြားတော်မူခဲ့ပြီး တရားမမ္မများကို လိုက်နာ မှတ်သားရန် လိုအပ်နေပါသေးကြောင်း လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က "ငါဘုရားဟောကြားတော်မူခဲ့ပြီး တရား တော်များအတွက် မပူကြလေနှင့် နောင်အခါ ငါဘုရား၏ တပည့်သား သာဝကရဟန်းတော်များ လာရောက် ဖွင့်ဖော် ပေးလိမ့်မည်" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။

## ဗုဒ္ဓဉာဏရသေ့ကြီးသို့ ဆံတော်များ ပေးအပ်ခြင်း

၅၁။ ဒိုးခလွန်း(ခေါ်) ကေလာသတောင်မှ ထိလရသေ့နှင့် ကုသိနာရုံ (ခေါ်) သီရိပဗ္ဗတတောင်မှ စက္ခုဘယရသေ့တို့သည် ဘုရားရှင်ထံမှ ဆံတော်တစ်ဆူစီ ရရှိခဲ့ကြသည်။ (၂) နှစ်ကျော် (၃) နှစ်အထိ ရှိလာသောအခါ ရသေ့ကြီးတို့မှာ အိုမင်းမစွမ်း ရှိလာခြင်း၊ အနာရောဂါစွဲကပ်လာခြင်း၊ မကြာမီ သေလွန်တော့ မည်ကို သိလာခြင်းတို့ကြောင့် ၎င်းတို့ ရရှိထားခဲ့သော ဆံတော်နှစ်ဆူကို လူနတ်သတ္တဝါ ဝေနေယျာများ ပူဇော် ကိုးကွယ်နိုင်ရန် မဆောင်ရွက်ရသေးသောကြောင့် ပူပင် သောကကြီးစွာ ရောက်ကြရသည်။ ရသေ့ကြီးများ သေလွန် တော့မည်ဖြစ်၍ ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏရသေ့ ကြီးအား ခေါ်ယူပြီး ၎င်းတို့ ရရှိထားသောဆံတော်ကို ပေးအပ်ကြသည်။ နောင်လူနတ်သတ္တဝါ ဝေနေယျာများ ကိုးကွယ်ပူဇော်နိုင်အောင် ပြုလုပ်ထားပေးရန် မှာကြားခဲ့ ကြသည်။ ဗုဒ္ဓဉာဏရသေ့ကြီးလည်း မိမိရရှိထားသော ဆံတော်တစ်ဆူနှင့်ပေါင်း၍ မပျောက်ပျက်ရလေအောင် ဆံ တော်(၃) ဆူကို မိမိဦးခေါင်းဆံကျစ်တွင် စည်းနှောင် ကိုးကွယ် ထားလေသည်။

## စေတီတော်

၅၂။ ဗုဒ္ဓကျမ်းဂန်လာ"**စေတီတော်**" ဆိုသည်မှာ "**စေတိယ**" ဟူသောပါဠိမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို"**စေတိယ**"ကို မြန်မာပြန်သော်-ပူဇော်ထိုက် ရှိသေလေးစားထိုက်သောအရာ အုတ်ကျောက်စသည်တို့ဖြင့် စီမံ၍တည်ဆောက်ထားသော အရာဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် မျက်မှောက်ကာလ ဗုဒ္ဓဘာသာဝင်များ-

(က) သာရီရက (ဓါတု) စေတီ၊

(ခ) မမှုစေတီ၊

(ဂ) ပရိဘောဂစေတီ၊

(ဃ) ဥဒ္ဒိဿစေတီ ဟူသော စေတီလေးမျိုးကို တည်ဆောက်ပြုပြင် ကိုးကွယ်လျက်ရှိသည်။ သို့သော် ထိုစေတီလေးမျိုးကို ပူဇော်ရာ၌ စိတ်, စေတနာ, သဒ္ဓါတရား အတူတူထားနိုင်လျှင် အကျိုးတရားများလည်း အတူတူပင် ရသည်။ ထိုအထဲတွင် သာရီရက (ဓါတု) စေတီ၌ ဘုရားရှင်ကိုယ်မှ ဖြစ်သော ဓါတ်တော်၊ မွေတော်၊ မွေးညှင်းတော်၊ မြေသည်းတော်၊ လက်သည်းတော် စသည်တို့ကို ဌာပနာ သွင်းထည့်ခြင်း ဖြစ်သည်။ ထိုသာရီရက (ဓါတု)စေတီတွင် ဌာပနာကြသော အရာများမှာ

(က) ဘုရားရှင်၏ သက်တော်ထင်ရှားရှိစဉ်က ရသော မါတ်တော်ရှင်ကို ဌာပနာခြင်း၊

(ခ) ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးမှ ရသော မါတ်သောကို ဌာပနာထားခြင်းဟူ၍ နှစ်မျိုးရှိသည်။

ထိုနှစ်မျိုးလုံးသော စေတီတို့ကို ပြုပြင်ခြင်း၊ ပူဇော်ကိုးကွယ်ခြင်းတို့မှာ အခြားစေတီများကို ပြုပြင်ခြင်း၊ ပူဇော်ကိုးကွယ်ခြင်းထက် အကျိုးတရား ဖြစ်ပွားသည်။ ထိုထက် အကျိုးတရားများသည်မှာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ကိုယ်တော်တိုင် ချီးမြှင့်ပေးသနားသည့် (သဓိဝ) ဆံတော်ရှင်ကို ဌာပနာထားသော စေတီများအား ပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ တည်ဆောက်ခြင်း၊ ပူဇော်ကိုးကွယ်ခြင်းက ပို၍ အကျိုးတရား ကြီးမားသည်။

## ကေလာသ ဆံတော်ရှင် စေတီတည်ထားခြင်း

၅၃။ မဟာ (၁၁၁) ခုနှစ်တွင် ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော် တစ်ဆူကို ဒိုးခလွန်း (ခေါ်) ကေလာသတောင်နေ ထိလ ရသေ့ကြီးက ရရှိခဲ့သည်။ ဆံတော်ကို စေတီတည်ကိုးကွယ်ခြင်း မပြုပဲ မိမိဦးခေါင်းဆံကျစ်၌ စည်းနှောင်ကိုးကွယ်ခဲ့သည်။ (၂)နှစ်ကျော် (၃)နှစ်ကာလသို့ ရောက်သည့်အခါ ထိလ ရသေ့ကြီးသည် ဇရာဒုဗ္ဗလနှိပ်စက်လာ၍ သေလွန်တော့မည်ကို

ကြောင့်ကြသဖြင့် မိမိကိုးကွယ်ထားသော ဆံတော်ကို မိမိကိုယ်စား မိမိနေထိုင်ရာ တောင်ထိပ်တွင် စေတီတည်ထား ဌာပနာသွင်းပေးရန် ဒိုးကမော့ ကတွန်ဂလိုင် (ခေါ်) ကျိုက်ထီး ရိုးတောင်နေ မိတ်ဆွေဗုဒ္ဓဥာဏရသေ့ကြီးအား မှာကြား ပေးအပ်ပြီး မကြာမီ ကွယ်လွန်သည်။ ဗုဒ္ဓဥာဏရသေ့ကြီး မှာလည်း (၃)နှစ်ကျော် (၄)နှစ်ရှိလာ၍ အိုမင်းမစွမ်း ဖြစ် လာသည်။ အနာရောဂါများလည်း စွဲကပ်လာသည်။ မကြာမီ သေလွန်တော့မည်ကိုလည်း သိလာသည်၊ ဆံတော်များအတွက် စိုးရိမ်ပူပန်မှုကြီးစွာ ဖြစ်ရသည်။ ဆံတော်၏ တန်ခိုးကြောင့် မာတင်းသော ကမ္ဘလာကို သိကြားမင်းက မြင်၍ လူ့ပြည်သို့ ကြည့်တော်မူရာ အများသတ္တဝါအကျိုးငှာ ဗုဒ္ဓဥာဏ ရသေ့ ကြီးထံမှ ဆံတော် (၃) ဆူကို ကူညီဌာပနာပေးရမည့် အကြောင်း မြင်တော်မူသည်။ သိကြားမင်းသည် ဗုဒ္ဓဥာဏရသေ့ကြီးရှိရာသို့ ချက်ခြင်းလာရောက်ခဲ့သည်။ ထို့နောက် သိကြားမင်းက ဗုဒ္ဓဥာဏ ရသေ့ကြီးအား ၄င်းကိုးကွယ်ထားသည့် ဆံတော်သုံးဆူကို ကူညီ ဌာပနာပေးရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဗုဒ္ဓဥာဏရသေ့ကြီးက တိလရသေ့ မကွယ်လွန်မီ ပေးအပ်ခဲ့ သည့်ဆံတော်ကို တိလရသေ့နေထိုင်ခဲ့သော ကေလာသတောင် ထိပ်ပေါ်၌ ဌာပနာသွင်းလိုကြောင်း ပြောကြားသည်။ သိကြား မင်းလည်း ကေလာသတောင်ထိပ်ပေါ်သို့ ရသေ့ကြီးနှင့်အတူ

သွားရောက်ခဲ့ကြသည်။ တောင်ထိပ်ပေါ်ရှိ အကြီးဆုံးကျောက်တုံးတွင် အနက်သုံးတောင်တစ်မိုက်ရှိ ဌာပနာတိုက်ကို သံလျက်ဖြင့် ထွင်းဖောက်ပေးသည်။ ဗုဒ္ဓဥာဏရသေ့ကြီးက ဆံတော်ကို ရွှေကြုတ်ဖြင့် ဌာပနာသည်။ ထို့နောက် တိုက်ကုလားမြို့စား သပေါ်မင်းက မဟာ (၁၁၈)ခုနှစ်တွင် ဆံတော်ဌာပနာထားသော ကျောက်တုံးကြီးကို ငုံ၍ ဘိနပ်တော်အတောင် (၅၀) ရှိ လေးမျက်နှာတိုက် **စေတီ**ပုံ တည်ခဲ့ကြသည်။ စေတီတော်ကို ကျိုက်ကေသာရ **မြန်မာဘာသာ**ဖြင့် "**ဆံတော်ဘုရား**"ဟု ခေါ်သည်။ တိုက်ကုလားမြို့စား **သပေါ်မင်း**က မကြာမီ လာရောက် သီလဆောက်တည်**လေ့ရှိ**သဖြင့် "**ကျိုက်သီလပေါ်**"ဟုလည်း ခေါ်ကြသည်။

## အရှင်အနုရုဒ္ဓါမထေရ် ဦးဆောင်ပင့်လာသည့် မဟာထူပဝင်ဆံတော်များ

၅၄။ ဗုဒ္ဓဘုရားရှင် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါကပ်သီတင်းသုံးနေတော်မူစဉ် အရှင်အနုရုဒ္ဓါမထေရ်အမှူးပြုသော အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာဂရ၊ အရှင်ဉာဏပဏ္ဏိတ၊ အရှင်ရေဝတ စသော ရဟန္တာအရှင်မြတ်ခြောက်ပါးတို့သည် ဘုရားရှင်ထံပါး ချဉ်းကပ်ဖူးမြော်ကြသည်။ ဘုရားရှင်အား အရှေ့ဘက်**တစ်လွှား** ပင်လယ်ရပ်ခြား

တစ်ခုသော ပစ္စန္တရာဇ်အရပ်ရှိ လူသတ္တဝါတို့အား သာသနာပြုရန် သွားရောက်လိုကြောင်း လျှောက်ထားခွင့်ပန်ကြသည်။ ဘုရားရှင်က မဟာကရုဏာထား ခွင့်ပြုတော်မူသည်။ ထို့နောက် ဘုရားရှင်သည် ဦးခေါင်းတော်ကို လက်ျာလက်ဖြင့် သုံးသပ်တော်မူပြီး ပါရှိလာသော ဆံတော်ခြောက်ဆူကို ရဟန္တာအရှင်မြတ်ခြောက်ပါးတို့အား တစ်ဆူကျစီ ပေးသနားတော်မူသည်။ ထိုအခြင်းအရာကို မြင်တော်မူသော ညီတော်အာနန္ဒာက ဘုရားရှင်အား ဆံတော်များ ပေးသနားခြင်းနှင့် ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် အကျိုးတရားများကို လျှောက်ထားမေးမြန်းတော်မူသည်။ ထိုအခါ ဘုရားရှင်က အောက်ပါ ဗျာဒိတ်စကားဖြင့် မိန့်ကြားတော်မူသည်-

(က) ချစ်သားအာနန္ဒာ "ငါဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် ငါဘုရား၏သာသနာတော်သည် အနှစ်ငါးထောင်ပတ်လုံးတည်ရစ်လတ္တံ့။

(ခ) ဤခြောက်ဆူသော ဆံတော်မြတ်တို့သည် နှစ်ပေါင်း နှစ်ထောင်ငါးရာပတ်လုံး ဆင်းရဲကုန်လတ္တံ့၊ (ဝါ) ပူဇော်ခြင်း နည်းလတ္တံ့။

(ဂ) နှစ်ပေါင်းနှစ်ထောင့်ငါးရာလွန်သောအခါ ကြီးစွာသော ပူဇော်သက္ကာရ ဖြစ်လတ္တံ့။

(ဃ) တစ်ဆူသောစေတီသည် လူပေါင်းများစွာ ဖွဲ့စည်းအပ်သော တည်ထောင်အပ်သော စေတီ ဖြစ်လတ္တံ့။

ဤသို့ မြတ်စွာဘုရား၏ ဗျာဒိတ်စကား မိန့်ကြားချက်ကို မနုဖြူညောင်ချောင်းဆရာတော် အရှင်ဉာဏဝံသမထေရ် မြတ်က မြန်မာ (၁၂၈၈)ခုနှစ်သာသနာ (၂၄၇၀) ပြည့်နှစ်တွင် ကေလာသဘုရားရင်ပြင်တော်၌ ကျောက်စာကဗျည်းရေးထိုး မှတ်တမ်းတင် စိုက်ထူခဲ့သည့် အဟော အစ္ဆရိယာ ဝတ သောဏ္ဏာယ စေတီတော်ကျောက်စာတွင် အံ့ဩဖွယ် လေ့လာ ဖတ်ရှုရသည်။

၅၅။ ထိုကျောက်စာရေးထိုးစဉ်ကာလတွင် ကေလာသစေတီ အပါအဝင် ဆကေသမဟာဓါတုဝင်ဆံတော်ရှင် စေတီများနှင့် ဆကေသထူပဝင် ဆံတော်ရှင်စေတီများမှာ တောချုံအောက်တွင် ပျောက်ကွယ်လျက် လူသူမသိ တိမ်မြုပ်နေခဲ့ရသည်။ နယ်မြေ မှာလည်း အေးချမ်းမှုမရှိ ရောင်စုံသောင်းကျန်းသူများ ကြီးစိုး နေသည်။ ခေတ်ပျက်ခေတ်ဆိုးကာလ ဖြစ်နေသည်။ နယ်သူ နယ်သားများမှာလည်း ကျီးလန့်စာ စားနေကြရသည်။ ဘုရားစေတီ ဂူပုထိုးများမှာလည်း ကိုးကွယ်သူမရှိ၊ ငုပ်တိမ် ညှိုးမှိန်နေခဲ့ရသည်။ ထိုစဉ်ကာလ အခြေအနေက အတိုက်ကို ဖေါ်ဆောင်သည်။ သာသနာတစ်ဝက်ကျော်လျှင် ဆံတော်ရှင်

သာသနာသည် ရောင်ဝါနေလ ထွန်းတောက်မည်။ လူပေါင်းများစွာ ပူဇော်သက္ကာရ ပြုကြမည်။ သာသနာ (၂၅၀၀) ကျော်သည့် မျက်မှောက်ခေတ်တွင် အံ့ဩဖွယ်ကောင်းလောက်အောင် ဆံတော်ရှင်သာသနာ ပွင့်လင်းလာသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်စကားများ တိကျ မှန်ကန်ကြောင်း ယုံမှားကင်းစွာ တွေ့မြင်နေကြပေပြီ။

## စေတီတည်ထား ဆကေသထူပဝင်ဆံတော်များ

၅၆။ အရှင်အနုရုဒ္ဓါ မထေရ်ဦးဆောင်သော ရဟန္တာအရှင်မြတ်များသည် သုဝဏ္ဏဘူမိဒေသအတွင်း စွမ်းစွမ်းတမံ သာသနာပြုတော်မူခဲ့ကြသည်။ ထို့နောက် ရဟန္တာအရှင်မြတ်များသည် ၎င်းတို့ပင့်ဆောင်လာသော ဆကေသ မဟာထူပဝင် ဆံတော်ရှင်များကို လူနတ်သတ္တဝါဝေနေယျာများ ပူဇော်ကိုးကွယ်နိုင်ရန်အတွက် ဒါယကာရှာပြီး ဘုရားစေတီများ တည်ထား၍ ဆံတော်များကို ဌာပနာသွင်း ပူဇော် ကိုးကွယ်ခဲ့ကြသည်။ ထိုဆံတော်ရှင်ဘုရားများသည် ထူပဝင်ဆံတော်ရှင် ဘုရားစေတီများဖြစ်၍ ဘုရားရှင်၏ဗျာဒိတ်တော်အတိုင်း ရှေးက သာသနာ (၂၅၀၀) မကျော်သေး၍ ကျားနေဆင်အောင်း တောချုံပိတ်ဖုံးလျက် လူသိနည်း ကိုးကွယ်မည့်သူ နည်းခဲ့ရသည်။ ယခုအခါ သာသနာ (၂၅၀၀) ကျော်လာပြီးဖြစ်၍

ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်၏ ပြုပြင်ဖွင့်ဖော်မှုကြောင့် အေးချမ်းသာယာပြီး ပွင့်လင်းရာသီများတွင် လွယ်ကူစွာ မော်တော်ယာဉ်ဖြင့် ဖူးမြော်နိုင်ကြပေပြီ။ လူသိလည်းများ၊ ကိုးကွယ်မည့်သူလည်း များလာပေပြီ။ ထိုထူပဝင်ဘုရားစေတီများမှာ-

(က) အကြီးအမှူးအရှင်အနုရုဒ္ဓါမထေရ်။ သိကြားမင်း ဒါယကာပြု၍ ရင်းပင့်ဆောင်လာသော ဆံတော်ကို သက္ကထူပ (ခေါ်) သက္ကဥဿျောင်မြဘုန်းခေါင် (ခေါ်) သိကြားဘုရားစေတီတည်ဌာပနာသည်။ ထိုစေတီသည် ဘီးလင်းမြို့နယ် ဝိုင်းပတ်ကျေးရွာအနီးတွင် တည်ရှိသည်။

(ခ) အရှင်သောဘိတမထေရ်။ ပဋ္ဋုန္နနတ်သား ဒါယကာပြု၍ ကေလာသဆံတော်ရှင် စေတီတော်တွင် ဌာပနာသည်။ ထို့ကြောင့် ပဋ္ဋုန္နထူပဟု ခေါ်ကြသည်။ သို့သော် အစွဲအမြဲမဟုတ် လူအများက "ကေလာသဆံတော်ရှင်ဘုရား"ဟု ခေါ်ကြသည်။ "ကေလာသဆံတော်ရှင်ဘုရား" ဟု လည်း လူသိများသည်။

(ဂ) အရှင်ပဒုမုတ္တရမထေရ်။ မဏိမေခလာနတ်သမီး ဒါယကာပြု၍ မဏိမေခလာထူပစေတီ တည်

ဌာပနာသည်။ ထိုဘုရားစေတီမှာ ဘီးလင်းမြို့နယ် ငွဲကလာကျေးရွာအနီး ပင်လယ်ကမ်းစပ်ကျောက်တောင်ပေါ်တွင် တည်ရှိသည်။

(ဃ) အရှင်ဂုဏသာကရမထေရ်။ ညောင်ပင်စောင့်ရုက္ခစိုးနတ် ဒါယကာပြု၍ မြသပိတ်တွင် ဌာပနာသည်။ (ဘုရားရှင်၏ ကဿပ-လိုတရ မြသပိတ်တော် ဌာပနာထား) စေတီတော်ကို "အဒ္ဓိကနာဝိကထူပ" ဟုခေါ်ကြသည်။ သို့သော် လူအများက "မြသပိတ်ဆံတော်ရှင်ဘုရား"ဟု ခေါ်ကြသည်။ "မြသပိတ်"ဟုလည်း လူသိများသည်။ ဘီးလင်းမြို့နယ် သေလာပဗ္ဗကတောင် (ခေါ်) မြသပိတ်တောင်တွင် တည်ရှိသည်။

(င) အရှင်ဘာဏပဏ္ဍိတမထေရ်။ ဝရုဏနဂါးမင်း ဒါယကာပြု၍ ဝရုဏနာဂရာဇာထူပ (ခေါ်) နှစ်ထပ်ဘုရားစေတီတည် ဌာပနာသည်။ ထိုဘုရားစေတီသည် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ အနောက်ကပ်လျက်ရှိသော ဒိုးယွန်းတောင်ရှိ ကျိုက်ဒေးယျုံ ဆံတော်ရှင်ဘုရားစေတီအနီး တောင်စွယ်ထိပ်တွင် တည်ရှိသည်။

(စ) အရှင်ရေဝတမထေရ်။ ဒမိဠ-(ကျေးကုလား လူမျိုး) ကုန်သည်တို့၏ ဒါယကာပြု၍ ဒမိဠထူပ (ခေါ်) သတ္တနာဝိကထူပ (ခေါ်) ဇုတ်ကလိ မြသိန်းတန်ဘုရား စေတီတည် ဌာပနာသည်။ ထိုဘုရားစေတီသည် ဘီးလင်းမြို့နယ် ဇုတ်ကလိ ကျေးရွာနှင့် ပင်လယ်ကမ်းစပ်ရှိ ကျောက်တောင် ပေါ်တွင် တည်ရှိသည်။

၅၇။ အထက်ဖော်ပြပါ ထူပဝင်ဆံတော် ခြောက်ဆူသည် ကေလာသ သောဏ္ဍာယ ကျောက်စာပါ ဘုရားရှင်ဗျာဒိတ်တော် အတိုင်း သာသနာယက်ဝက် မကျော်မီက လူပသိ၊ ကိုးကွယ်မည့် သူများ ငုပ်တိမ်နေခဲ့ကြသည်။ ထို့အတူ ဆကေသထူပဝင် စေတီတော်ခြောက်ဆူ တည်ရှိမည့် နေရာဌာနကို ဂန္ထမူရ ပရိယတ္တိဂုဏ်ဆောင် ဆရာတော်ကြီးများက ၎င်းတို့ လေ့လာ တွေ့ရှိချက်များနှင့် သဘောထားအမြင်ကို အမျိုးမျိုးကြံဆ၍ သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း ရှိနိုင်ကြောင်း တင်ပြ ခဲ့ကြသည်။ ထို့ပြင် မနုဖြူညောင်ချောင်းဆရာတော်က လည်း သောဏ္ဍာယကျောက်စာဖြင့် ကေလာသဆံတော်ရှင် ဘုရားတွင် ကဗျည်းထိုးမှတ်တမ်းတင်ခဲ့သည်။ မျက်မှောက်ခေတ် ထိုဆကေသထူပဝင် ဆံတော်စေတီများသည် တိုက်ကုလား တောင်တန်းရှိ မြသပိတ်၊ ကေလာသ၊ ဒိုးယွန်းတောင်နှင့်

ဘီးလင်းမြစ်ဝှမ်းတွင် တည်ရှိနေသည်။ အထူးသဖြင့် ထိုထူပဝင်ဆံတော် ဘုရားစေတီများကို ကျိုက်ထီးဆောင်း ဆရာတော်အရှင်မြတ်က ဖွင့်ဖော်ပြုပြင်ထားသည်တို့က သက်သေပြလျက် ရှိပေသည်။ အသေးစိတ်ကို ရုပ်ထုများဖြင့် ဘီးလင်းမြို့နယ် ဝိုင်းပတ်ကျေးရွာအနီးရှိ သတ္တထူပ (ဝါ) သတ္တဥသျှောင်မြဘုန်းခေါင် (ဝါ) သိကြားဘုရားစေတီတော်တွင် ဖော်ပြထားပေသည်။ ထို့ကြောင့် ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ အဆိုပါ ထူပဝင်ဆံတော်ရှင်ဘုရားစေတီများ ပွင့်လင်းပေါ်ထွန်းလာပြီးဖြစ်ကြောင်း မျက်ဝါးထင်ထင် ဖူးတွေ့နိုင်ပေပြီ။

## ရဟန္တာအရှင်သူမြတ်တို့၏ ဗျာဒိတ်စကား

၅၈။ ဗုဒ္ဓဘုရားရှင်၏ ဆံတော်ရှင်စေတီများနှင့် ပတ်သက်၍ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ထားရှိခဲ့သော ဗျာဒိတ်တော်တို့သည်လည်းကောင်း ရဟန္တာအရှင်မြတ်တို့၏ ဗျာဒိတ်စကားတို့သည်လည်းကောင်း အံ့ဩဖွယ်မှန်ကန်လျက်ရှိသည်။ ထိုမှန်ကန်မှုများသည် မျက်မှောက်ကာလ မြင်တွေ့နေရသည်။ ဆံတော်ရှင်ဘုရားစေတီများ၏ ရွှေရောင်ဝင်းဝင်း ပွင့်လင်းစည်ပင်မှုတို့က ညွှန်ပြလျက်ရှိသည်။ ဆကေသထူပဝင်၊ ပဋ္ဋနူထူပဆံတော်ရှင် (ဝါ)

ကေလာသဆံတော်ရှင်ဘုရားစေတီနှင့် စပ်လျဉ်း၍ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ထားရစ်ခဲ့သော ရဟန္တာအရှင်မြတ်များ၏ ဗျာဒိတ်စကားကို အောက်ပါအတိုင်း တွေ့ရသည်။

(က) ဤစေတီသည် နောင်အခါ အလံတစ်ရာမျှ ဖြစ်လတ္တံ့။

(ခ) တရားသောမင်းသည်လည်း ဤအရပ်၌ ဖြစ်လတ္တံ့။

(ဂ) ဤစေတီတော်မြတ်ကား ထက်ဝန်းကျင်မှ မွှေ့လျော်ဖွယ်သော တံတိုင်းအစီအစဉ် စသည်ဖြင့် စေတီကို စီရင်ခြင်းကြောင့် နောင်အခါ၌ အလံတစ်ရာ သောဏ္ဍာယစေတီတော်အဖြစ် ထင်ရှားလတ္တံ့။

## သွားတော်ခာတ် (၃၃) ဆူ

၁၉။ ဗုဒ္ဓဘုရားသည် သုဝဏ္ဏဘူမိဒေသ (ကေလာသတောင်)မှ မဇ္ဈိမဒေသသို့ ပြန်လည်ကြွမြန်းခါနီး အချိန်တွင် တိဿဓမ္မ သီဟရာဇာမင်းကြီးကလည်း ပူဇနီယဝတ္ထု လျှောက်ထားတောင်းခံလေသည်။ ဘုရားရှင်က သင်မင်းကြီးအား "ငါ မပေးတော့ပြီ။ ငါဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ သွားတော်ခာတ်တစ်ဆူကို (၃၃)ဆူပွား၍ ဂဝမ္ပတိရဟန္တာ ဆောင်ယူပေးလိမ့်မည်။ ထိုအခါ ဒါယကာခံ၊ ကိုးကွယ်လေတော့"ဟု မိန့်ကြား

တော်မူပြီး။ အနောက်မြောက်အရပ်သို့ ကြွမြန်းတော်မူလေသည်။ ဘုရားရှင်သည် မဟာ (၁၄၈)ခုနှစ်တွင် မလ္လာမင်းတို့၏ ကုက္ကိုတောဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဂဝမ္ပတိရဟန္တာ အရှင်မြတ်သည် ဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း သွားတော်ဓာတ်တစ်ဆူကို အမိဋ္ဌာန်ဖြင့် (၃၃)ဆူပွား၍ သုဝဏ္ဏဘူမိ နေပြည်တော်သို့ ပင့်ဆောင်ပြီး၍ သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့သို့ ရောက်လျှင် သွားတော်ဓာတ် (၃၃)ဆူကို ပြည့်ရှင်မင်းသို့ ပေးအပ်လေသည်။ ထိုအခါ ပြည့်ရှင်မင်းက မိဖုရား (၃၃) ယောက်တို့အား တစ်ဆူကျစီ ပေးပြီး ကိုးကွယ်စေခဲ့သည်။ မိဖုရားများကလည်း ကျောက်စေတီငယ် (၃၃)ဆူ တည်ပြီး သွားတော်ဓာတ် တစ်ဆူကျစီကို ဌာပနာ၍ ပူဇော်ကိုးကွယ်ခဲ့ကြသည်။ သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့ မြေပြိုပျက်စီးသောအခါ သွားတော် ဓါတ်တော်များမှာလည်း လူမသိ သူမသိ တိမ်မြုပ်တောဖုံးခဲ့ရသည်။

၆၀။ ရာဇာစောဝေ (ခေါ်) သီရိမာသောကမင်း (ငယ်) လက်ထက်တွင် အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရ မထေရ်မြတ်တို့ အမှူးပြုသော ရဟန္တာအရှင်မြတ်ကြီးများ သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့တော်သို့ သာသနာပြု ရောက်ရှိခဲ့ကြသည်။ ထိုအချိန်က သီရိမာသောကမင်း (ငယ်)သည် ရဟန္တာအရှင်မြတ်

တို့အား ပျောက်ကွယ်နေသော ဆံတော်ရှင် စေတီများနှင့် သွားတော်မာတ် (၃၃)ဆူကို တန်ခိုးတော်ဖြင့် ရှာဖွေပေးရန် လျှောက်ထားသည်။ အရှင်သောဏနှင့် အရှင် ဥတ္တရမထေရ်တို့ ကလည်း ဆံတော်ရှင်စေတီများ တည်နေရာနှင့် သွားတော်ဓါတ် (၃၃)ဆူတို့ကို ဖော်ထုတ်ပေးခဲ့ကြသည်။ နောင်အခါ သီရိမာ သောကမင်း (ငယ်)က သွားတော်ဓါတ် ကိုးကွယ်လိုသူများ လာရောက်တောင်းခံလျှင် ချီးမြှင့်ပေးဝေခဲ့သည်။ ထို့ကြောင့် သွားတော်ဓါတ် (၃၃)ဆူသည် မျက်မှောက်ကာလတွင် မွန် ပြည်နယ်တွင် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ ဘီလူးကျွန်းမြို့နယ်များတွင် တည်ရှိပြီး၊ ကရင်ပြည်နယ်တွင် ဘားအံ၊ လှိုင်းဘွဲ့မြို့နယ်များတွင် တည်ရှိ၍ ပဲခူးတိုင်းတွင် ပဲခူး၊ သနပ္ပင်၊ ကဝ၊ ဒိုက်ဦး၊ ရွှေကျင်မြို့နယ်များတွင် တည်ရှိသည်။ ရာဇာဓိရာဇ (ခေါ်)သီရိမာသောကမင်း(ငယ်)၏ ထီးနန်းစိုက်ရာ သုဝဏ္ဏဘူမိ သုဓမ္မဝတီမြို့တော်မှာ ကေလာသစေတီတော်၏ အနောက်တောင်ဘက် ဝင်းကရွာနှင့် ကျောက်တုံးကြီးရွာအနီး တောင်ပေါ်တစ်ဝက်၊ မြေပြန့်တစ်ဝက် တည်ဆောက်ထားသော မြို့ဖြစ်သည်။ သီရိမာသောကမင်း (ငယ်)သည် ကေလာသ စေတီကို ယခင် လေးဒေါင့်တိုက်ပုံသဏ္ဍာန်မှ မျက်မှောက် ဖူးတွေ့ရသည့် ပုံသဏ္ဍာန်အဖြစ် ပြုပြင်ပြီး သွားတော်တစ်ဆူ လည်း ဌာပနာခဲ့သည်။ ထို့ကြောင့် ကေလာသစေတီတော်တွင် ဆံတော်ရှင်နှစ်ဆူနှင့် သွားတော်ဓါတ်တစ်ဆူ ဌာပနာထားသည်။

## ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း

၆၁။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သာသနာ (၂၃၅) ခုနှစ်တွင် အိန္ဒိယနိုင်ငံ ပါဋလိပုတ်ပြည်ရှင် သီရိမာ သောကမင်း၏ အကူအညီဖြင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်အမှူးပြုသော ရဟန္တာအရှင်မြတ် တစ်ထောင်တို့သည် အာသောကာရာမကျောင်းတော်၌ တတိယအကြိမ် သင်္ဂါယနာ တင်ကြသည်။ သင်္ဂါယနာ တင်ပွဲကြီးမှာ (၉)လ ကြာသည်။ ထိုသင်္ဂါယနာ ပွဲကြီးအပြီးတွင် သံဃာ့ဥသျှောင် အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်ကြီးက (၉) တိုင်း (၉) ဌာနသို့ သာသနာပြု စေလွှတ်လိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ထို့ကြောင့် ဗုဒ္ဓ ဘုရားရှင်၏ သာသနာတော် မည်သည့်အရပ်၌ ကောင်းစွာ တည်မည်ကို ဉာဏ်ပညာဖြင့် ဆင်ခြင်တော်မူသည်။ ပစ္စန္တရာဇ် ဇနပုဒ်အရပ်၌ တည်မည်ကို မြင်တော်မူသည်။ ထို့ကြောင့် သာသနာ (၂၃၆) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပစ္စန္တရာဇ်ဒေသ ကိုးဌာနသို့ သာသနာပြုများ အောက်ပါ အတိုင်း စေလွှတ်တော်မူသည်-

(က) မဇ္ဈန္တိကမထေရ်ကို ကသ္မီရ ဂန္ဓာရတိုင်း၊

(ခ) ဗကရေ၀တ မထေရ်ကို မဟိံသကတိုင်း၊

(ဂ) ရက္ခိတ မထေရ်ကို ၀နဝါသီအရပ်၊

(ဃ) ယောနကဓမ္မရက္ခိတ မထေရ်ကို အပရန္တကတိုင်း၊

(င) မဟာဓမ္မရက္ခိတ မထေရ်ကို မဟာရဋ္ဌတိုင်း၊

(စ) မဟာရက္ခိတ မထေရ်ကို ယောနကတိုင်း၊

(ဆ) မဇ္ဈိမ မထေရ်ကို ဟိမဝန္တာ၌ တည်နေသော စိန့်တိုင်းငါးရပ်၊

(ဇ) သောဏမထေရ်, ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်း၊

(ဈ) မဟိန္ဒမထေရ်ကို သီဟဠ-တမ္ဗပဏ္ဏိမည်သော သိင်္ဂိုဠ်ကျွန်း၊

## ရဟန္တာမထေရ်ကြီးများ သာသနာပြုရောက်ရှိခြင်း

၆၂။ သံဃာ့ဥသျှောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးသည် တစ်ခုသော ပစ္စန္တရာဇ် (သုဝဏ္ဏဘူမိ)ဒေသတွင် သာသနာတော် အရှည်တည်ပွင့်လင်းမည်ကို မြင်တော်မူသည်။ ထို့ကြောင့် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် အမှူးပြုသော အရှင်တိဿဂုတ္တမထေရ်၊ အရှင်အနုရုဒ္ဓါမထေရ်၊ အရှင်သောဏမထေရ် စသော ရဟန္တာ (၅)ပါးတို့အား ပစ္စန္တရာဇ်- (သုဝဏ္ဏဘူမိ)တိုင်းသို့ သာသနာပြုစေလွှတ်ခဲ့သည်။ ရဟန္တာမထေရ်ကြီးများ သုဝဏ္ဏဘူမိတိုင်းသို့ သာသနာ (၂၃၆) ခုနှစ်တွင် ရောက်ရှိတော်မူကြသည်။ ထိုစဉ်က သုဝဏ္ဏဘူမိတိုင်း သုဓမ္မဝတီနေပြည်

တော်တွင် ရာဇာဓော၀ေ (ခေါ်) သီရိမာသောကမင်း (ငယ်) အုပ်ချုပ်စိုးစံနေချိန်ဖြစ်သည်။ သု၀ဏ္ဏဘူမိတိုင်းသားတို့သည် ရဟန္တာမထေရ်ကြီးများကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသောကြောင့် "သမုဒ္ဒရာမှတက်လာသည့် ဘီလူးရက္ခိုက်များ"ဟု ထင်ကြသည်။ လူအများ ဒုတ်၊ ဓါး၊ လက်နက်များ ကိုင်ဆောင်၍ တိုက်ခိုက်ရန် ပြေးလာကြသည်။ ထိုအခြင်းအရာကို မြင်တော်မူသော မထေရ်ကြီးများက သူတို့မှာ ဘီလူးရက္ခိုက်များ မဟုတ်ကြောင်း တရားဓမ္မ သီတင်းသီလနှင့် မွေ့လျော်ကြသည့် ရဟန်းတော်များဖြစ်ကြောင်းကို ရှင်လင်း ပြောကြားကြသည်။ ထိုအခါ မင်းနှင့်တကွ လူအများသည် ဗုဒ္ဓဘုရားရှင်ကြွရောက်ခဲ့ပုံအကြောင်း ဘုရားရှင်ပရိနိဗ္ဗာန်စံ၀င်တော်မူပြီး အရှင်ဂဝမ္ပတိမထေရ်ဘုရားရှင်၏ သွားတော် (၃၃)ဆူကို ပင့်ဆောင်လာသည့်အကြောင်း ဘုရားရှင်ဆံတော်နှင့် သွားတော်တို့ကို ဘုရားစေတီတည်ထားကိုးကွယ်ခဲ့ကြသည့် အကြောင်းများကို သတိရလာပြီး ဤပုဂ္ဂိုလ်များ ရဟန်းအမှန်ဖြစ်ကြောင်း လက်ခံကြလေသည်။ သဒ္ဓါကြည်ညိုကြလေသည်။ ရဟန္တာမထေရ်ကြီးများလည်း ကေလာသတောင်ပေါ်တွင် စံနေတော်မူကြသည်။

## ဘီလူးရက္ခိုက်များကို နှိမ်နင်းခြင်း

၆၃။ ရဟန္တာမထေရ်ကြီးများ ရောက်သည့်နေ့တွင် နန်းတွင်း၌ မိဖုရားကြီးမှ သားငယ်တစ်ပါး ဖွားမြင်သည်။ ရဟန္တာကြီးများ ရောက်ချိန်နှင့် မချဉ်းမနှောင်းမှာ ပင်လယ်သမုဒ္ဒရာမှ ဘီလူး

ရက္ခိုက်များ အုပ်စုဖွဲ့တက်လာကြသည်။ လူအများမြင်ကြလျှင် အရှင်ဘုရားတို့၊ ဟောဟိုမှာ ဘီလူးရက္ခိုက်များ လာကုန်ကြပြီးဟု" ကြောက်လန့်အော်ဟစ် လျှောက်ထားကြသည်။ ရဟန္တာမထေရ်ကြီးများက ဘီးလူးရက္ခိုက်များကို မကြောက်ရန် အားပေးစကားပြောကြားသည်။ အရှင်သောဏမထေရ်ကြီးက တန်ခိုးတော်ဖြင့် ဘီလူးရက္ခိုက်များထက် နှစ်ဆကြီးသော ဗြဟ္မာဦးခေါင်းနှင့်ခြင်္သေ့ကိုယ် နှစ်ခုပါသော မနုဿီဟပုံကို ထိက်လန့်ဖွယ်ကောင်းအောင် ဖန်ဆင်းခြောက်လှန့်သည်။ ထိုအခါ ဘီလူးရက္ခိုက်များ ကြောက်လန့်ထွက်ပြေးကြသည်။ ထို့နောက် မထေရ်ကြီးများက ဘီလူးရက္ခိုက်များ နောက်ထပ်မလာနိုင်စေရန် အရံအတားအဖြစ် ပရိတ်တရားတော်များကို ရွတ်ဆိုကြလေသည်။ ထိုအချိန်တွင် လူအများ စုဝေးရောက်ရှိလာကြ၍ အရှင်သောဏမထေရ်ကြီးက ဗြဟ္မဇာလသုတ္တန် တရားတော်ကို ဟောကြားတော်မူလေသည်။ ဗြဟ္မဇာလ ဒေသနာတော်ကို ကြားနာကြရ၍ လူအများ သောတာပန် ဖြစ်ကြကုန်သည်။ မင်းနှင့်တကွ ပြည်သူပြည်သားပေါင်း များစွာလည်း သရဏဂုံသီလ၌ တည်ကြသည်။ ပြည့်ရှင်မင်းက မြို့တော်၏ အရှေ့မြောက်ဒေါင့်တွင် ပင်လယ်ကို မျက်နှာမူ၍ မနုဿီဟပုံတုကို ထုလုပ်ထားစေသည်။ ထိုမနုဿီဟပုံကို ယခုအခါ ကေလာသဆံတော်ရှင်ဘုရား ရင်ပြင်ပေါ်၌ တွေ့နိုင်သည်။

## မထေရ်ကြီးများ ဖွင့်ဖော်သာသနာတော်

၆၄။ ဗုဒ္ဓဘုရားရှင် သုဝဏ္ဏဘူမိဒေသမှ ပြန်ကြွခါနီးတွင် ရသေ့ကျော်ကြီးများက "ဘုရားရှင် ဟောကြားတော်မူခဲ့ပြီး တရားမဗ္ဗများကို လိုက်နာကျင့်သုံးရန် လိုအပ်နေပါသေးကြောင်း" လျှောက်ထားကြသည်။ ထိုအခါ ဘုရားရှင်က "ငါဘုရားဟောကြားခဲ့ပြီး တရားတော်များအတွက် မစိုးရိမ်လင့်၊ နောင်အခါ ငါဘုရား၏ တပည့်သာဝက ရဟန်းတော်များ လာရောက်ဖွင့်ဖော်ပေးလိမ့်မည်"ဟု ဗျာဒိတ်စကားဆိုခဲ့သည်။ ရဟန္တာမထေရ်ကြီးများ သုဝဏ္ဏဘူမိ-သုမမ္ဗဝတီမြို့တော်သို့ ရောက်ချိန်တွင် ဘုရားရှင်၏

(က) ဆံတော်ရှင်သာသနာကို ထိမ်းသိမ်းစောင့်ရှောက်မည့်သူ မရှိ၍လည်းကောင်း၊

(ခ) ပရိယတ္တိလမ်းညွှန် မရှိသောကြောင့်လည်းကောင်း၊

(ဂ) ဆံတော်ရှင်ဘုရားစေတီများ ကာလကြာမြင့်စွာ ပြုပြင်မှု မရှိခြင်းကြောင့်လည်းကောင်း၊

(ဃ) မိုးဒဏ်၊ လေဒဏ် မြေပြိုမှု သဘာဝဘေးဒဏ်များကြောင့်လည်းကောင်း ပျက်စီးယိုယွင်းလျက်ရှိသည်။

ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ မထေရ်ကြီးများ သုဝဏ္ဏဘူမိ-သုမမ္ဗဝတီမြို့သို့ ရောက်သည့်ကာလတွင် ပြည့်ရှင်မင်းမှာ သီရိမာသောကမင်း (ငယ်) ဖြစ်သည်။ သီရိမာသောက

မင်း (ငယ်)မှာ သာသနာပြုမင်းဖြစ်၍ ဆရာဒကာ လက်တွဲ ညီညီပေါင်းစပ်မိကြသည်။ ထို့ကြောင့် မထေရ်ကြီးများသည် သီရိမာသောကမင်း၏ ကူညီမှုဖြင့် စွမ်းစွမ်းတမံ သာသနာပြုခဲ့ ကြသည်။ ပြည့်ရှင်မင်း၏ တောင်းပန်မှုကြောင့် မထေရ်ကြီး များကလူမသိ တိမ်ငုပ်ပျောက်ကွယ်နေသည့် ဆံတော်ရှင်စေတီ များ၏တည်နေရာများကို ပြည့်ရှင်မင်းအား ဖော်ထုတ် ပြသ ခဲ့ကြသည်။ ဖော်ထုတ်ပြသသည့် စေတီအားလုံးကိုလည်း သီရိမာသောကမင်း (ငယ်)က ဒါယကာခံပြုပြင်ခဲ့သည်။ ထို့ပြင် မြေပြို၍ လူမသိ တောခြုံဖုံးကာ ပျောက်ကွယ်နေသည့် ဘုရား ရှင်၏ သွားဟော်မာတ် (၃၃)ဆူကိုလည်း ဖော်ထုတ်ပြီး ပြည့်ရှင် မင်းသို့ အပ်ခဲ့ကြသည်။

၆၅။ သီရိမာသောကမင်း (ငယ်)နှင့် တိုင်းသူပြည်သားများက အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် အမှူးပြုသော ရဟန္တာ မထေရ်ကြီးများကို လွန်စွာကြည်ညိုကြသည်။ ထို့ကြောင့် ရဟန္တာ မထေရ်ကြီးများအား သုဝဏ္ဏဘူမိ-သုဓမ္မဝတီနေပြည်တော်တွင် သီတင်းသုံးနေထိုင်ရန် လျှောက်ထားကြသည်။ ရဟန္တာမထေရ် ကြီးများက လက်မခံ ငြင်းပယ်ကြသည်။ သီရိပဗ္ဗတ(ခေါ်) ကုသိနာရုံ တောင်တော်သို့ ကြွရောက် သီတင်းသုံးနေထိုင် ကြသည်။ ထိုအခါ သီရိမာသောကမင်း (ငယ်)က ကုသိနာရုံ တောင်ပေါ်တွင် မြမ္မာသောကရာမကျောင်းတော်ကြီး ဆောက်

လှူခဲ့သည် (မျက်မှောက်ကာလထိ ကျောင်းတော်ရာ ရှိသည်၊) ရဟန္တာမထေရ်ကြီးများအနေဖြင့် သုဝဏ္ဏဘူမိတိုင်းတွင် အရှင်ဂဝမ္ပတိမထေရ်နှင့် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ရောက်ရှိခဲ့ပြီး သာသနာကို ဆံတော်၊ သွားတော်များနှင့် စတင် ဖွင့်ဖော်ခဲ့သော်လည်း ပရိယတ္တိဝန်ဆောင် သံဃာပရိသတ်မရှိ၍ သာသနာတော် အရှည်မတည် ပျောက်ကွယ်ခဲ့ရကြောင်းကို သိတော်မူသည်။ ထို့ကြောင့် သီရိပဗ္ဗတ(ခေါ်) ကုသိနာရုံ တောင်တော်တွင် နေထိုင်ပြီး သံဃာရတနာနှင့် ပရိယတ္တိ သာသနာကို စတင်သင်ကြားပေးခဲ့သည်။ ထိုစဉ်က ပရိယတ္တိ သင်ယူသော သံဃာတစ်ထောင်ကျော်ရှိသည်ဟု ဆိုကြသည်။ ဤရဟန္တာမထေရ်ကြီးများ၏ ကျေးဇူးတော်ကြောင့် မြန်မာနိုင်ငံအတွင်း ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော် မျက်မှောက်ကာလအထိ အရှည်တည်ပွင့်လင်းနေသည်။

## မင်းနှင့်ပြည်သူ ကြည်ဖြူစိတ်တူ ပူဇော်ကိုးကွယ်ခဲ့ကြ ကေလာသ

၆၆။ ဤကေလာသ ဆံတော်ရှင်စေတီသည် ဗုဒ္ဓဘုရားရှင်၏ သဇီဝခေတ်တွင် ဆံတော်တစ်ဆူကို ဗုဒ္ဓဥာဏရသေ့ကြီးနှင့် သိကြားမင်းတို့က ဌာပနာသည်။ တိုက်ကုလားမြို့စား သပေါ်မင်းက ဒါယကာပြု စေတီတည်သည်။ ဒုတိယ သဇီဝထူပဝင်

ဆံတော်တစ်ဆူကို အရှင်သောဘိတရဟန္တာမထေရ်ကြီးနှင့် ပဉ္စနန္ဒနတ်သားတို့က ဌာပနာခဲ့သည်။ တတိယသွားတော်မာတ် တစ်ဆူကို သီရိမာသောကမင်း(ငယ်)က ဌာပနာပြီး စေတီတော်ကိုလည်း ပြုပြင်တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ကေလာသစေတီတော်သည် အလွန်ရှေးကျသော စေတီတစ်ဆူ ဖြစ်သည်။ မွန်/မြန်မာများသည် သုဝဏ္ဏဘူမိခေတ်ကပင် စေတီ/ပုထိုးများအား ကိုးကွယ်ခဲ့ကြသည်။ သုဝဏ္ဏဘူမိ- သုမမ္မဝတီမြို့တော်မှာလည်း ဝင်းကရွာနှင့် ကျောက်တုံးကြီး ရွာအနီး ကေလာသတောင်ခါးပန်းနှင့် တောင်ခြေတွင် တည်ရှိသည်။ အထူးသဖြင့် ကေလာသစေတီတော်မှာ မြို့တော်၏အရှေ့ဘက် တောင်ထွတ်ပေါ်၌ရှိ၍ နေမင်းကြီး ထွက်လာသည့်အခါ ရောင်ခြည်တော် ကွန့်မြူးတောက်ပ နေသည်။ အံ့ဩကြည်ညိုဖွယ်ရှိလှသည်။ မင်းနေမြို့တော်နှင့် အနီးကပ် တည်ရှိနေ၍ မြို့တော်၏ ကျက်သရေကိုလည်း ဆောင်သည်။ မင်းမိဖုရားနှင့် မှူးမတ်ပြည်သူ/ပြည်သားပါ နေ့စဉ် ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဖူးမြော်ပူဇော်ကြသည်။

၆၇။ ကေလာသ ဆံတော်ရှင်စေတီတော်ကို ပြည့်ရှင်မင်းနှင့် ပြည်သူ/ပြည်သားများသည် နေ့/ညမပြတ် ဖူးမြော်ကြသည်။ စေတီတော်တွင် နံနက်မှာ ဆွမ်း၊ ညတွင် ဆီမီး၊ ရေချမ်း၊ ပန်း နံ့သာတို့ဖြင့် မပြတ်ပူဇော်ကြ၊ ဦးခိုက်ကြသည်။ စေတီရင်ပြင် တော်တွင် ဘုရားဖူးများ အမြဲစည်ကားလျက်ရှိသည်။ ကေလာသ

စေတီတော်သည် သာရီရိက (မာတု)စေတီတော်ဖြစ်သည်။ ဤစေတီတော်မျိုးကို ဖူးမြော်ခြင်းဖြင့် စိတ်ထားမှန်က မြေတစ်လှမ်းနှင့် ကုသိုလ်ဆန်းဆန်းရသည်။ စိတ်ထားမမှန်က မြေတစ်လှမ်းနှင့် ငရဲဆန်းဆန်းလည်း ရနိုင်သည်။ မကောင်းမှုများပယ်ပြီး ကောင်းမှုကုသိုလ်အကျိုးအမျိုးမျိုးကို ရနိုင်သည်။ ထို့ကြောင့် ဤစေတီမျိုးကို ကိုးကွယ်မှုစိတ်ထားမှန်လျှင် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ချမ်းသာကို ရနိုင်ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ မင်းနှင့်ပြည်သူ စိတ်တူကြည်ဖြူ ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ စေတီတော်မှာလည်း ရွှေထီး တဝင်းဝင်း မှန်ကင်းတလျှပ်လျှပ်ဖြင့် ကြည်ညိုဖွယ် တည်ရှိနေခဲ့ပေသည်။

## တန်စိုးရောင်ရှိန် ညီးမှိန်မှန်က ကေလာသ

၆၈။ မွန်ရာဇဝင်တွင် သီရိမာသောကမင်း (အကြီး)နှင့် သီရိမာသောကမင်း (အငယ်) ဟူ၍ နှစ်ပါးရှိသည်။ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ် အမှူးပြုသော ရဟန္တာမထေရ်ကြီးများ ကြွရောက်ချိန်၌ သုဝဏ္ဏဘူမိ-သုဓမ္မဝတီမြို့တော်တွင် သီရိမာသောကမင်း (အငယ်) အုပ်ချုပ်စိုးစံနေသည်။ ရဟန္တာမထေရ်ကြီးများ ရောက်ချိန်က သုဝဏ္ဏဘူမိဒေသရှိ ဆံတော်ရှင်ဘုရားစေတီများ လူမသိ-တိမ်ငုပ်ပျောက်ကွယ် တောချုံဖုံးနေ

ခဲ့သည်။ ထိုအထဲတွင် ကေလာသဆံတော်၏ရှင်စေတီတော်လည်း ပါသည်။ ရဟန္တာမထေရ်ကြီးများက ညိုးနွမ်းတိမ်ငုပ်ပျောက်ကွယ်နေသော ဆံတော်ရှင်ဘုရားစေတီများ တည်နေရာတို့ကို ဖော်ထုတ်ပြသပေးသည်။ ထို့အတူ သွားတော်မာတ် (၃၃) ဆူကိုလည်း ဖော်ထုတ်ပေးအပ်ခဲ့သည်။ ပြည့်ရှင်မင်း အကူအညီဖြင့် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်။ ပြည့်ရှင်မင်းကလည်း ဘုရားစေတီများနှင့် သာသနိကအဆောက်အဦးများကို တည်ဆောက်ပြုပြင် မွမ်းမံမှုများဆောင်ရွက်ခဲ့သည်။ သီရိမာသောကမင်း (အငယ်)သည် သာသနာပြုမင်းဖြစ်သည်။ ညိုးမှိန်နေသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာသုံးပါးအထူးစည်ပင်ထွန်းကားသည်။ မွန်ကျောက်စာများအရ ရွှေတိဂုံ၊ ရွှေမော်ဓေါစေတီတော်များကိုပါ ပြုပြင်ခဲ့ကြောင်း ပြဆိုသည်။ သီရိမာသောကမင်း (အငယ်)မှ ဥရုနာဂါဘိရာဇာမင်းအထိ မင်းပေါင်း(၁၀)ဆက် သာသနာတော် စည်ပင်ထွန်းကားခဲ့သည်။

၆၉။ သာသနာ (၂၀၉)ခုနှစ်၊ ရာဇာစောဝေ (ခေါ်) သီရိမာသောကမင်း (အငယ်) တည်ထောင်ခဲ့သော သုဝဏ္ဏဘူမိ-သုမမ္ဗဝတီ (တိုက်ကုလား) မြို့တော်ကြီးဖြစ်သည်။ မြို့တော်မှာ ကေလာသတောင်ခြေတွင် ပင်လယ်ကို မျက်နှာမူ၍ တည်ဆောက်ခဲ့သည်။ သာသနာ (၄၅၀)ခုနှစ်တွင် ရေတိုက်စား

မှုကြောင့် ကမ်းပြို၍ မြို့ပျက်သည်။ ယုဂန္ဓမင်း (ခေါ်) ဇောတိပါလမင်းလက်ထက်တွင် မြို့တော်ကို လက်ရှိသထုံမြို့ အနီး နေမိန္ဓရတောင်ခြေတွင် ကုမာရမင်း တည်ထောင်ခဲ့သော သုမမ္မဝတီမြို့ဟောင်း နေရာသို့ ပြောင်းရွှေ့နန်းတည်သည်။ မြို့တော်ကို "သုဝဏ္ဏဘူမိ-သုမမ္မဝတီ"ဟု သမုတ်ခဲ့သည်။ ထိုအခါမှစ၍ ကေလာသတောင်ခြေမှ စခဲ့သော သုဝဏ္ဏဘူမိ-သုမမ္မဝတီ (တိုက်ကုလား) မြို့သည် ထီးနန်းစိုက်ရာနှင့် ဝေးခဲ့ရသည်။ ထို့အတူ ကေလာသ စေတီတော်ကြီးမှာလည်း နေပြည်တော်နှင့် ဝေးခဲ့ရပြီ။ မင်းနှင့်ပြည်သူတို့ ဆည်းကပ် ကိုးကွယ်မှု ကင်းပြတ်ခဲ့ရသည်။ တန်ခိုးရောင်ရှိန် မှေးမှိန်ခဲ့ရ ကေလာသဆံတော်ရှင် စေတီအဖြစ်သို့ ရောက်ခဲ့ရသည်။

## မွေစေတီမင်း ပြန်လည်တည်ဆောက် ပြုပြင်ခြင်း

၇၀။ သာသနာ (၄၅၀) ပြည့်နှစ်မှ (၁၆၀၁) ခုနှစ် မနူဟာမင်း လက်ထက်ထိ မင်းပေါင်း (၄၁)ဆက်တိုင်တိုင် သုဝဏ္ဏဘူမိ-သုမမ္မ ဝတီ (သထုံ)တွင် ထီးနန်းစိုက် စိုးစံနေခဲ့သည်။ သာသနာ (၁၆၀၁) ခုနှစ်တွင် သုဝဏ္ဏဘူမိ-သုမမ္မဝတီ (သထုံ) မြို့ကို အနော်ရထာမင်း တိုက်ခိုက်သိမ်းပိုက်ပြီးနောက်၊ မင်းနေပြည် တော်အဖြစ်မှ ကွယ်ပျောက်ခဲ့ရသည်။ အနော်ရထာမင်း သုဝဏ္ဏ ဘူမိ-သုမမ္မဝတီ (သထုံ)သို့ စစ်ချီရာ၌ ကျန်စစ်သားလည်း

စစ်သူကြီးအဖြစ် ပါဝင်ခဲ့သည်။ ကျန်စစ်သား မင်းအဖြစ်သို့ ရောက်သည့် သာသနာ (၁၆၄၂) ခုနှစ်တွင် ကေလာသတောင် ခြေတစ်ဝိုက်ရှိ ကျိုက်တလန်စေတီတော်နှင့် ကျိုက်တဲဆံတော်ရှင် စေတီများ ပြိုပျက်နေ၍ ပြုပြင်ခဲ့သည်။ ကျောက်စာများ ရေးထိုး မှတ်တမ်းတင်ထားခဲ့သည်။ ကေလာသတောင်ခြေတစ်ဝိုက် ဘုရားစေတီများ ပြုပြင်ရာ၌ ကေလာသ ဆံတော်ရှင်စေတီ မပါ၍ ထိုစဉ်က အပျက်အစီးမရှိဟု တွက်ဆရသည်။

၇၁။ မနူဟာမင်းပြီးနှစ် (နှစ်ရာ) ကျော်အကြာတွင် ဝါရိရု မင်းဆက် မုတ္တမ၌ အစပြုခဲ့သည်။ မင်း (၈)ဆက် ဗညား ဦးမင်းအထိ မုတ္တမတွင် မွန်မင်းဆက် ထီးနန်းစိုက်ခဲ့ကြသည်။ ကေလာသတောင်ခြေရှိ သုဝဏ္ဏဘူမိ-သုမမ္ဗဝတီ (တိုက်ကုလား) မြို့ဟောင်းမှာ တိမ်ကောပျောက်ကွယ်ခြင်း မရှိ၊ မုတ္တမ (၃၃) မြို့တွင် မြို့စားနယ်စား အုပ်ချုပ်သည့် အရေးပါသော အရံမြို့ တစ်မြို့အဖြစ် တည်ရှိနေခဲ့သည်။ သို့သော် ထိုခေတ်ထိုအခါ မြို့ပြနိုင်ငံအချင်းချင်း အင်းအားပြိုင် တိုက်ခိုက်နေကြသည်။ ကေလာသတောင်၏ တစ်ဝိုက်သည် စစ်မက်ထူပြောသည့် မငြိမ်းချမ်းသောနေရာဖြစ်သည်။ ထို့ကြောင့် ပြည်သူတို့ ကေလာသစေတီတော်သို့ အဖူးမမြော် အရောက်အပေါက် နည်းခဲ့ကြသည် ဗညာဦးပဲခူးသို့ ပြောင်း၍ ဒုတိယဟံသာဝတီ မင်းဆက်ကို ထူထောင်ခဲ့သည်။ ဗညားဦးမင်းမှ မမ္ဗစေတီ

မင်းအထိ သာသနာပြုခဲ့ကြသည် သုဝဏ္ဏဘူမိတိုင်း အတွင်း ပြိုပျက်နေသည့် ဘုရားစေတီများကို ပြန်လည် ပြုပြင် တည်ဆောက်ခဲ့သည်။ ရှေးက ပြာသာဒ်စေတီ၊ အိမ်အချို့ကို မျက်မှောက်ဖူးတွေ့ရသည်။ မကိုဋ်စေတီများအဖြစ် ပြန်လည် ပြုပြင် တည်ဆောက်ခဲ့သည်။

၇၂။ သာသနာ (၂၀၀၂) ခုနှစ်တွင် မမ္မစေတီနန်းတက်သည်။ သားမယ်တော် ဇယသူရနှင့် သမီးတော် တလမည်းကြီးတို့ကို အကြီးအမှူး ပြုစေလျက် ကေလာသဆံတော်ရှင်စေတီ၏ မူလ စေတီအိမ်ပြာသာဒ်ကို မကိုဋ်စေတီအဖြစ် တည်ဆောက်စေ ခဲ့သည်။ စေတီတော်၏ အခြေခံ ပန္နက်ပုံစံသည် ဟံသာဝတီ ခေတ် သုဝဏ္ဏဘူမိတိုင်းတစ်ခွင် မွန်ဘုရင်များ တည်ဆောက် ခဲ့ကြသည့် ရှစ်မြှောင့် ရှစ်ထောင့်ချိုး ပုံစံပင်ဖြစ်သည်။ ဉာဏ် တော် (၃၇) တောင် ရှိသည်။ အသစ်တည်ဆောက်ပြီး စေတီမှာ မကြာမီ ငလျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်ပုံရှိသည်။ သို့ဖြစ်၍ မမ္မစေတီမင်းကြီးက လကွန်းဗျဉ်းမြို့စားကို ပြန်လည် တည် ဆောက်စေပြန်သည်။ အထက်ပစ္စယံထိသာ ပြီးခဲ့သည်။ ထို့နောက် မမ္မစေတီမင်းကြီးသည် မိဖုရားကြီးနှင့်အတူ ပြန် လည် တည်ဆောက်ခဲ့သည်။ ခေါင်းလောင်းတော်အထိသာ ပြီးလေသည်။ တစ်ဖန် ဗြကဇအမတ်ကြီးအား ကြီးမှူးစေပြီး ပြီးစီးအောင် တည်ဆောက်စေခဲ့သည်။

၇၃။ မမွစေတီမင်းကြီးသည် တည်ဆောက်ပြီးစီးသော ကေလာသစေတီတော်မြတ်ကြီးအား မိဖုရားကြီး ယောက္ခမ တော် ဘုရင်မကြီး ရှင်စောပုတို့နှင့်အတူ ကြွရောက် ထီးတော် တင်လှူခဲ့သည်။ ကေလာသရှိ မူလသိမ်တော်ကိုလည်း တစ် ထောင့်လျှင် အတောင်လေးဆယ် ရှစ်မြောင့်ရှစ်ထောင့်ရှိ သိမ် တော်ကြီးကို ဘုရင်မကြီး ရှင်စောပုနှင့်အတူ ဆောက်လုပ် လှူဒါန်းခဲ့သည်။ ကောင်းမှုတော် မှတ်တမ်းများကို မွန်ဘာသာဖြင့် ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ ကျောက် စာမှာ ကေလာသစေတီတော် အောက်ပစ္စယံ အာရုံခံတန်ဆောင်း အတွင်း၌ ရှိသည်။ အက္ခရာအမှတ်အသားတို့မှာ များစွာ ပျက် စီးနေကြပြီး ဖြစ်သည်။ ကောင်းစွာ ဖတ်မရသဖြင့် သမိုင်းတန်ဖိုး ကြီးစွာဆုံးရှုံးရသည်။ အဆိုပါ ကျောက်စာတွင် ဘုရင်မကြီး ရှင်စောပုနှင့် မမွစေတီမင်းကြီးတို့ ကိုယ်တိုင်ကြွရောက် ဖူးမြော် ကြည်ညိုပြီး ကောင်းမှုကုသိုလ်များ ပြုခဲ့ကြောင်း သိရှိရသည်။ သို့ဖြစ်၍ ကေလာသစေတီတော်ကြီးမှာ ဒုတိယဟံသာဝတီ ခေတ်တွင်လည်း ရွှေထီးတဝင်းဝင်းဖြင့် တန်ခိုးရောင်ရှိန် ထွန်းလင်း တောက်ပခဲ့မည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

## ဟံသာဝတီစေတ်နောက်ပိုင်း

၇၄။ ကေလာဆံတော်ရှင် စေတီတော်အား မမွစေတီမင်းကြီး ပြန်လည်တည်ဆောက်ပြီး နောက်ပိုင်း အခြေအနေကို ကျောက်

စာကမ္ပည်းမှတ်တမ်းများ မတွေ့ရ။ ဘုရင့်နောင် မင်းတရားကြီး လက်ထက်၌ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဟောင်းနွမ်း ပြိုပျက်နေသော ဘုရားစေတီတော်အား ကျောက်ထီးတင်လှူခဲ့ ကြောင်း တွေ့ရသည်။ သို့သော် ကေလာသတည်ရာ တိုက် ကုလားနယ်သည် တောအထပ်ထပ် တောင်အသွယ်သွယ်ရှိ၍ ခရီးလမ်းပန်း ခက်ခဲဟန်တူသည်။ အရေးပေါ်တိုင်းလည်း သူပုန်သူကန်များ ခိုရာဒေသ ဖြစ်ခဲ့သည်။ ဘုရင့်နောင်ကို အန်တုဖက်ပြိုင်သူ သမိန်တောရသည်လည်းကောင်း၊ ဘုရင့် နောင်ကို ဖက်ပြိုင်ပုန်ကန်သူ ဗညားကျွန်းသည်လည်းကောင်း တိုက်ကုလားနယ်တွင် ခိုအောင်းနေခဲ့ကြသည်။ ထို့ကြောင့် ဘုရင့်နောင်လက်ထက် ကေလာသစေတီတော်သည် တော ချုံဖုံးအုပ်ပြီး ညှိုးနွမ်းစွာ သီတင်းသုံးနေခဲ့ရသည်။

၇၅။ စင်စစ်အားဖြင့် ကေလာသဆံတော်ရှင်ဘုရားတည်ရှိရာ တိုက်ကုလားနယ်သည် **စစ်တောင်း**၊ ကျိုက္ကသာဒုံဝန်း၊ မုတ္တမ ခရီးလမ်းတွင်ရှိ၍ မုတ္တမမှယိုးဒယားသို့ ချီတိုင်း ထိုနယ်ကို ဖြတ်သန်းသွားရသည်၊ ရေကြောင်းခရီးတွင် ကေလာသ တောင်ခြေကို ပတ်၍ စစ်တောင်း မုတ္တမချီရသည်။ မြေပြန့် လွင်ပြင်ရှိ ကျိုက်ထီးဆောင်းစေတီကို ကျောက်ထီးတင် ကုသိုလ်ပြုခဲ့သော်လည်း ကေလာသစေတီတော်ကို တစ်စုံ တစ်ရာပြုပြင်ခဲ့သည့်မှတ်တမ်းကို မတွေ့ရ။ အနောက်ဘက်

လွန်မင်းသည် ကျိုက်ပြင်းနတ် (**ဇင်းကျိုက်**)ဘုရားကို ထီးတော်တင်လှူခဲ့သည်။ ပြည်မင်းနှင့် **စနေမင်း**တို့သည် မကိုဋ်တော်တင်လှူခဲ့ကြောင်း တွေ့ရသည်။ ဤသို့ဖြင့် ညောင်းရမ်းခေတ်အင်းဝမင်းများလက်ထက်တိုင် မုတ္တမမှ တနင်္သာရီ၊ ယိုးဒယားသို့စစ်ချီရာ၌ ထိုလမ်းကြောင်းကို အသုံးပြုခဲ့သော်လည်း ကေလာသဆံတော်ရှင်အား ပူဇော်ခဲ့သော မှတ်တမ်းကို မတွေ့ရသဖြင့်တောချုံလွှမ်း ညှိုးနွမ်းနေမည်ဟု ယူဆရသည်။

## စိတ်သျှခေတ် ကေလာသဆံတော်ရှင်စေတီ

၇၆။ ခရစ် (၁၈၅၂)ခုနှစ်၊ အင်္ဂလိပ် မြန်မာစစ်ပွဲအပြီး မြန်မာပြည်အောက်ပိုင်း အင်္ဂလိပ်လက်အောက်သို့ ရောက်ခဲ့ရသည်။ ကေလာသတည်ရာ တိုက်ကုလားနယ်မှာလည်း အင်္ဂလိပ်အုပ်ချုပ်မှုအောက်သို့ ရောက်ခဲ့သည်။ ရှေးကတိမ်ငုပ်နေခဲ့ရသည့် ကေလာသဆံတော်ရှင်စေတီ ပွင့်လင်းမည့်အချိန်သို့ ရောက်လာ၍ မကြာခဏရောင်ခြည်ကွန့်မြူးပြခြင်း မျက်စိလယ်လမ်းမှားသူများ ထူးဆန်းသောအရာများ မြင်ရခြင်း၊ အံ့သြဖွယ်မြင်ရကြားရခြင်းများ ရှိလာသည်။ ထို့ကြောင့် လူအများစူးစမ်းလေ့လာမှု ပြုလာကြသည်။ ဆံတော်ရှင်တည်ရှိရာတောင်ကုန်းမှာ သစ်ကြီးဝါးကြီးများ ထူထပ်စွာ ပေါက်ရောက်နေခြင်း၊ မြင့်မားမတ်စောင့်ခြင်းတို့ကြောင့် သာမာန်ပုဂ္ဂိုလ်တို့မရောက်နိုင်အောင် ရှိခဲ့သည်။

၇၇။ ကေလာသဆံတော်ရှင် စေတီတော်ကြီးမှာ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်ခံ ဆံတော်၊ သွားတော်များ ကိန်းဝပ်စံပျော်ရာဖြစ်သည်။ မြင့်မြတ်သော နေရာဌာနမှန်လည်း ဖြစ်သည်။ ထို့ကြောင့် သမာဒေဝ နတ်သိကြားများ သိဒ္ဓိ၊ ဣဒ္ဓိရှင်များက ပဋ္ဌာန်းဆက်မကင်းသူတို့ သိရှိစေရန် အတိတ်ထူး နိမိတ်ထူးများပြသည်။ ပဋ္ဌာန်းဆက် မကင်းသူ ဗုဒ္ဓဘာသာဝင်များ၏ စိတ်အာရုံကို နှိုးဆော်တိုက်တွန်းသည်။ တောင်ခြေရှိ ဗုဒ္ဓဘာသာဝင်များ တိုင်ပင်နှီးနှောမှုမရှိပဲ မိမိဆန္ဒအလျောက် တောချုံတို့ကို ရှင်းလင်းကြရာမှ စေတီတော်ကြီးသို့ တက်ရောက်ဖူးမြော်နိုင်မည့် လမ်းစပေါ်ခဲ့သည်။ ဟောင်ခြေဝန်းကျင်မှ လူအများလည်း ခရစ် (၁၈၆၀) ခုနှစ် ဝန်းကျင်မှစ၍ စေတီတော်ကြီးအား တက်ရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။ တောချုံများအလယ် မတင့်မတယ်ဖြစ်နေသည်များကို ရှင်းလင်း သုတ်သင်ကြသည်။ မြန်မာသက္ကရာဇ် (၁၂၂၂) ခုနှစ်တွင် တောင်ခြေဝန်းကျင်မှ ရဟန်းရှင်လူများ စုပေါင်း၍ ထီးတော်အသစ် တင်လှူ ဖွင့်ဖေါ်ခဲ့ကြသည်။

## ပထမတောင်ပိုင်ဆရာတော်ဦးမဋ္ဌူ ထိမ်းသိမ်း စောင့်ရှောက်မှု

၇၈။ မြန်မာသက္ကရာဇ် (၁၂၄၀) ပြည့်နှစ်တွင် ကင်းရွာ၊ ရွာလယ်ကျောင်း ဆရာတော်ကြီး ဦးမဋ္ဌူသည် ကေလာသဆံတော်ရှင်စေတီတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ စေတီ

တော်ကြီး၏ ဝတ္တကမြေကိုလည်း ကျောက်တိုင်စိုက်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်များထံမှ အမိန့်တောင်းခံ၍ မှတ်ပုံတင် ပြုလုပ်ခဲ့သည်။ ဆရာတော်ကြီးမှာ ပထမတောင်ပိုင်ဆရာတော်ကြီးဖြစ်၍ တောင်ငူစွန်း၊ ကျိုက်ထို၊ ဘီးလင်းနယ်အတွင်း အများ၏ကြည်ညိုလေးစားမှုကို ခံရသည်။ သြဇာတိက္ကမလည်း ကြီးမားလှသည်။ မြန်မာသက္ကရာဇ် (၁၂၄၄) ခုနှစ်တွင် မူလထီးတော်ဟောင်းနှမ်း၍ ထီးတော်အသစ်တင်လှူခဲ့သည်။ သို့သော်လည်း စေတီတော်ကြီးမှာ လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့သဖြင့် မြန်မာသက္ကရာဇ် (၁၂၆၄)ခုနှစ် တန်ခူးလတွင် ထီးတော်အသစ်ကို တင်လှူခဲ့ပြန်သည်။ ဆရာတော်ကြီးမှာ ဘုန်းကံကြီးမားလှသည်။ ပြန်လည် တည်ဆောက်နိုင်သည့် စွမ်းရည်သတ္တိရှိသောကြောင့် မျက်မှောက်ကာလ ဖူးမြင်ရသည့် ဉာဏ်တော် (၁၁၃)ပေ၊ (၉)လက်မထိမြှင့်တင် တည်ဆောက်ခဲ့သည်။

၇၉။ မြန်မာသက္ကရာဇ် (၁၂၆၄)ခုနှစ် ပြန်လည်ပြုပြင်ရာတွင် ယခုမြင်တွေ့ရသော စေတီရံများကို အသစ်တည်ဆောက်ခဲ့သည်။ စေတီတော်ကြီး၌ တင်လှူခဲ့သည့် ထီးတော်မှာ အဝ (၈)ပေ၊ အမြင့် ဉာဏ်တော် (၁၆)ပေ၊ (၉) လက်မ ရှိသည်။ လေးလွန်းသောကြောင့် စက်ကြိုးဖြင့် မတင်နိုင်၍ နတ်လမ်းပြုလုပ်ပြီး လှည်းဘီးအသေးဖြင့် နတ်လမ်းပေါ်တင်ကာ

အထက်မှစက်ကြိုးဖြင့် ဆွဲတင်လှူခဲ့ကြသည်။ ယင်းထီးတော်ကို ကျိုက်ထိုမြို့မှ ပန်းတည်းဆရာ ဦးစံလှက ပြုလုပ်သည်။ စေတီတော်နှင့် အလွန်ပန်ရလှသည်။ ကြည်ညိုဖွယ် အလွန်ကောင်းသောကြောင့် ရဟန်းရှင်လူ အံ့သြချီးမွမ်းခဲ့ကြသည်။ ထီးတော်တင်လှူအကြောင်း ကမ္ပည်းမှတ်တမ်း ရေးထိုး၍ စေတီတော်အနောက်မုဒ် အာရုံခံတန်ဆောင်း မြောက်ထောင့်တွင် ယခုတိုင်အောင် တွေ့ရသည်။

## တိုးတက်ပြစ်ထွန်းလာသော သာသနိကအဆောက်အဦးများ

၈၀။ ဆရာတော် ဦးမဥ္ဇူ၏ ကြိုးပမ်းမှုကြောင့် ကေလာသဆံတော်ရှင် စေတီတော်ကြီးမှာ တိုးတက်လာခဲ့သည်။ ဇရပ်၊ တန်စောင်း၊ ဝတ်ကျောင်းရုပ်ပွါးတော်များမှာလည်း အစီအရီ ပေါ်ပေါက်လာခဲ့သည်။ ကျောက်တစ်လုံးရွာနေ ဦးစံဦးသည် ဝတ်ကျောင်းတော်နှင့် ဆင်းတုတော်များကိုလည်းကောင်း၊ ရှမ်းချောင်းရွာမှ ဦးကော်သာသည် ဂန္ဓကုဋီတိုက်နှင့် လျောင်းတော်မူ ရုပ်ပွါးတစ်ဆူကိုလည်းကောင်း၊ တကဲရွာမှ ဦးဖြူသည် တန်ဆောင်းကြီးနှင့် ဆင်းတုတော်များကိုလည်းကောင်း၊ ကင်းရွာသူကြီး ဦးသာဒွန်း+ဇနီး ဒေါ်အုနှင့် သားသမီးတို့က မမွစေတီ သိမ်အနီး ဝတ်ကျောင်းကြီးကိုလည်းကောင်း၊ အသီးသီး ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။ တောင်ခြေရင်းတွင်လည်း

တည်းခိုနားနေရန် အဆောက်အဦးများကိုလည်းကောင်း၊ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ဘုရားပွဲကို တန်ဆူးလတွင် နှစ်စဉ် ကျင်းပပြုလုပ်ခဲ့သည်။ ဇာတ်စင်၊ ရုပ်သေးစင်များကိုပင် အုတ်ခုံများ အခိုင်အမာ တည်ဆောက်ထားခဲ့သည်။ ထိုဆရာတော်ကြီး၏လက်ထက်မှာ အထူးတိုးတက် စည်ပင်သည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ လူသိများ ထင်ရှားခဲ့သည်။

## ပေါ်တော်မူ ရုပ်ပွါးတော်များနှင့် ကျောက်ထပ်ရွှေစေတီ

၈၁။ ကေလာသဆံတော်ရှင် စေတီတော်အကြောင်းကို ရေးသားလျှင် ပေါ်တော်မူ ရုပ်ပွါးတော်များနှင့် ကျောက်ထပ်ရွှေစေတီအကြောင်း မပါလျှင်မပြီးပေ။ အရေးပါပြီး အလွန်ဆန်းကြယ်သည်။ အထူး စိတ်ဝင်စားဖွယ်လည်း ကောင်းသည်။ ထိုအကြောင်းသည် ကေလာသတောင်ပိုင် ဆရာတော် ဦးမဠူ လက်ထက်က ဖြစ်ခဲ့သည်။ ထိုစဉ်က ကေလာသတောင်ခြေရှိ ဝင်းကကျေးရွာနေ မုဆိုးကြီး ဦးဘိုးသင်သည် ကေလာသတောင်တန်းပေါ်၌ အမြဲတမ်း တောကောင်များကို ရှာဖွေဖမ်းဆီးခြင်းအလုပ်ကို ဝမ်းရေးအတွက် လုပ်ကိုင်စားသည်။ တစ်နေ့တွင် မုဆိုးကြီးသည် ကေလာသတောင်၏ အရှေ့ဘက်တောနက်ကြီးအတွင်း လှိုဏ်မြောင်ထူထပ်ရာသို့ ရောက်ရှိသွားသည်။ ထိုလှိုဏ် မြောင်အထဲတွင် ကြီးမားခန့်ထည်၍

မတ်စောက်သော ကျောက်သဘော်သဏ္ဍာန်ရှိ ကျောက်ဆောင် ကျောက်ဖျာကြီးများကို တွေ့ရသည်။ ခရီးပန်း နွမ်းနယ်လွန်း၍ အမောဖြေနေစဉ် ကျောက်ဖျာထက်မှ ရောင်ခြည်တော်များ ယှက်ဖြာကွန့်မြူးနေသည့် ရွှေစေတီတစ်ဆူကို တွေ့ရှိရသည်၊ ထူးဆန်းဖွယ်ဖူးမြော်ရသည်။ ရွှေစေတီသည် ဖူးမြော်နေရင်း တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။ ထိုအချိန်တွင် မုဆိုးကြီး၏စိတ်မှာလည်း ပြောင်းလဲသွားသည်။ တစ်ချိန် တည်းတွင် ဖြူတစ်ကောင်သည် ကျောက်ထပ်ကြားရှိ တွင်းထဲသို့ ဝင်သွားသည်ကို သူနှင့်ပါလာသော တောလိုက်ခွေးက မြင်၍ ပြေးလိုက်သွားသည်။ တစ်ချိန်တည်းပင် မုဆိုးကြီးလည်း လိုက်သွားသည်။ တောလိုက်ခွေးက ဖြူဝင်သွားသောတွင်းဝသို့ ရောက်သောအခါ ယက်သည်။ ခွေးယက်သည့်နေရာမှ ရွှေစင် အတိပြီး ရွှေစေတီငယ်၊ ငွေစင်အတိပြီး ငွေစေတီငယ်များနှင့် ဉာဏ်တော် (၃)လက်မခွဲခန့်ရှိ ရွှေဆင်းတု၊ ငွေဆင်းတုများကို ရရှိသည်။ စုစုပေါင်း (၃၀၃)ဆူရှိကြောင်း သိရသည်။ ထို့ပြင် မလှမ်းမကမ်းရှိ ကျောက်နှစ်ခြမ်းကွဲနေသော ကျောက်ဖြာ ကြားတွင် ခွေးကယက်ပြ၍ နောက်ထပ် ဒေါင်းဒင်္ဂါးများကို တင်းနှင့်ချီ၍ ရရှိပြန်သည်။

၈၂။ မုဆိုးကြီးဦးဘိုးသင်သည် ဝမ်းမြောက်စွာဖြင့် ပေါ်တော်မူ စေတီငယ်များနှင့် ဘုရားရုပ်ပွားတော်များကို ရွာသို့ပင့်ဆောင်

ခဲ့သည်။ ရွာတွင် မဏ္ဍပ်ထိုးထားရှိပြီး လူအများကို ဖူးမြော်စေသည်။ မုဆိုးကြီးလည်း လူသူတော်အဖြစ်မှ ဘိုးသူတော်အဖြစ်သို့ ပြောင်းလဲသွားသည်။ ထိုသတင်းကို ကေလာသတောင်ပိုင်ဆရာတော် ဦးမဥ္ဇူက မုဆိုးကြီး ဦးဘိုးသင်ရရှိခဲ့သော စေတီငယ်များ၊ ရုပ်ပွားတော်များနှင့် ဒေါင်းဒင်္ဂါးများမှာ ကေလာသတောင်တော်က ရရှိခြင်းဖြစ်၍ မုဆိုးကြီး မပိုင်ထိုက်၊ ကေလာသ သာသနာကသာ ပိုင်ထိုက်ကြောင်း တောင်းဆိုခဲ့သည်။ မုဆိုးကြီးကလည်း "သူနှင့်ထိုက်၍ ရရှိခဲ့ခြင်းကြောင့် မပေးနိုင်"ဟု ငြင်းဆိုသည်။ ထို့ကြောင့် အကြီးအကျယ် အငြင်းပွားမှု ဖြစ်ကြသည်။ အမှုမှာ မြို့ပိုင်အဆင့်၊ နယ်ပိုင်အဆင့်၊ ခရိုင်ဝန်အဆင့်၊ တိုင်းမင်းကြီးအဆင့်ထိ မပြတ်၍ ဘုရင်ခံထံသို့ ရောက်ရှိသွားသည်။ ဘုရင်ခံကလည်း ထိုအမှုကို အဆုံးအဖြတ် မပေးနိုင်၍ အင်္ဂလန်ရှိ ဝိတိုရိယဘုရင်မကြီးထံသို့ တင်ပြသည်။

၈၃။ ဘုရင်မကြီးသည် အမှုကို အထူးစိတ်ဝင်စားပြီး တရားခွင် အမိန့်ချမှတ်သည်။ ဘုရင်မကြီး၏ တရားခွင်အမိန့်မှာ-

(က) ကေလာသဆံတော်ရှင် စေတီတော်ခြေရင်းမှ တိုင်းတာ၍ အလံတစ်ရာအပြင်သို့ ထွက်သော် မုဆိုးကြီး ပိုင်ဖြစ်စေရမည်။

(ခ) ကေလာသဆံတော်ရှင် စေတီတော်ခြေရင်းမှ
တိုင်းတာ၍ အလံတစ်ရာအတွင်းဖြစ်က ကေလာသ
သာသနာက ပိုင်စေရမည် ဟူ၍ ဖြစ်သည်။

ဘုရင့်မကြီးချမှတ်သည့် အမိန့်ကြောင့် မြို့ပိုင်၊ နယ်ပိုင်၊ ခရိုင်ဝန်နှင့် တိုင်းမင်းကြီးတို့ အတိအကျ တိုင်းတာကြသည်။ နည်းမျိုးစုံဖြင့် တိုင်းတာကြသော်လည်း အလံတစ်ရာတိတိ အပေါ်တွင် တည်ရှိနေ၍ အဆုံးအဖြတ်ပေးရန် အခက်အခဲ ကြုံရသည်။ ထိုအကြောင်းကြောင့် ကေလာသဆံတော်ရှင် စေတီတော်နှင့် ကေလာသတောင်တော်ကို လူအများ စိတ်ဝင်စားလာကြသည်။ ယင်းဖြစ်ရပ်ကိုလည်း လူအများ သိလာကြသည်။ ဝိတိုရိယ ဘုရင်မကြီးကလည်း စိတ်ဝင်စားပြီး ကေလာသဆံတော်ရှင်နှင့် ကေလာသတောင်တော်ကို သီးခြားအဆင့်မြင့် ဘေးမဲ့တောအဖြစ်ကို သတ်မှတ်ပေးခဲ့သည်။ ဘုရင်မကြီး၏အမိန့်ကို ခရစ် (၁၉၄၁)ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် ဘုရင်ခံ ဆာအာခီဘောလ်ကော့ကရိမ်းက ကြေညာ၍ ဘုရင်ခံမင်းကြီး ဆာရယ်ဂျီနယ်ဒိုမန်ဆာ့မစ်သ်က အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ကေလာသဆံတော်ရှင်နှင့် ကေလာသတောင်တော်ကို နိုင်ငံတော်အစိုးရက ဘေးမဲ့တောအဖြစ် အတည်ပြုထုတ်ပြန်ထားသည်။ ပေါ်တော်မူ ဘုရားစေတီငယ်များနှင့် ရုပ်ပွားတော်များအား မုဆိုးကြီး ကွယ်လွန်ပြီး နောက်ပိုင်း

အချို့ကို လက်လှမ်းမှီရာ လှူပစ်ကြသည်။ ကျန်နေသည်များကို တစ်လက်မှ တစ်လက်သို့ ကူးပြောင်း သုံးစားကြသည်။ သုံးစားသူများ မီးဘေးသင့်ကြသည်၊ ဘေးဒုက္ခအမျိုးမျိုး ကျရောက်ထိခိုက် သေဆုံးကြသည်ဟု သိရသည်။

၈၄။ ကေလာသတောင်တန်းပေါ်က မုဆိုးကြီး ဦးဘိုးသင်၏ **ထူးဆန်းဖွယ် ကျောက်ထပ်ရွှေစေတီအစ တောလိုက်မုဆိုးက"** ဟူသော စကားရပ်တို့မှာ ဤသို့ ရင်နာဖွယ် နိဂုံးချုပ်ခဲ့ရကြောင်းကို ကျိုက်ထီးဆောင်း ဆရာတော်အရှင်မြတ်၏ မိန့်ဆိုချက်အရ သိရသည်။ ကျိုက်ထီးဆောင်း ဆရာတော်လည်း ရဟန်းမပြုမီက ကေလာသတောင်တော်သို့ ရောက်ရှိ အမိဋ္ဌာန်အကျင့်စခန်းဝင်ရာမှ ဤဖြစ်ရပ်ကို သိခွင့်ရခဲ့ကြောင်း (၁၀) နှစ်ကျော်ကြာမှ ဆရာတော်၏ ထုတ်ဖော်မိန့်ဆိုချက်အရ သိခွင့်, မှတ်တမ်းတင်ခွင့်တို့ကို ရခဲ့ကြသည်။ ထိုနေရာသည် ကေလာသဆံတော်ရှင် စေတီတော်၏ အရှေ့ဘက်တွင် ရှိပြီး အလွန့်အလွန်ချောင်ကျ၍ လျှိုကြီးအတွင်း ပုန်းအောင်းနေဘိအလားသို့ တောချုံများ ဖုံးအုပ်နေသည်ဟု ဆို၏။ မုဆိုးကြီး ရွှေဘုရား၊ ငွေဘုရားနှင့် ဒေါင်းဒင်္ဂါးများရရှိသည့် ကျောက်ထပ်ကျောက်ဖျာပေါ်တွင် ဆရာတော်ကြီးက စေတီငယ်နှစ်ဆူကို တည်ထားသည်။ ထိုစေတီငယ်နှစ်ဆူကို **"ကိုးနဝင်း-ကျောက်ထပ် ရွှေစေတီ"** ဟု ခေါ်တွင်ကြောင်းကို သိရသည်။

## ဆရာတော် ဦးစိတ္တရ စောင့်ရှောက်ခြင်း

၈၅။ ဆရာတော် ဦးမဥ္ဇူသည် သက္ကရာဇ် (၁၂၈၁)ခုနှစ်၊ သက်တော် (၈၂)နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ထို့နောက် ဆရာတော်ကြီး၏ တပည့်ကြီးဖြစ်သူ ဆရာတော်ဦးစိတ္တရက ဆက်ခံထိန်းသိမ်းခဲ့သည်။ မြန်မာသက္ကရာဇ် (၁၂၉၂)ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်နေ့ ညတွင် စေတီတော်မြတ်ကြီး ငှက်ပျောဖူးတော် မိုးကြိုးခသဖြင့် ထိပ်ဝ (၅)ပေ၊ အမြင့် (၂၄) ပေရှိ ငှက်ပျောဖူးကြီးမှာ ထက်အောက် တစ်လက်မ, နှစ်လက်မခန့် ကွဲအက်ပြီး အနောက်မြောက်ဘက်သို့ စောင်းငဲ့သွားခဲ့သည်။ ထိုနှစ် ကဆုန်လဆန်း (၉)ရက်နေ့, ညအချိန်၌ လှုပ်ခဲ့သည့် ပဲခူးငလျင်ကြီးတွင် ပဲခူးမြို့၌ ရွှေမော်ဓောစေတီတော်ကြီးနှင့်တကွ ဘုရားတန်စောင်း ကျောင်းကန် အဆောက်အဦး၊ အိုးအိမ်တိုက်တာ အကြီးအကျယ် ပျက်စီးခဲ့သော်လည်း ကေလာသစေတီတော်မြတ်ကြီးမှာ တစ်စုံတစ်ရာ ပျက်စီးခြင်း မရှိပေ။

## မြန်မာသက္ကရာဇ် (၁၂၉၂) ခုနှစ် မိုးခေါင်ကြောင့် ကုန်းတော် ပြိုကျခြင်း

၈၆။ မြန်မာသက္ကရာဇ် (၁၂၉၂)ခုနှစ်၊ ဝါခေါင်လအတွင်းမှာ မိုးကြီးသည်းထန်စွာ အဆက်အပြတ် ရွာသွန်းမှုကြောင့်

စေတီတော်၏ အနောက်တောင်ဘက် ပစ္စယံအောက်ခြေမှ (၁၅)ပေခန့် မြေနူး၍ အိပြိုခဲ့သည်။ ပြုပြင်ထားသော ကျောက်ထုတ် ကျောက်တန်းများအပြင် မူလမြေသားစေတီ အခြေခံပစ္စယံ နှစ်တောင်ခန့်မှာလည်း မိုးရေစားသွားခဲ့သည်။ တောင်၏အရှေ့ဘက်မှလည်း ပဲ့ကျသွားခဲ့သည်။ ပဲ့ကျပြိုကျသွားသည့်ကျောက်တုံး၊ ကျောက်ခဲ, သဲတို့မှာ တောင်ခြေရှိ လယ်ဧက (၂၀)ခန့်ကို လွှမ်းဖုံးပျက်စီးစေခဲ့သည်။ ရက်သတ္တနှစ်ပတ်ခန့် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရပ်စဲသည်နှင့် ပြိုကျသည့်နေရာတို့ကို အချိန်မှီ ပြုပြင်ခြင်းမရှိက စေတီတော်ကြီးကိုပင် စိုးရိမ်ရသည်။ ဆရာတော် ဦးစိတ္တရသည် တောင်ခြေရှိ ကင်းရွာ၊ တောင်ကြီးရွာ၊ ဝင်းကရွာရှိကြသော လူကြီးများထံ အကြောင်းကြားပြီး လူထုလုပ်အား အကူအညီ မေတ္တာရပ်ခံရသည်။ ရွာသူကြီးများမှာလည်း ဆရာတော်၏ မေတ္တာရပ်ခံချက်အတိုင်း ကျေးရွာသူ၊ ကျေးရွာသားတို့အား ထမင်းထုပ်ကိုယ်စီဖြင့် လုပ်အားကုသိုလ် ပါဝင်ကြရန် ဆင့်ခေါ်ခဲ့သည်။ ကျေးရွာရှိ လူကြီး, လူငယ်အားလုံး စေတနာထက်သန်စွာ လုပ်အားပေးခဲ့ကြသည်။ ငါးရက်နှင့် အလုံးစုံ ပြီးမြောက်ခဲ့လေသည်။

## ထီးတော်သစ် တင်လှူရေး ကြိုးပမ်းမှု

၈၇။ ဆရာတော်ဦးစိတ္တရသည် မိုးကြိုးဒဏ်ကြောင့် ကွဲအပ်နေသော ငှက်ပျောဖူးနှင့် တိမ်းစောင်းဟောင်းနွမ်းနေသည့် ထီးတော်ကြီးကို ပြန်လည်ပြုပြင်တည်ဆောက်သွားနိုင်ရန် ကြိုးပမ်းခဲ့သည်။ တိုက်ကုလားနယ်လုံးဆိုင်ရာ သံဃသမဂ္ဂအဖွဲ့ ဦးစီးနာယက ပန်းတောမြိုင်ဆရာတော်ကြီးအား အကြီးအမှူးပြုလျက် ကေလာသတောင်တော်တစ်ဝိုက် သီတင်းသုံးနေထိုင်ကြသည့် သံဃာတော်များ၊ ရွာလူကြီးများနှင့် တကာ၊ တကာမ အပေါင်းတို့ စုပေါင်းညှိနှိုင်းပြီး ပြန်လည်တည်ဆောက်ရေးကို ကြိုးပမ်းခဲ့ကြသည်။ ကွဲအပ်နေသော ငှက်ပျောဖူးကြီးအား ဗျက်ဒါလေးလက်မ အထူတစ်လက်မရှိ သံပြားငွေများဖြင့် ရစ်ပတ်ပြီး သံပြားနှင့်ပင် သံဇကာသဘောစို့စွဲ၍ ပန်းရံအလုပ်ကို ဦးသာဒွန်းနှင့် ဦးသာဗွန်းတို့က ကြီးကြပ်လုပ်ဆောင်ခဲ့ကြသည်။ နယ်သူနယ်သားအများ၏ ကောင်းမှုဖြစ်သည်။ ထီးတော်ကြီးကို ကျိုက်ထိုမြို့မှ ပန်းတဉ်းဆရာကြီး ဦးဖိုးခင်အား လုပ်ကိုင်စေခဲ့သည်၊ ထီးတော်ကြီးမှာ ထိပ်ဝ (၈)ပေ (၉)လက်မ၊ အမြင့် ဉာဏ်တော် (၁၈)ပေ, (၉)လက်မနှင့် ဘုံ (၉)ဆင့်ရှိသော မကိုဋ်ထီးဖြစ်သည်။

ပရိတ်သတ်တို့၏ စည်ကားခြင်းမျိုးကို မမြင်စဖူး ထူးခြားစွာ တွေ့မြင်ကြရ၍ ဝမ်းပန်းတသာဖြင့် အံ့သြချီးကျူး၍ မဆုံး ရှိနေကြသည်။

## စိန်ဖူးတော်အစိုးစံရ၍ အသစ်တင်လှူခြင်း

၉၀။ ဤမျှ တန်းဘိုးကြီးမား စိန်ဖူးတော်မှာ တင်လှူပြီး (၃)လအကြာ မြန်မာသက္ကရာဇ် (၁၂၉၄)ခုနှစ်၊ ဝါဆိုလ ညဉ့် တစ်ညဉ့်တွင် လောကသံသရာ နှစ်ဖြာအကျိုး ယုတ်မည်ကို မသိမကြည့်သော လောဘရမ္မက်ဇော အဆိပ်တက်နေသည့် လူမသမာတို့ ခိုးယူမှုတို့ကြောင့် ပျောက်ဆုံးသွားခဲ့ရသည်။ စေတီတော်ကြီးမှာ ဝင့်နွှယ်မကင်း လောကစံနယ်အတွင်းမှ လွတ်ကင်းဟန်မတူ ရောင်လဲထိန်မြူး မကိုင့်ထွင့်ဦး ရွှေစိန် ဖူးတော်နှင့် ကင်းလျက် မတင့်မတယ် သီတင်းသုံးခဲ့ရပေသည်။ ထိုအခြင်းအရာကို ရဟန်းရှင်လူတို့ သိကြသည့်အခါ လွန်စွာ နှမြောဓာသ စိတ်မကောင်းခြင်း ဖြစ်ကြသည်။ ထို့ကြောင့် ကျိုက်ထိုမြို့ ရာဇဝတ်ဝန်ထောက်ကြီး ဦးဖိုးစိန်နှင့် ဇနီး ဒေါ်သိန်းမေတို့သည် ရတောင့်ရခဲသော စိန်ဖူးတော်အလှူကို ဇနီးမောင်နှံ ဝမ်းမြောက်ဝမ်းသာ ခံယူပြီး၊ ထိုနှစ် တန်ဆောင် မုန်းလတွင် စိန်ဖူးတော်အသစ်ကို တင်လှူပူဇော်ခဲ့ကြသည်။

ဤသို့ဖြင့် ကေလာသဆံတော်ရှင် စေတီတော်ကြီးမှာ စိန်ဖူးတော်အသစ်နှင့် တင့်တယ်လျောက်ပတ်စွာ ကြည်ညိုဖွယ် ဖြစ်လာခဲ့ရပြန်သည်။

၉၁။ ဆရာတော် ဦးစိတ္တရလက်ထက်တွင် စေတီတော်ကြီးအား လျှပ်စစ်မီးပူဇော်နိုင်ရန် ဓာတ်မီးအင်ဂျင်စက်တစ်လုံးကို ဝယ်ယူနိုင်ခဲ့သည်။ အခြေခံပစ္စယံအရှေ့ဘက်တွင် မဟာမုနိရုပ်ပွားတော်နှင့် မှန်စီရွှေချ အာရုံခံတန်ဆောင်းတစ်ခုကို ကျိုးပင်၊ ကြိမ်ဖန်ပင်၊ ညောင်သာယာရွာတို့က စုပေါင်းပြီး လှူခဲ့ကြသည်။ ကင်းရွာအလယ်ပိုင်းနေ ဒေါ်ဝဲသာကလည်း အနောက်စောင်းတန်းမှ မုဒ်ဦးဝဲဘက် ကပ်လျက်ရှိ (၅)ခန်း သမံတလင်းခင်း၊ အာရုံခံတန်စောင်းတစ်ခုနှင့် ဇရပ်တစ်လုံး၊ လယ်(၁၂)ဧကကို စေတီးတော် ဗုဒ္ဓသန္တကအဖြစ် လှူဒါန်းခဲ့သည်။ ကွယ်လွန်ပြီးနောက် နေအိမ်ကို ဖျက်၍ ကျောက်လှေကားထိပ် လက်ျာဘက်တွင် ဓမ္မာရုံတစ်လုံးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

## ဆရာတော်ဦးဉာဏက ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခြင်း

၉၂။ မြန်မာသက္ကရာဇ် (၁၃၀၃)ခုနှစ်၊ ဝါခေါင်လတွင် ဒုတိယတောင်ပိုင် ဆရာတော် ဦးစိတ္တရ ပျံလွန်တော်မူ၍ တပည့်ဖြစ်

သူ တတိယတောင်ပိုင် ဦးဉာဏက စေတီတော်ကြီးကို ဆက်လက်ထိန်းသိမ်း၍ စောင့်ရှောက်ခဲ့သည်။ ကျောက်တစ်လုံးရွာသူကြီး ဦးထွန်းတင်က ရှေးဆောင်၍ နယ်လူနယ်သားများ တောင်စွန်း၊ ကေလာသခြေရင်းလမ်းကို ထိုနှစ်, တပေါင်းလမှ စတင်ဖောက်လုပ်ခဲ့သည်။ တံတားများနှင့် လမ်းကြမ်းကို ပြီးမြောက်ခဲ့သော်လည်း ကေအင်ဒီအို သောင်းကျန်းသူများ ထကြွလာသည့်အတွက် အချောမသတ်နိုင်ခဲ့ပေ။ ကေအင်ဒီအိုများက ဆက်လက် ဖောက်လုပ်ခဲ့သေးသော်လည်း မပြီးနိုင်ချေ။ ကျိုက်ထီးဆောင်းဆရာတော် ဖော်လုပ်မှ ကျောက်လမ်းအဖြစ် မော်တော်ယာဉ် ကောင်းစွာ သွားလာနိုင်သည် အထိ ပြုလုပ်နိုင်ခဲ့သည်။ မြန်မာသက္ကရာဇ် (၁၃၆၁)ခုနှစ်တွင် ကျောက်ချောလမ်းအထိ ဖောက်လုပ်ပြီးဖြစ်သည်။ မြန်မာသက္ကရာဇ် (၁၃၁၀)ခုနှစ်တွင် ဆရာတော်ဦးဉာဏမှာ သူပုန်သူကန်များအောက်တွင် နေထိုင်မရသောကြောင့် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားသည်။ ဆရာတော်ဦးဉာဏ မရှိသည့်နောက်တွင် ဆရာတော် ဦးမာဃမှ ခေတ္တဆက်လက်စောင့်ရှောက်ခဲ့ပြန်သည်။ ဆရာတော် ဦးမာဃသည် မြန်မာသက္ကရာဇ် (၁၂၉၄)ခုနှစ်က တင်လှူခဲ့သော ထီးတော်ဟောင်းနွမ်းနေသဖြင့် ထီးတော်အဝ(၉)ပေ၊ ဉာဏ်တော်အမြင့် (၁၉)ပေ၊ (၆)လက်မ၊ ဘုံ (၉)ဆင့်ရှိ ထီးတော်သစ်ကို မြန်မာသက္ကရာဇ် (၁၃၁၂) ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက်နေ့တွင် တင်လှူခဲ့သည်။

**အင်္ဂတေသင်္ကန်းကပ်လှူခြင်း**

၉၃။ သာသနာသက်တမ်း (၂၅၀၀) ကျော်လွန်သည့်အခါ လူတို့သည် ကြီးစွာသော ပူဇော်သက္ကာရကို ခံရမည်ဟူသော ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ ကေလာသဆံတော်ရှင် စေတီတော်ကြီး၏ တန်ခိုးတော် ထွန်းလင်းမည့်အချိန်သို့ ရောက်ရှိလာခဲ့ပေပြီ။ မြန်မာသက္ကရာဇ် (၁၃၂၂)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက်နေ့တွင် ကေလာသဆံတော်ရှင် စေတီတော်ကြီးကို အင်္ဂတေသင်္ကန်းကို ကပ်လှူသည်။ အပျက်အစီးများကို ပြန်လည်ပြုပြင်ရန် ပေါက်တော ကျောင်းကြီး ဆရာတော် ဦးဇေယျကို အမှူးထား၍ ဆရာတော် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ ပါဝင်ပြီး ကင်းရွာ ရေတံခွန်ကျောင်းတွင် စည်းဝေးတိုင်ပင်ခဲ့ကြသည်။ စေတီတော်ကြီး အင်္ဂတေသင်္ကန်း ကပ်လှူရေးအဖွဲ့ကို အောက်ပါ ဆရာတော်ကြီးများ ပါဝင်၍ ဖွဲ့စည်းခဲ့သည်။

(က) ဦးဇေယျ-ပေါက်တောကျောင်းကြီးဆရာတော် ဥက္ကဋ္ဌ၊
(ခ) မူးသင်ရွာ ဘုရားလမ်း ဆရာတော် ဒု-ဥက္ကဋ္ဌ၊
(ဂ) ဦးဝေပုလ္လ -ရေတံခွန်ကျောင်းဆရာတော် အတွင်းရေးမှူး၊
(ဃ) ကျောက်တစ်လုံးကျောင်းကြီးဆရာတော် အဖွဲ့ဝင်၊
(င) အရက်သမတောင်ပေါ်ကျောင်းဆရာတော် ။

| | | |
|---|---|---|
| (စ) | တောင်ကုန်းကျောင်းဆရာတော် | အဖွဲ့ဝင် |
| (ဆ) | မှူးသင်ကျောင်းဆရာတော် | ။ |
| (ဇ) | ငှက်သိုက်ကျောင်းဆရာတော် | ။ |
| (ဈ) | ဇကရွာကျောင်းဆရာတော် | ။ |
| (ည) | ကျီးပင်ကျောင်းဆရာတော် | ။ |
| (ဋ) | ရှမ်းချောင်းဆရာတော် | ။ |
| (ဌ) | ဇွဲကလာကျောင်းဆရာတော် | ။ |
| (ဍ) | အလူးသစ်ကျောင်းဆရာတော် | ။ |
| (ဎ) | အလူးတိုက်ကျောင်းဆရာတော် | ။ |
| (ဏ) | ကျောက်ဝိုင်းကျောင်းဆရာတော် | ။ |
| (တ) | ဦးအောင်ပန်း-ညောင်သာယာရွာ | ။ |
| (ထ) | ဦးဘိုးကြဲ-ကျီးပင်ရွာ | ။ |
| (ဒ) | ဦးလွန်းရင်-ကင်းရွာ | ။ |
| (ဓ) | ဦးစံရှင်-ကင်းရွာ | ။ |
| (န) | ဦးသာအေး-ကင်းရွာ | ။ |
| (ပ) | ဦးမောင်ကြီး-ကင်းရွာ | ။ |

၉၄။ အထက်ပါ အကျိုးဆောင်အဖွဲ့က ဦးဆောင်ပြီး ကျေးရွာများကို စည်းရုံးဆော်ဩခဲ့ကြသည်။ မြန်မာသက္ကရာဇ် (၁၃၂၂) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက်နေ့မှစ၍ အင်္ဂတေ သယ်န်းဟောင်းများကို ခွာချသည်။ အသစ်ကိုလည်းကပ်လှူခဲ့ကြသည်။ ငွေကြေးအလှူခံခြင်း မပြုပါ။ ဘိလပ်မြေအိပ်များကိုသာ အလှူခံခဲ့သည်။ စေတနာရှင်များက လိုအပ်သမျှ ဘိလပ်မြေနှင့် သဲရေတို့ကို ကုန်းတော်ပေါ်အရောက် အခေါက်ခေါက်အခါခါ သယ်ယူပို့ဆောင်ပေးကြသည်။ အနီးအနားရွာများက လူကြီးလူငယ် နေ့နေ့-ညည အင်တိုက်အားတိုက် ပါဝင်လုပ်အားပေးခဲ့ကြသည်။ ဆရာတော်ဦးဇေယျာက မိမိတပည့်ဒကာ ပန်းရံဆရာ (၈၀)ကျော်ဖြင့် ပါဝင်လုပ်အားပေးခဲ့ကြသည်။ ဤကဲ့သို့ သဲ-ရေ-ဘိလပ်မြေ တောင်ပေါ်သို့ ကူသယ်ခေါက်သယ် နေ့ည သယ်ပိုးရာတွင် သံဃာတော် (၁၀၀)ကျော်တို့မှာ လူတစ်ထောင်ကျော် နှစ်ထောင်ခန့်နှင့် အတူလုပ်အားဒါန ကုသိုလ်ပါဝင်ခဲ့ကြသည်။ ဤမျှများပြားလှသော ရဟန်းရှင်၊ လူပရိသတ်တို့ကို ပေါက်တော၊ ကျောက်တစ်လုံး၊ တောင်စွန်း၊ ကတဘဲ၊ အလုံသံတံတား၊ ဝင်းက၊ တောင်ကြီးကျေးရွာတို့မှ ကုသိုလ်ရှင်များက ဆန်၊ ငါးပိ၊ ငါးခြောက် စားသောက်ဖွယ်တို့ကို လုံလောက်စွာ ပေးပို့လှူဒါန်းကြသည်။ ကျီးပင်ရွာက ဒိုင်ခံချက်ပြုတ်ရေး တာဝန်ယူခဲ့သည်။

နေ့စဉ်ပွဲတော်ကြီးတမျှ လုပ်အားဒါန ပြုခဲ့ကြသည်။ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

၉၅။ စေတီတော်ကြီး အင်္ဂတေသယ်န်းကပ်လှူရာတွင် ထုံးကို လုံးဝမသုံးဘဲ သဲနှင့်အင်္ဂတေ ဆတူရောသုံးခဲ့သဖြင့် လွန်စွာ ခိုင်ခန့် ကောင်းမွန်သည်၊ ဘိလပ်မြေအိတ် ရှစ်ရာကျော်ကုန် ကျသည်။ အင်္ဂတေသယ်န်း ကပ်လှူပူဇော် ရေစက်ချမင်္ဂလာကို လပြည့်ကျော် (၅)ရက်နေ့တွင် ကျင်းပပြုလုပ်ရာ လူပရိသတ်မှာ များပြားလွန်းလှသဖြင့် ကုန်းတော်ပေါ်ခြေချစရာမရှိ လမ်းခုလပ် ကပင် ပြန်ကြရသည်။ ဤမျှမြင့်မားလှသော တောင်ထိပ်တွင် တိုတောင်းသည့်ကာလအတွင်း အံ့ချီးဖွယ် ပြီးမြောက်အောင် မြင်ခြင်းသည် စေတီတော်ကြီး၏ အံ့ဩဖွယ်တန်ခိုးတော်ကြောင့် ဖြစ်သည်။

## ရွှေသင်္ကန်း ကပ်လှူခြင်း

၉၆။ အင်္ဂတေသယ်န်း ကပ်လှူပြီးနောက် ထိုနှစ် တပို့တွဲလ ပြည့်ကျော် (၁)ရက်နေ့တွင် ရွှေသယ်န်း ကပ်လှူကြပြန်သည်။ မြန်မာသက္ကရာဇ် (၁၃၂၃)ခုနှစ်၊ ကဆုန်လဆန်း (၅)ရက်နေ့ထိ ငှက်ပျောဖူးတစ်ခုလုံးကို ရွှေဆိုင်း (၇၀၀)ဖြင့် ရွှေပိန်းချကပ် လှူခဲ့ကြသည်။ စေတီတော်ရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ရာ

တောင်ခြေရင်းတွင် ရှေးက ဇရပ်၊ တန်စောင်း၊ ဝတ်ကျောင်းများ ရှိခဲ့သော်လည်း ခေတ်ပျက်ခေတ်ဆိုး အမျိုးမျိုးကြုံရသဖြင့် ယိုယွင်းပျက်စီးကုန်သည်။ ထို့ကြောင့် တောင်ကြီးကျေးရွာ သူကြီး ဦးသန်းစိန်ဦးဆောင်၍ တန်းလျား၊ ဇရပ်တစ်ဆောင်ကို အများကောင်းမှု ဆောက်လုပ်ခဲ့ကြသည်။ ခနူးချောင်းရွာမှ ဦးကံက ဇရပ်တစ်ဆောင်၊ ကင်းရွာမှ ဒေါ်ခင်ဥ၊ ဒေါ်သင်းကျော၊ ဒေါ်သင်းမြိုင် ညီအစ်မတစ်စုတို့က သမံတလင်းခင်း ဇရပ် တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ တောင်ပေါ်သို့ တက်ရာ ကျောက်လှေကားထိပ်မုဒ်ဦးတွင် ခြင်္သေ့နှစ်ကောင် ပြာသာဒ်များ ရှိခဲ့သော်လည်း ပျက်စီးသွားခဲ့ပြီး ခြင်္သေ့နှစ် ကောင်သာ ကျန်ရှိသည်။ ဘုရားဖူးများ အပန်းဖြေနားခိုရင်း ရေကြည်ရေအေးများ သောက်သုံးနိုင်ရန် တောင်တစ်ဝက် ခန့်တွင် ကင်းရွာမှ ဦးထွန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေခြုံတို့က အုဌ်ရေကန်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ ရေကန်အနီး ကျောက်လုံးကြီးပေါ်တွင် စေတီငယ်တစ်ဆူ တည်ထားလေသည်။

## ခေတ်ပျက်ကာလ ကေလာသ

၉၇။ ကေလာသဆံတော်ရှင်စေတီတော်ကို ထိန်းသိမ်းစောင့် ရှောက်နေသော ဆရာတော်ဦးဥာဏသည် နောက်ပိုင်းတွင်

သူပုန်သူကန်များ လက်အောက်၌ နေမရ၍ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားခဲ့သည်။ ထို့နောက် နှစ်ပေါင်း (၅၀)အတွင်း တောင်စွန်းမြို့ တောင်ကုန်းဆရာတော်ကြီး ဦးသုဝဏ္ဏ (ခေါ်) ဦးသာဇံမှ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ယင်းကာလအတွင်း ကေလာသဆံတော်ရှင် စေတီတော်ကြီး၏ ဘဝခရီးမှာ နှိမ့်ချို မြင့်ချီ ရပ်တည်ခဲ့ရသည်၊ အနီးကပ် ထိန်းသိမ်းစောင့်ရှောက် မည့်သူ မရှိ၍ တောဖုံးခဲ့ရသည်။ အမှောင်တွင်း စံပါယ်နေခဲ့ ရသည်။ ခေတ်ပျက်၊ ခေတ်ဆိုးအမျိုးမျိုးတွင် ဒုစရိုက်သမားတို့ ကြီးစိုးမှုအောက်တွင် ရပ်တည်ခဲ့ရသည်။ ဘူမိနက်သံမှန်ပြီး မြင့်မြတ်သောနေရာ ဖြစ်သော်လည်း လူကောင်း၊ သူကောင်းများ မတက်ရဲ နှစ်ပေါင်းများစွာ ဒုက္ခနယ်အတွင်း နေခဲ့ရသည်။ ဤသို့သော အကြောင်းရင်းများသည် ဗုဒ္ဓဘုရားရှင် ဗျာဒိတ်ခံ ဆံတော်ကို ဌာပနာထား၍ (၅၀၀၀)သာသနာ ထက်ဝက် မကျော်သေးသောကြောင့် အခါလည်းမတိုင် အချိန်လည်း မရောက် ပြုပြင်နိုင်မည့် ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်လည်း မပေါ်သေး၍ ဖြစ်သည်။

## ဝိဇ္ဇာအောင်မြေ

၉၈။ ကေလာသတောင်ပေါ်ရှိ ကေလာသဆံတော်ရှင် စေတီ တော်သည် ဗုဒ္ဓမြတ်စွာ ရှေးဦးစွာ သုဝဏ္ဏဘူမိသို့ ဒေသစာရီ

ကြွချီရောက်ရှိတော်မူပြီး ခြေတော်အစုံချတော်မူသော နေရာတွင် တည်ရှိသည်။ သတ္တဝါဝေနေယျာများအား (၇)ရက်တိုင်တိုင် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးသောနေရာတွင် တည်ရှိသည်။ အနာဂတ်သာသနာတော် တည်ထွန်းမည်ကို မြင်တော်မူ၍ ရသေ့အကျော်အမော်များနှင့် နတ်ဘီလူးညီနောင်တို့အား ဆံတော်ရှင်များ အမွေပေးသနားသော နေရာဖြစ်ခြင်း၊ ဗုဒ္ဓဘုရားရှင် ပထမ ပေးသနားတော်မူသော မဟာဓာတုဝင် ဆံတော်တစ်ဆူ ဌာပနာထားခြင်း၊ အရှင်အနုရုဒ္ဓါအမှူးပြုသော ရဟန္တာအရှင်မြတ်ခြောက်ပါးတို့ ပင့်ဆောင်လာသော ထူပဝင် ဆံတော်ရှင်ခြောက်ဆူထဲမှ တစ်ဆူကို ဌာပနာထားခြင်း၊ တတိယအကြိမ် သင်္ဂါယနာတင်အပြီး သာသနာပြု အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့ အမှူးပြု ရဟန္တာအရှင်မြတ် ငါးပါးတို့က ပရိယတ္တိသာသနာကို အစပျိုးသင်ကြားပေးသော နေရာဖြစ်ခြင်း၊ ဘုရားရှင်၏သွားတော်ဓာတ်တစ်ဆူကို ဌာပနာထားခြင်း အစရှိသော ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် ဘုမ္မိနက်သန် နေရာမှန်ဖြစ်၍ မြင့်မြတ်သောနေရာနှင့် အဓိကကျသော ဘုရားစေတီတော်ကြီးဖြစ်သည်။ ထို့ကြောင့် ပရိယတ္တိ၊ ပဋိပတ္တိဂုဏ်ဆောင် ရဟန္တာအရှင် ဦးသီလ၊ လယ်တီဆရာတော်နှင့် ညောင်ချောင်းဆရာတော်တို့ အရည်ာဝါသီ တောရပ် ဆောက်တည် အကျင့်စခန်း ဝင်ခဲ့ကြသည်။

၉၉။ သိဒ္ဓိ-မဟိဒ္ဓိ အလိုရှိကြကုန်သော ဂန္ဓာရီပုဂ္ဂိုလ်သူမြတ်တို့သည် ဝိဇ္ဇာလမ်းအကျင့်စခန်း ဝင်ရာဌာနအဖြစ် ကေလာသတောင်ရိပ်နှင့် ကေလာသ ဆံတော်ရှင်စေတီတော် အရိပ်အောက်တွင် လာရောက်ခိုလှုံကြသည်။ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်ကြသူတို့လည်း ကေလာသဆံတော်ရှင် ထီးရိပ်ခို၍ကျင့်ကြံအား ထုတ်ကြသည်။ ထိုထိုသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ပဋိပတ်ဂုဏ်ဆောင်သော မဟာထေရ်များ ခေတ်အဆက်ဆက်ရှိခဲ့သည်။ ကေလာသတောင်နှင့် ကေလာသဆံတော်ရှင် စေတီတော်တို့၏ အရိပ်အောက် ခိုလှုံပြီး ဝိဇ္ဇာအကျင့်စခန်း ဝင်ရောက်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များ သိတင်းသုံးနေထိုင်ရာ ဂူချောင်များက သာမကဖြစ်သည်။ ကျိုက်ထီးဆောင်း ဆရာတော်အရှင်သူမြတ်သည်ပင် ဆေးဝါး၊ အင်းအိုင်ဗေဒင်လက္ခဏာမပါ ဘုရားရှင်ဆုံးမသည့်သီလကို အခြေခံ၍သမာဓိကို တည်ဆောက်ပြီး ဘာဝနာမယပညာကို ဆည်းပူးခဲ့သည်။ မဟာဂန္ဓာရီ လက်ျာအကျင့်စခန်းကို ဝင်စဉ်ကကေလာသ ဆံတော်ရှင်စေတီတော်၏ အရိပ်အောက်တွင်တာပသအသွင်ဖြင့် ခိုလှုံခဲ့ပေသည်။ ကေလာသတောစဉ်တောင်စဉ်တွင် ဂူချောင်စခန်း အသီးသီး၌ ရသေ့ဘဝဖြင့် အဓိဋ္ဌာန်အလုပ်စခန်းဝင်ခဲ့သည်။ မူရင်းဌာန ကျိုက်ထီးဆောင်း အောင်မြေမှ အခြေစ၍ ကျိုက်ဒေးယျံမြသပိတ် အစရှိသည်တို့ကိုပါ

လှည့်လည်၍ အမိဋ္ဌာန်ပန္နက်ချခဲ့သည်။ ကေလာသ ဆံတော်ရှင်မှာ ထိုအချိန်က တောင်ပိုင်းသံဃာတော်များနှင့် ဂေါပကအဖွဲ့တို့ ရှိသော်လည်း နယ်မြေအခြေအနေ ခေတ်ကာလအခြေအနေအရ အနီးကပ် စောင့်ရှောက်မှု ကင်းမဲ့နေချိန်ဖြစ်သည်။

## ရဟန်းဘောင်သို့ ဝင်ရောက် စတင်သာသနာပြုခြင်း

၁၀၀။ ကျိုက်ထီးဆောင်းဆရာတော်သည် မြန်မာသက္ကရာဇ် (၁၃၃၃)ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်လာခဲ့သည်။ ထို့နောက် ဆံတော်ရှင်သာသနာကို ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မှ စတင်ပြုခဲ့သည်။ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီ၏ တိမ်းစောင်းနေသော ဟောင်းနွမ်းချွတ်ယွင်းနေသည့် ထီးတော်ကို မြန်မာသက္ကရာဇ် (၁၃၃၄)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပြုပြင်ပြီး အမိဋ္ဌာန်ဖြင့် တည့်မတ်အောင် တင်လှူနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ထီးစောင်းဘုရားမှ ထီးဆောင်းဘုရားအဖြစ်ဟု ခေါ်နိုင်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်နှင့် ရဟန္တာမထေရ်ကြီးများ၏ ဗျာဒိတ်တော်တို့အရ တောချုံအောက်တွင် နှစ်ပေါင်းများစွာ ငုပ်တိမ်းနေခဲ့ရသည်။ ကျိုက်ထီးဆောင်းဆရာတော်၏ ဖွင့်ဖော်မှုကြောင့် (၂၅၀၀) သာသနာကျော်မှ ပွင့်လင်းပြီး လူတို့ပူဇော်ခြင်းကို ကြီးစွာခံရသည်။

ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်သည် ဝိဇ္ဇာဉာဏ်မနေအရ ဗုဒ္ဓဘုရားရှင်၏ ဆံတော်သာသနာကို ပြန်လည်ဖွင့်ဖော်ရန် အချိန်နာဠီကျရောက်ပြီဖြစ်ကြောင်း ပြတ်ပြတ်ထင်ထင် သိရှိခဲ့ပေသည်။ ဤသို့ဆံတော်ရှင် သာသနာကို ဖွင့်ဖော်ရာတွင် ကာလ-ဌာန-ပယောဂ အကြောင်းသုံးပါး အပေါ် အခြေတည်၍ ဆောင်ရွက်ခဲ့ပေသည်။

၁၀၁။ ကျိုက်ထီးဆောင်းဆရာတော်သည် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်ကို ထီးခရိုင်မဏ္ဍိုင်ပြုခဲ့သည်။ ထိုနေရာဌာနမှ အခြေစ၍ ဗုဒ္ဓဘုရားရှင်၏ ဆံတော်ရှင်သာသနာကို ပွင့်လင်းစည်ပင်အောင် ဆောင်ရွက်သည်။ ဘုရားရှင်၏ ဗျာဒိတ်တော်လာ နှစ်ပေါင်း (၂၅၀၀) သာသနာအကျော်မှာ တကျော့ပြန် သာသနာဖွင့်ဖော်ခြင်းဖြစ်သည်။ သုဝဏ္ဏဘူမိ သာသနာတည်ရာ သေ့ချက်သည် ဇုတ်သုတ်ကျေးရွာရှိ ကျိုက်ထီးဆောင်း ဆံတော်ရှင် စေတီတော်ကြီးဖြစ်သည်။ ထို့ကြောင့် ဆရာတော်က ဝိဇ္ဇာမာတ် ပန္နက်ချ၍ ဆောင်ရွက်ခဲ့သည်။ ထိုကျိုက်ထီးဆောင်းကုန်းမြေနေရာမှ လူတို့၏ အကုသိုလ်ကံလမ်းကြောင်း တိမ်းစောင်းနေသည်ကို မမှပလ္လင်ဖြင့် ဟောဖော်ညွှန်ပြနေပေသည်။ ဆရာတော်၏ ဟောဖော်ညွှန်ပြမှုမှာ ပွဲပိတ်နောက်ဆုံးတွင် ဤဆံတော်ရှင် သာသနာဖွင့်ဖော်ပွဲ၌ ငါးသုံးလီ အောင်ပန်းဆင်မြန်းနိုင်အောင်

သိကြစေ မုခသိုက်စကားဖြင့် သတိပေး ဟောပြောသည်။ **“မသိသူကျော်သွား သိသူဖော်စား”** ထိုစကားအရ ဉာဏ်နည်းသူတို့ မမြင်၊ ဉာဏ်ကြီးသူတို့သာ သိမြင်ကြ၍ ဆရာတော်၏ သာသနာပြုလုပ်ငန်းများ၌ ပါဝင်လာခဲ့ကြသည်။ ပါရမီ ပဌာန်းဆက်ရှိသူတွေလည်း ဝင်လာမစဲ တသဲသဲ ရှိသည်။ ဆရာတော်၏ သုဝဏ္ဏဘူမိ ဆံတော်ရှင်သာသနာကို ပြန်လည် ဖွင့်ဖော်ရာတွင် ကေလာသ ဆံတော်ရှင်စေတီတော်၏ အရိပ်အောက်၌ အဓိဋ္ဌာန်ဖြင့် ကြိုးပမ်းခဲ့သော်လည်း ပြုပြင် တည်ဆောက်နိုင်ရေးအတွက် (၉)နှစ် စောင့်ခဲ့ရသည်။

## သာသနာတော် တည်တံ့ပြန့်ပွားရေးကာလ ကေလာသ

၁၀၂။ ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးရှိ သံဃာတော်မြတ်အပေါင်းတို့၏အလို့ငှာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းစဉ်ကြီး ပေါ်ပေါက်လာလေသည်။ ယင်းသို့ ဖြစ်လာခြင်းသည် “အနာဂတ်ကာလ၌ အကုသိုလ်တရားဆိုးတို့ကို ရှက်ကြောက်တတ်သော သူတော်ကောင်း ရဟန်းတော်တို့သည် မြတ်စွာဘုရား သာသနာတော်ကြီးကို စောင့်ရှောက်ကြလိမ့်မည်” ဟူ၍ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သတိပေးထားခဲ့သည်။ ထို့ကြောင့် ရဟန်းတော်မြတ်များ စွမ်းစွမ်းတမံ မမှုစက်ဖြင့် သာသနာပြုကြသည်ကို အာဏာစက်ဖြင့်

ကူညီ ဆောင်ရွက်ခဲ့ခြင်းကြောင့် မြောက်များစွာသော ကုသိုလ် အကျိုး စီးပွားများ ဆက်တိုက် ပေါ်ထွန်းလာတော့သည်။ ဤလုပ်ငန်းစဉ်များကြောင့် ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက အဖွဲ့ကြီး ပေါ်လာခြင်း၊ သာသနာပြုပုဂ္ဂိုလ်များ အကွဲကွဲ အပြားပြား ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သာသနာပြုနေရာမှ အချင်းချင်း တိုင်ပင်လာကြသည်။ ဗုဒ္ဓဘာသာဝင် ခုနစ်ရက် သားသမီးများ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် လျက် ရှိကြသည်။

၁၀၃။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး လုပ်ငန်းစဉ်ကြီး အကောင်အထည်ဖော်ရာတွင် ဂိုဏ်းပေါင်းစုံ သံဃမဟာနာယကအဖွဲ့၊ တိုင်းနယ်/ ပြည်နယ် သံဃနာယက အဖွဲ့၊ ခရိုင်မြို့နယ်၊ ကျေးနယ်၊ ရပ်ကွက်၊ သံဃနာယကအဖွဲ့များ ဖွဲ့စည်းခဲ့ကြသည်။ ထို့ကြောင့် ဘုရားရှင်၏ ဗျာဒိတ်တော်အရ ကေလာသ ဆံတော်ရှင်စေတီမှာ ပြည်သူလူထု၏ မြန်မာ သက္ကရာဇ် (၁၂၉၄)ခုနှစ် ပြုပြင်မွမ်းမံခဲ့ပြီးနောက်ပိုင်း မိုးဒဏ် လေဒဏ် သဘာဝဘေးဒဏ်များကြောင့် ထီးတော်၊ စိန်ဖူးတော်တို့သည် ချွတ်ယွင်းခဲ့ရသည်။ ထိုအထဲတွင် မြန်မာ သက္ကရာဇ် (၁၃၄၄)ခုနှစ် ကဆုန်လအတွင်း ပြင်းထန်သော လေဒဏ် မိုးဒဏ်ကြောင့် ပိန္နဲတိုင်ကြီး ညွတ်ကွေးသွား၍ ထီးတော်၊ စိန်ဖူးတော်တို့မှာ ထပ်မံ စောင်းငဲ့ချွတ်ယွင်းရ ပြန်သည်။ ယင်းဖြစ်ရပ်ကို သံဃမဟာနာယကအဖွဲ့က ဘီးလင်း

မြို့နယ် သံဃနာယကအဖွဲ့သို့ ကေလာသ ဆံတော်ရှင်စေတီတော်၏ အပျက်အစီးများအား အမြန်ပြုပြင်ရန် ညွှန်ကြားခဲ့သည်။ ပြုပြင်ရာ၌ ကြီးကြပ်မှု လွယ်ကူစေရန်အတွက် အဖွဲ့ဝင် (၉)ဦးပါဝင်သော အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးခဲ့သည်။

(က) ကျောက်တစ်လုံးကျောင်းဆရာတော် ဦးဝိဇယ
(ခ) ပန်းတောင်မြောင်ကျောင်းဆရာတော် ဦးဓမ္မာလင်္ကာရ
(ဂ) ဘီးလင်းလေသာကျောင်းဆရာတော် ဦးဇာနေယျ
(ဃ) ဝင်းပြန်ကျောင်းဆရာတော် ဦးသုန္ဒရ
(င) သစ်တိုကျွန်းကျောင်းဆရာတော် ဦးကောဏ္ဍည
(စ) ဦးခင်ကြိုင် (မြို့နယ်သာသနာရေးဦးစီးမှူး)
(ဆ) ဦးထွန်းခင် (ဂေါပကအဖွဲ့ဝင်ဟောင်း)

(ဆရာတော်နှစ်ဦးမှာ ကျန်းမာရေးကြောင့် နုတ်ထွက်သွား၍ ခုနစ်ဦးသာ ကျန်သည်။)

၁၀၄။ အထက်ဖော်ပြပါ ကြီးကြပ်ရေးအဖွဲ့သည် ကေလာသဆံတော်ရှင် စေတီတော်ကြီးကို မြန်မာသက္ကရာဇ် (၁၃၄၄)ခုနှစ် တပို့တွဲလဆန်း (၉)ရက်နေ့တွင် အသံမစဲပဋ္ဌာန်းပွဲ (၉)ရက်တိတိ ပူဇော်ကြသည်။ မဏ္ဍိုင် (သံမဏိပိန္နဲတိုင်)အသစ် စိုက်ထူခဲ့ကြ

သည်။ ပျက်စီးချွတ်ယွင်းမှုများကို ပြုပြင်ပြီး ထီးတော်၊ စိန်ဖူးတော်တို့ကို စည်ကားသိုက်မြိုက်စွာ တင်လှူခဲ့ကြသည်။ ယခုအကြိမ် တင်လှူသော ထီးတော်မှာ ချွတ်ယွင်းသွားသော ထီးတော်ထက် အရွယ်အစား သေးနေခြင်း၊ စိန်ဖူးတော်၌ စီချယ်ထားသော ရတနာများ ခိုင်ခန့်မှု မရှိခြင်း၊ ခိုးမှုနှောက်ယှက်မှုများ ရှိခဲ့ခြင်းတို့ကြောင့် ကျေနပ်ဖွယ်မရှိ ဖြစ်ခဲ့ရသည်။ ကေလာသကြီးကြပ်ရေးအဖွဲ့က ထိုနှစ် တပေါင်းလဆန်း (၆)ရက်နေ့တွင် နှင်းပုလဲ ရွာလယ်ကျောင်း၌ စည်းဝေးတစ်ခု ပြုလုပ်ခဲ့ကြသည်။ ယင်းစည်းဝေးပွဲတွင် အဓိကထား ဆွေးနွေးခဲ့ကြသည်မှာ-

(က) ထီးတော်ကို ဘုံ (၇) ဆင့်မှ ဘုံ (၉)ဆင့်နှင့် လဲတင်ရန်။

(ခ) ခွင့်ပြုပြီး ဘုံ (၇)ဆင့် ထီးတော်ကို ဆုံးဖြတ်သည့်အတိုင်း တင်လှူရန်။

(ဂ) ထီးတော်နှစ်ဘုံကို မြို့နယ်သံဃနာယကအဖွဲ့က တန်ခူးလပြည့်နေ့တွင် တင်လှူရန်၊ ထီးနှစ်ဘုံနှင့်အတူ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို လက်ရှိအခြေအနေထက်ကောင်းအောင် ပြုလုပ်ရန်။ မြန်မာသက္ကရာဇ် (၁၃၄၅) ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် တင်လှူရန်။

(ဃ) ထီးဘုံခုနစ်ဆင့် တင်လှူရာတွင် ဆံတော်ရှင် စေတီ ဖြစ်ခြင်းကြောင့် ပန်းရထားဖြင့် အဆင့်မြင့်မြင့် တင်လှူရန်။

(င) ထီးဘုံခုနစ်ဆင့်ကို တပေါင်းလပြည့်နေ့တွင် မတင်နိုင်လျှင် တန်ခူးလပြည့်နေ့ ကျန်နှစ်ဘုံ၊ ငှက်မြတ်နား၊ စိန်ဖူးတို့နှင့်အတူ မြို့နယ် သံဃ နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်လှူရန်။

(စ) ကျန်နှစ်ဘုံအား တဆက်တည်း တင်လှူလိုလျှင် ခွင့်ပြုရန်။

အထက်ပါ ဆုံးဖြတ်ချက်များကို လုပ်ငန်းလမ်းညွှန် အဖြစ် ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ထိုကြီးကြပ်ရေး အဖွဲ့က ပြီးပြတ်အောင် မဆောင်ရွက်နိုင်ခဲ့ကြပါ။

၁၀၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကေလာသ ဆံတော်ရှင်ကြီးကြပ်ရေးအဖွဲ့သို့ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို မူလအရွယ်အစားအတိုင်း အမြန်ပြုပြင် တင်လှူကြရန် ထပ်မံညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက်အရ ကျိုက်ထီးဆောင်း ဘုရားဝင်းအတွင်းရှိ စနေကျောင်းတွင် မြန်မာ သက္ကရာဇ် (၁၃၄၅)ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်၊ (၁၈-၉-၈၃)ရက်နေ့တွင် အောက်ပါ ဆရာတော်ကြီးများ တက်ရောက်သည့် စည်းဝေးပွဲတစ်ခု ကျင်းပခဲ့ကြသည်။

| | | |
|---|---|---|
| (က) | ဦးဝေပုလ္လ | (ဗဟိုဝန်ဆောင်) ရေတံခွန်ကျောင်း ဆရာတော်ကင်းရွာ၊ |
| (ခ) | ဦးဝိမလ | (ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့) နှင်းပုလဲ ရွာလယ်ကျောင်း၊ |
| (ဂ) | ဦးဝိဇယ | (ဒု-ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့) ကျောက်တစ်လုံးကျောင်း ဆရာတော်၊ |
| (ဃ) | ဦးသောဘဏ | (ရွှေကျင်ဂိုဏ်း) ပေါက်တောကျောင်း ဆရာတော်၊ |
| (င) | ဦးနေမိန္ဒ | (ပြည်နယ်ဝန်ဆောင်) ကျောက်ဝိုင်းကျောင်း ဆရာတော်၊ |
| (စ) | ဦးဇဝန | (ပြည်နယ်ဝန်ဆောင်) အနန်းချောင်းကျောင်း ဆရာတော်၊ |
| (ဆ) | ဦးကောဏ္ဍည | (မြို့နယ်သံဃနာယကအဖွဲ့ဝင်)၊ |
| (ဇ) | ဦးမဟာလင်္ကာရ | (မြို့နယ်သံဃအဖွဲ့ဝင်) ပန်းတောမြောင်ကျောင်း ကောဒွတ်ရွာ၊ |
| (ဈ) | ဦးပညာဒီပ | (ကျိုက်ထီးဆောင်း) ဇုတ်သုတ်ကျေးရွာ။ |

၁၀၆။ ထိုအစည်းအဝေးတွင် အဓိကဆွေးနွေးကြသည်မှာ ကေလာသ ဆံတော်ရှင်စေတီတော်၏ ထီးတော်၊ ငှက်မြတ်နား

တော်၊ စိန်ဖူးတော်တို့ကို ပြည့်ပြည့်စုံစုံ အကောင်းဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်အောင် ပြုလုပ်ကြပြီး ထပ်မံတင်လှူကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းစည်းဝေးတွင် မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဦးဝိမလက ကေလာသတောင်တော် စောင့်ရှောက်ရန်အဖွဲ့အစည်း မရှိသေးသောကြောင့် နယ်ခံဖြစ်၍ ဆံတော်ရှင်စေတီများကို ပြုပြင်ရာ၌ အတွေ့အကြုံရှိသော ကျိုက်ထီးဆောင်းဆရာတော်အား ကေလာသ ဆံတော်ရှင်စေတီတော်မြတ်ကြီးနှင့် ကေလာသတောင်တော် သာသနာကို တာဝန်ပေး၍ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရန် မြို့နယ်သံဃနာယကအဖွဲ့မှ ရည်မှန်းထားကြောင်း တင်ပြတော်မူသည်။ ထိုအခါ ဦးနေမိန္ဒ (ဗဟိုဝန်ဆောင်)၊ ဦးဝေပုလ္လ (ဗဟိုဝန်ဆောင်)၊ ဦးသောဘဏ (ပြည်နယ်ဝန်ဆောင်)၊ ဦးနန္ဒဝံသ (မြို့နယ်သံဃနာယကအကျိုးဆောင်)တို့က ထောက်ခံဆွေးနွေး အတည်ပြု ဆုံးဖြတ်ကြသည်။ ထိုအခါ ကျိုက်ထီးဆောင်းဆရာတော်က အထက်ပါဆုံးဖြတ်ချက်အရ လုပ်ဆောင်ရာတွင် နယ်ခံ ဆရာတော်များ၏ ဩဝါဒဆိုဆုံးမမှုအောက်တွင် သာသနာရေးကိစ္စများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည် လျှောက်ထား လက်ခံခဲ့သည်။ ထို့နောက် ဆရာတော် ဦးဝေပုလ္လ (ဗဟိုဝန်ဆောင်)က ဤကေလာသတောင်တော်ကြီး၌ မီးမလင်းခဲ့သည်မှာ ကြာပြီဖြစ်သည်။ အမြန်ဆုံးကောင်းသော အတိတ်နိမိတ်များ ဖြစ်စိမ့်သောငှါ အလင်းမာတ်ပေးရန်

လျှပ်စစ်မီးပူဇော်ရေးအတွက် မေတ္တာရပ်ခံ နှိုးဆော်သည်။ ထို့ကြောင့် ကျိုက်ထီးဆောင်းဆရာတော်က အထူးကြိုးစားပြီး မြန်မာသက္ကရာဇ် (၁၃၄၅)ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈)ရက်နေ့မှစ၍ လျှပ်စစ်မီးထွန်း ညှိပူဇော်ခဲ့သည်။ ယခုအချိန် ထိုလျှပ်စစ်မီးအစား နိုင်ငံတော်ဓါတ်အားလိုင်းမှ ဆက်သွယ် ပူဇော်ထားပြီးဖြစ်သည်။

၁၀၇။ ထို့နောက် မြို့နယ်သာသနာရေးဦးစီးမှူးက လက်ရှိ ဆရာတော်များအပြင် ဩဝါဒစရိယဆရာတော်များအဖွဲ့နှင့် ယာယီ အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း လျှောက်ထားသည်။ ယင်းအဆိုပြု လျှောက်ထား ချက်ကို မြို့နယ်သံဃနာယကအဖွဲ့က သဘောတူကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ အထက်ပါ ဆုံးဖြတ်ချက်အရ မြန်မာ သက္ကရာဇ် (၁၃၄၅)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄)ရက်နေ့တွင် ဘီးလင်းမြို့နယ်၊ ကေလာသတောင်တော်တစ်ဝိုက်ရှိ ကျောင်း ပေါင်းစုံမှ ဆရာတော်၊ သံဃာတော်များနှင့် နယ်ခံကိုယ်စား လှယ်များကို ပင့်ဖိတ်၍ ဆရာတော်ဦးဝေပုလ္လ (ဗဟိုဝန်ဆောင်) ကင်းရွာ ရေတံခွန်ကျောင်းတွင် ကေလာသဆံတော်ရှင် စေတီတော်ကြီး၏ သာသနာတော်အတွက် ရှေ့ဆက် ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆွေးနွေးကြသည်။ ကေလာသ ဆံတော်ရှင် စေတီတော်ကြီးအတွက် ထီးတော်၊

ငှတ်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို မူလအတိုင်း အကောင်းဆုံးဖြစ်အောင် ပြုပြင်ပြီး ဆက်ကပ်တင်လှူရန် အပြန်အလှန်ဆွေးနွေး ဆုံးဖြတ်ကြသည်။ ထို့နောက် မြန်မာသက္ကရာဇ် (၁၃၄၅)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက် (၆-၁၁-၈၃) နေ့တွင် အောက်ပါ ဆရာတော်ကြီးများ ပါဝင်သည့် ဩဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။

| | | |
|---|---|---|
| (က) | ဦးဝိမလ | ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ပုလဲရွာလယ်ကျောင်း၊ |
| (ခ) | ဦးဝေပုလ္လ | ဗဟိုဝန်ဆောင်၊ ရေတွင်းမွန်ကျောင်း ကင်းရွာကျေးရွာ၊ |
| (ဂ) | ဦးနေမိန္ဒ | ပြည်နယ်ဝန်ဆောင်၊ ကျောက်ဝိုင်းကျောင်း တောင်စွန်းကျေးရွာ၊ |
| (ဃ) | ဦးဇဝန | ပြည်နယ်ဝန်ဆောင်၊ အနည်းချောင်းကျောင်း ကော့ဒွတ်ကျေးရွာ၊ |
| (င) | ဦးဝိဇယ | ဒုတိယဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ကျောက်တစ်လုံးကျောင်း၊ ပေါက်တောကျေးရွာ၊ |
| (စ) | ဦးမဟ္မာလင်္ကာရ | မြို့နယ်သံဃနာယက၊ ပန်းတောမြောင်ကျောင်း၊ တောင်ကြီး ကျေးရွာ၊ |

| | |
|---|---|
| (ဆ) ဦးသောဘဏ | ပေါက်တောတောရကျောင်း၊ ရွှေကျင်ဂိုဏ်း၊ |
| (ဇ) ဦးနန္ဒဝံသ | ပေါက်တောကျောင်းသစ်၊ ရွှေကျင်ဂိုဏ်း၊ |
| (ဈ) ဦးသာဂရ | ဦးကောသလ္လတောင်-ယက္ကန်းသမကျေးရွာ၊ ရွှေကျင် ဂိုဏ်း၊ |
| (ည) ဦးဥက္ကံသ | ပေါ်တော်မူကျောင်း၊ ဝင်းကကျေးရွာ ရွှေကျင်ဂိုဏ်း၊ |
| (ဋ) ဦးသုမန | ဇေယျာသုခကျောင်း၊ တောင်ကြီးကျေးရွာ၊ |
| (ဌ) ဦးပါမောက္ခ | ပေါက်တောကျောင်းကြီး၊ |
| (ဍ) ဦးပညာဒီပ | ကျိုက်ထီးဆောင်းကျောင်း၊ ဇုတ်သုတ်ကျေးရွာ၊ |
| (ဎ) ဦးကုန္ဒက | ရွှေဂံတောင်တိုက်ကျောင်း၊ တောင်စွန်းကျေးရွာ၊ |
| (ဏ) ဦးပညာသုခ | ကျီးပင်ကျောင်း၊ |
| (တ) ဦးနာယက | သံဘုရားကျောင်း၊ ညောင်သာယာရွာ၊ |

(ထ) ဦးဉာဏဝံသ — ငှက်သိုက်ကျောက်၊ မရမ်းကုန်းကျေးရွာ၊
(ဒ) ဦးသောမသီရိ — ငါးဘတ်ချောင်းကျောင်း၊ မရမ်းကုန်းကျေးရွာ၊
(ဓ) ဦးပဏ္ဍိတ — တောင်ပေါ်ကျောင်း၊ ယက္ကန်းသမရွာ၊
(န) ဦးမာလာသီရိ — ခေတ်သစ်မဟာသိပ္ပံကျောင်း၊ ဝင်းကကျေးရွာ၊
(ပ) ဦးသံဘောဂ — ဥက္ကဋ္ဌ၊ ကျေးရွာနာယက၊ တောင်ကြီးကျေးရွာ၊

၁၀၈။ အထက်ပါ ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော် (၂၁) ပါးထဲမှ အောက်ပါ ဆရာတော်ကြီးငါးပါးတို့အား လုပ်ငန်းဆောင်ရွက်ရာတွင် အနီးကပ်လမ်းညွှန်မှု ပေးနိုင်ရေးအတွက် ပမာနဩဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြသည်-

(က) ဦးဝိမလ — (ဥက္ကဋ္ဌ-မြို့နယ်သံဃနာယကအဖွဲ့) ဘီးလင်းမြို့နယ်၊
(ခ) ဦးဝေပုလ္လ — (ဗဟိုဝန်ဆောင်)
(ဂ) ဦးသောဘဏ — (ပေါက်တော၊ တောရကျောင်း) ရွှေကျင်ဂိုဏ်း၊

(ယ) ဦးပညာဒီပ (ကျိုက်ထီးဆောင်းကျောင်း)
ဇုတ်သုတ်ကျေးရွာ၊
(င) ဦးသံဘောဂ (ဥက္ကဋ္ဌ၊ ကျေးရွာနာယက)
တောင်ကြီးကျေးရွာ၊

၁၀၉။ ဤသို့ဂိုဏ်းပေါင်းစုံ သံဃာတော်များ၏ စည်းရုံးမှု၊ ပူပေါင်းပါဝင်မှုတို့မှာ ထူးကဲမွန်မြတ်လှပေသည်။ "**ရွှေပါဒ-ဓေယျာခ-ကေလာသ**"ဟူသော ဆိုစကားနှင့်အညီ ရခဲလှသော အောင်မြင်မှုမျိုးလည်း ဖြစ်ပေသည်။ ထို့အတူ ကေလာသ ဆံတော်ရှင် စေတီတော်ကြီးအတွက် လုပ်အားဒါန ပါဝင်ကြသူများ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို မလွဲအမှန် ရရှိကြမည်ဖြစ်ပေသည်။ အထက်ပါ ကေလာသ စေတီတော်ကြီးအတွက် ဖွဲ့စည်းထားသည့် ယာယီပဓာန ဩဝါဒါစရိယ ဆရာတော်ကြီးငါးပါးအပြင် အနီးကပ် ကြီးကြပ်ကွပ်ကဲမှုတွင် ပိုမိုထိရောက်စေမည့် ယာယီအလုပ်အမှုဆောင်အဖွဲ့ကို (၃၄)ဦးဖြင့် ထပ်မံ ဖွဲ့စည်းလိုက်သဖြင့် ရှေ့လုပ်ငန်းစဉ်ကြီးများ ဆောင်ရွက်ရာတွင် အထူးပြည့်စုံသွားလေသည်။ မြန်မာသက္ကရာဇ် (၁၃၄၅)ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက် (၁၇-၁၂-၈၃)နေ့တွင် မြို့နယ်သံဃဩဝါဒါစရိယအဖွဲ့၊ ယာယီအလုပ်အမှုဆောင်အဖွဲ့တို့သည် တောင်ကြီး

ကျေးရွာရှိ ဆရာတော်ဦးသံဘောဂကျောင်းတွင်း တရားဝင် စည်းဝေးဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးက ကေလာသ ဆံတော်ရှင် စေတီတော်ကြီးအား ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို မြန်မာသက္ကရာဇ် (၁၃၄၆)ခုနှစ်၊ နှစ်ဆန်း (၁) ရက်၊ တနင်္လာနေ့တွင် တင်လှူပူဇော်ကြရန် သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

## ကြိုတင်ပြင်ဆင် ကေလာသဆံတော်ရှင်

၁၁၀။ ကျိုက်ထီးဆောင်း ဆရာတော်အရှင်မြတ်သည် ကေလာသ ဆံတော်ရှင် စေတီတော်၏ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကို တင်လှူရန် ဖွဲ့စည်းထားသော ပမာန ဩဝါဒါစရိယအဖွဲ့တွင် ပါဝင်သည်။ (ကေလာသ တောင်တန်း ဩဝါဒါစရိယအဖွဲ့တွင် ပါဝင်သည်) ကေလာသ တောင်တန်း ဩဝါဒါစရိယအဖွဲ့၏ (၁၇ ၁၂-၈၃)ရက်နေ့ ဆုံးဖြတ်ချက်အရ မြန်မာသက္ကရာဇ် (၁၃၄၆)ခုနှစ် ၊ နှစ်ဆန်း (၁)ရက်၊ တနင်္လာနေ့တွင် တင်လှူရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ထိုနေ့မှ စ၍ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ကျိုက်ထီး ဆောင်း ဆရာတော်အရှင်မြတ်သည် နှိုးဆော်မှု၊ တိုက်တွန်းမှု၊ ဟောပြောမှုများ ပြုလုပ်ခဲ့သည်။ ဆရာတော်၏ကြိုးပမ်းမှုကြောင့်

အကျိုးဆောင် သာသနာ့ရက်ာ့တအဖွဲ့ (ရန်ကုန်)မှလည်းကောင်း၊ ရန်ကုန်မြို့မှ တပည့်တကာများ၊ ဘီးလင်းမြို့မှ တပည့်တကာများ၊ တောင်စွန်းမြို့မှ တပည့်တကာများကလည်းကောင်း၊ စေတနာ အရင်းခံဖြင့် ပါဝင်လုပ်အားဒါန ပေးခဲ့ကြသည်။ ထို့ကြောင့် ကေလာသ စေတီတော်ကြီးနှင့် အရံစေတီများ၊ ဝန်းကျင်မှ ကျောင်းအို၊ ဇရပ်အို၊ အာရုံခံတန်စောင်း၊ ဆွမ်းချက်ဆောင်၊ ဆွမ်းစားဆောင်စသည့် ဟောင်းနွမ်းပျက်စီး ယိုယွင်းနေမှုများကို အချိန်တိုအတွင်း ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

၁၁၁။ ထို့ပြင် ကျိုက်ထီးဆောင်း ဆရာတော်သည် အရေး အကြီးဆုံးဖြစ်သော ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တခမ်းတနား လှည့်လည် အပူဇော်ခံနိုင်ရေး အတွက် စီစဉ်ရသည်။ တဘက်တွင်လည်း ကြွရောက်လာကြမည့် နယ်ကုန်သံဃာတော်များအတွက် ဆွမ်းကိစ္စ၊ လှူဖွယ်ကိစ္စ များကိုလည်းကောင်း၊ လူပရိသတ်များအား ကျွေးမွေးရေး အတွက်လည်းကောင်း၊ ထီးတော်, ငှက်မြတ်နားတော်, စိန်ဖူး တော်တို့အား ခမ်းနားကြီးကျယ်စွာ တင်လှူနိုင်ရေးအတွက် လည်းကောင်း၊ ပွဲတော်နေ့တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရေး အတွက်လည်းကောင်း၊ လုံခြုံရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာများနှင့် အသေးစိတ် ညှိနှိုင်းတာဝန်ယူ ဆောင် ရွက်ခဲ့ရသည်။ ထိုပုပ်ငန်းအားလုံးကို ကျိုက်ထီးဆောင်း

ဆရာတော်ကြီး၏ ကြီးမားသော မေတ္တာ၊ ကရုဏာတို့ကြောင့် ဆရာတော်၏ လမ်းညွှန်မှုအောက်မှ ငါးသုံးလီ တပည့်တကာ များက အချိန်မှီ ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြသည်။

## တင်လှူပူဇော် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်

၁၁၂။ ကျိုက်ထီးဆောင်းဆရာတော်ပါဝင်သော ယာယီ ပမာနသြဝါဒါစရိယဆရာတော်ကြီးများ၏ ကြိုးပမ်းမှုကြောင့် မြန်မာသက္ကရာဇ် (၁၃၄၆)ခုနှစ်၊ နှစ်ဆန်း (၁)ရက် (၁၆-၄-၈၄)နေ့တွင် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ကြီးကျယ်ခမ်းနားစွာ တင်လှူခဲ့ကြသည်။ ဤပွဲတော်အခမ်း အနားသည် တစ်သက်တွင် တစ်ခါမှ မကြုံစဖူး အသွင်ထူးသည့် ပွဲတော်ကြီးဖြစ်၍ ခြိမ့်ခြိမ့်သဲအောင် စည်ကားလှသည်။ လူထုပရိသတ် တစ်သိန်းမက တက်ရောက် အောင်ပွဲခံခဲ့ ကြသည်။ ဤထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို မတင်မှီကာလများက စေတီတော်ကြီးတွင် အနီးကပ် ထိန်းသိမ်း စောင့်ရှောက်သူ မရှိသောကြောင့် အမှောင်ဖုံးလွှမ်းပြီး စေတီ တော်ဝန်းကျင်၌ တောပြုံးလောက်အောင် ထင်း၊ ဝါးများကို လွတ်လပ်စွာ ခုတ်ယူခဲ့ကြသည်။ ဝါသနာအကြိုက် တောလိုက်၊ ငှက်ပစ်လုပ်ကြသည်။ သူတော်ကောင်းများ၏ နေထိုင်ရာ စေတီတော်ရင်ပြင်တွင် ကြိုက်နှစ်သက်သလို အမဲ၊ ဝက်၊ အရက်

စသည်တို့ကို မဆင်မခြင်၊ မလေးမခန့် စားသောက်ကြသည်။ သူတော်စင်တို့ မနှစ်သက်သည့် အပြုအမူများ ပြုလုပ်ကြသည်။ ကျိုက်ထီးဆောင်းဆရာတော်သည် ကေလာသဆံတော်ရှင် ရင်ပြင်ကိုကာရံထားသည့် ပတ်လည် အုဋ်တံတိုင်းပေါ်ရှိ အရံစေတီငယ်များကိုပါ စေတီတော်ကြီးနှင့်အတူ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူခဲ့သည်။ စေတီတော်ကြီးမှာ ယခင်က ဥာဏ်တော် (၃၅) တောင်ခန့် ရှိသည်။ အကြိမ်ကြိမ် ပြုပြင်မှုကြောင့် ယခုအခါ ဥာဏ်တော် (၁၁၃)ပေ (၉)လက်မခန့်ရှိသည်။ ထိုနေ့မှစ၍ ဆရာတော်၏ တပည့်ရဟန်းသံဃာ၊ ကိုရင်၊ ယောဂီယောကျ်ား အစောင့် အရှောက်အလို့ငှါ ထားရှိသည်။ ထိုအချိန်မစ၍ အဝိဇ္ဇာ အမှောင်တွင်းမှ ဝိဇ္ဇာအလင်းပြ ဖွင့်ဖော်ခြင်းမျိုး ဖြစ်ပြီး ကေလာသ ဆံတော်ရှင်ဝန်းကျင်တွင် သာယာအေးချမ်းမှု ရှိလာသည်။ လူသိများပြီး ကိုးကွယ်သူလည်း များလာသည်။ နိုင်ငံတော်အစိုးရ ဓါတ်အားလမ်းကြောင်းမှ လျှပ်စစ်မီးသွယ်ယူ ထွန်းညှိပူဇော်ပြီးဖြစ်၍ နေ့/ည (၂၄)နာရီ မီးအလင်းရရှိ ပြီးလည်း ဖြစ်သည်။ ကေလာသ ဆံတော်ရှင်စေတီတော် ခြေရင်းအထိ မော်တော်ယာဉ်ဖြင့် လွယ်ကူစွာ တက်ရောက် ဖူးမြော်နိုင်ပြီးဖြစ်သည်။

## ဒုတိယအကြိမ် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူခြင်း

၁၁၃။ ကေလာသစေတီတော်သည် မိုးများသောအရပ်တွင် တည်ရှိသည်။ ပထမအကြိမ် (၁၆-၄-၈၄)ရက်နေ့က တင်လှူခဲ့သော ထီးတော်, ငှက်မြတ်နားတော်, စိန်ဖူးတော်တို့မှာ (၁၀)နှစ်တာကာလအတွင်းသို့ ရောက်လာသည့်အခါ အရောင်ကင်းမဲ့လာသည်။ စေတီတော်ကိုယ်ထည်မှာလည်း ညိုရာမှ မဲလာသည်။ ထို့ကြောင့် ကျိုက်ထီးဆောင်းဆရာတော်က ဖြုတ်ချပြုပြင်ရပြန်သည်။ 'စေတီတော်ကိုယ်ထည်ကိုလည်း ငှက်ပျောဖူးအထိ ရွှေသက်န်း ကပ်လှူခဲ့ကြသည်။ တစ်ဘက်တွင်လည်း ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားမှ ကေလာသတောင်ခြေအထိ ယခင်ဖောက်လုပ်ထားသော လှည်းလမ်းသာသာလမ်းကို ဆရာတော်၏တပည့်တကာများ၊ ငါးလုံးလီအဖွဲ့ဝင်များက ကာယအား၊ ဉာဏအား၊ မနအားတို့နှင့် စေတနာမေတ္တာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ မော်တော်ယာဉ် ကောင်းစွာသွားနိုင်သော ကျောက်ခင်းလမ်းတစ်လမ်း ဖြစ်လာသည်။ ထို့ပြင် ကေလာသတောင်ခြေမှ ကေလာသဆံတော်ရှင် စေတီတော်ခြေရင်းအထိလည်းကောင်း လမ်းခုလပ်မှ မြသပိတ်ဆံတော်ရှင်စေတီတော်ခြေရင်းအထိလည်း ကာယအား, ဉာဏအား စက်ယန္တရားအားတို့ဖြင့် ဖောက်လုပ်ခဲ့ကြသည်။ ညီညာသော

ကျောက်လမ်းအဖြစ် မော်တော်ယာဉ်များ ကောင်းစွာ တက်ရောက်နိုင်သော လမ်းဖြစ်လာသည်။ ထို့ပြင် နိုင်ငံတော်က ဘီးလင်းလမ်းဆုံမှ ဇုတ်သုတ်ကို ဖြတ်၍ တောင်စွန်းမြို့အထိ ကတ္တရာခင်းပေးသောကြောင့် ဘုရားဖူးများ သွားလာမှု ပိုလွယ်ကူလာသည်။

၁၁၄။ ကျိုက်ထီးဆောင်း ဆရာတော်၏ ဘုရားဖူးများ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ပြင်းပြသော မေတ္တာစေတနာကို အရင်းခံ၍ တပည့်ရဟန်းသံဃာ၊ ကိုရင်၊ ဘိုးသူတော်၊ ယောဂီများနှင့် ငါးသုံးလီ စေတနာရှင်များ၏ ကြိုးစားဆောင်ရွက်မှု ရလာဘ်လမ်းတစ်လမ်း ဖြစ်လာသည်။ ထိုလမ်းကြောင်းကို အသုံးပြု၍ မော်တော်ယာဉ်များဖြင့် မြန်မာသက္ကရာဇ် (၁၃၅၄)ခုနှစ်၊ ဟန်းခူးလဆန်း (၆)ရက် (၁၂-၄-၉၃) တနင်္လာနေ့တွင် ဖြတ်ချပြုပြင်ပြီး ထီးတော်, ငှက်မြတ်နားတော်, စိန်ဖူးတော်တို့ကို စည်ကားသိုက်မြိုက်စွာ တင်လှူခဲ့ကြသည်။ ဤထီးတော် ငှက်မြတ်နားတော်, စိန်ဖူးတော်တင်လှူပွဲသို့ တက်ရောက်ခဲ့ကြသူများမှာ ပထမအကြိမ်ကဲ့သို့ပင် များပြားစည်ကားလှပေသည်။

## တတိယအကြိမ် ငှက်မြတ်နားတော်, စိန်ဖူးတော်တင်လှူခြင်း

၁၁၅။ ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်သည် တော တောင်အနှံ့ရှိ ဆံတော်ရှင်ဘုရားစေတီများနှင့် တန်ခိုးကြီးဘုရား စေတီများကို ခက်ခဲစွာ တာဝန်ယူပြုပြင်ခြင်း၊ ထိန်းသိမ်းစောင့် ရှောက်ခြင်းတို့ဖြင့် နေ့စဉ်နှင့်အမျှ မနားမနေ ကြိုးပမ်းဆောင် ရွက်လျက်ရှိသည်။ မည်မျှပင် လုပ်ငန်းများစေကာမူ နေထိုင်မ ကောင်းသည်ကလွဲ၍ ညစဉ် မမှပလ္လင်သို့ တက်ရောက်တရား ပြသည်။ နေ့ပိုင်းတွင်လည်း အမိဌာန်မပျက် လာရောက်ဖူးမြော် သူအားလုံးကို တွေ့ဆုံ၍ တရားမမှုကိစ္စများအား ဖြေရှင်းပေး သည်။ ထို့ကြောင့် ဆရာတော်ကို ဖူးရသည့်အခါတိုင်း ကျိန်း စက်နေသည်ကို မတွေ့ရပါ။ အချိန်တိုင်းမှာ ဝတ္တရားမပျက် လုပ်ရမည့်အလုပ်များကို မလစ်ဟင်းရလေအောင် လုပ်နေ သည်ကိုသာ မြင်ရ တွေ့ရ ဖူးမြင်ရသည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်းများမှာလည်း တဖြည်းဖြည်း ကျယ်ပြန့် လာသည်။ ထို့ကြောင့် ဆံတော်ရှင် ဘုရားစေတီများနှင့် တန်ခိုးကြီး ဘုရားစေတီများကို ခွဲတမ်းချ ပြုပြင်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ ပြုပြင်မှု လိပ်ပတ်လည်အောင် အချိန်ယူစောင့်ရသည်။

၁၁၆။ ကေလာသဆံတော်ရှင် စေတီတော်ကို ခရစ် (၁၉၉၅-၉၆) ခုနှစ်တွင် မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးဒဏ်များကြောင့်

ချွတ်ယွင်းမှုရှိလာသော ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဖြုတ်ချပြုပြင်ရသည်။ တဆက်တည်းပင် စေတီတော်ကြီး ကိုယ်ထည်ကို ရွှေချရောင်တော်ဖွင့်သည်။ ထို့အတူ အရံစေတီများကိုလည်း ပြုပြင်သည်။ ရွှေချရောင်တော်ဖွင့်သည်။ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကိုလည်း ပြုပြင်သည်။ ထို့ပြင် စေတီတော်ကြီး၏ မြေစိုက်အောက်ပစ္စယံနှင့် အထက်ပစ္စယံကြားတွင် ရှေးက မြေကြီးနှင့်ကျောက်တုံး၊ ကျောက်ခဲများ ရောလျက်တည်ဆောက်ထားသောကြောင့် နှစ်စဉ်လိုလို မိုးရေတိုက်စား ပြိုကျလျက်ရှိသည်။ သို့ဖြစ်၍ စေတီတော်ကြီးအား (၂၅၀၀) သာသနာမှ (၅၀၀၀)သာသနာ အရှည်တည်အောင် အောက်ပစ္စယံပတ်လည်မှ တူးဖော်ပြီး အုဋ္ဌ၊ ဘိလပ်မြေတို့ဖြင့် စေတီတော်နှင့် အချိုးညီ ပုံဖော်ပြုပြင်သည်။ တူးဖော်ပြုပြင်သည့် အောက်ပစ္စယံပတ်လည်သည် အလံ (၁၀၀)တစ်ရာအထိ ရှိသည်။ ထို့ပြင် အောက်ပစ္စယံနံဘေးမှ မိုးရေတိုက်စား ပြိုကျသွားသော နေရာကိုလည်း ဘိလပ်မြေ၊ ကျောက်တုံး ကျောက်ခဲများဖြင့် အခိုင်အမာ ပြုပြင်သည်။

၁၁၇။ ကေလာသ ဆံတော်ရှင် စေတီတော်ကို ရှေးက အကြိမ်ကြိမ် ပြုပြင်ခဲ့ကြသည်။ သို့သော် စေတီတော်တွင် ဖောင်းရစ်မရှိခြင်း၊ ခါးစည်းပန်းဆွဲမရှိခြင်း၊ ခေါင်းလောင်းပန်းဆွဲ မရှိခြင်းတို့ကြောင့် ယခုနှစ်ပြုပြင်ရာတွင် တပ်ဆင်သည်။

ယင်းသို့ ဖောင်ရစ်၊ ခေါင်းလောင်း၊ ပန်းဆွဲ၊ ခါးစည်းပန်းဆွဲများ မရှိခြင်းသည် ဘုရားရှင်၏ ဗျာဒိတ်တော်အရ (၂၅၀၀) သာသနာ သက်တမ်းကျော်မှ ပြုပြင်နိုင်မည်ဖြစ်၍ ဗျာဒိတ်တော်နှင့်အညီ မတိမ်းစောင်းရလေအောင် ဆရာတော်က ပြုပြင်ခြင်းဖြစ်သည်။ ထိုတွင်မက မိုးတွင်း ရေတိုက်စား၍ ပျက်စီးသွားသော ဘုရား ပေါ်သို့ တက်သည့် မော်တော်ကားလမ်းကို ဆရာတော်၏ တပည့်ရဟန်း၊ သံဃာ၊ ကိုရင်၊ ဘိုးသူတော်၊ ယောဂီ၊ သီလရှင် များနှင့် ငါးသုံးလီ အဖွဲ့ဝင်များက နေ့ည မနားမနေ ပြုပြင် ကြသည်။ ဤကဲ့သို့ ပြုပြင်တည်ဆောက်မှု အစုစုတို့သည် စေတနာဖြင့် ကာယအား၊ ဉာဏအား၊ မနအား၊ စက်ယန္တရား အားတို့ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဆရာတော်၏ ပြုပြင်မှုသည် (၂၅၀၀) သာသနာမှ (၅၀၀၀) သာသနာ အရှည်တည်အောင် ရည်သန်ရင်းဖြစ်သည်။ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်စကားတော် အရ ဤဆံတော်ရှင် သာသနာအတွင်း တရားရ ကျွတ်တမ်းဝင် ကြမည့် ဘုရားအဆွေအမျိုးများ ကိုးသထုံတွင် အေးချမ်းစွာ ဆုံကြပြီး ကျွတ်တမ်းဝင်နိုင်ကြစေရန် ဖြစ်သည်။ ထို့ပြင် ကေလာသတောင်ခြေရှိ ကိုးနဝင်း အာရုံခံတန်ဆောင်းနှင့် ထေရ်ရဝင် အာရုံခံတန်ဆောင်းတို့မှာ ပျက်စီးယိုယွင်းနေ၍ ဖျက်ပြီး စေတနာရှင်တို့၏အလှူဖြင့် အသစ်တည်ဆောက်သည်။ အုဋ်တံတိုင်းများ ကာရံပြီး မုဒ်ဦးမုဒ်ဝတို့ဖြင့် ရှုမငြီးအောင်

တင့်တယ်လှသည်။ သပ္ပါယ်၍ ကြည်ညိုဖွယ်ကောင်းသည်။ ရောက်ဖူးသူတိုင်း သိကြသည်။

၁၁၈။ ကျိုက်ထီးဆောင်းဆရာတော် အရှင်မြတ်သည် ကေလာသစေတီတော်၏ ဓာတ်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ရွှေတိဂုံဘုရားတွင် ရင်ငွေ့လှုံသည်။ ထို့နောက် ရန်ကုန်မြို့ရှိ ငါးသုံးလီအဖွဲ့ဝင်များနှင့် တပည့်တကာများ အပူဇော်ခံသည်။ အပြန်ခရီးတွင်လည်း လမ်းတစ်လျှောက်ရှိ မြို့ရွာများ၌ လှည့်လည် အပူဇော်ခံသည်။ ကေလာသဆံတော်ရှင် စေတီတော်သို့ ပြန်ရောက်သောအခါ ဝတ်ပြုဆောင်အတွင်း ထားရှိပြီး ပဋ္ဌာန်းတရားတော်ဖြင့် ပူဇော်သည်။ မြန်မာသက္ကရာဇ် (၁၃၅၈) ခုနှစ်၊ ကဆုန်လပြည့်ကျော် (၅)ရက် (၂၇-၆-၉၆)နေ့တွင် ပန်းရထားဖြင့် စည်ကားသိုက်မြိုက်စွာ တင်လှူကြသည်။ ဓာတ်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို မတင်မီ အနေကဇာ တင်နေချိန်၌ အုံ့မှိုင်းပြီး မိုးအဆက်မပြတ် ရွာနေသည်။ သို့သော် ဓာတ်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်ချိန်၌ နေကြဲကြဲတောက် နေပူနေသည်။ စာရေးသူကိုယ်တိုင်လည်း အံ့သြမဆုံးဖြစ်ရသည်။ စိတ်အတွင်း၌လည်း ကေလာသ ဆံတော်ရှင် စေတီတော်သည် တန်ခိုးကြီးမားပြီး ဘုရားရှင်၏ သက်တော်ထင်ရှား ရှိဘိအလားသို့ ထင်မှတ်နေမိသည်။ တစ်ချိန်တည်းတွင် အရံစေတီတော်များကိုလည်း ဓာတ်မြတ်

နားတော်၊ စိန်ဖူးတော်များ တင်လှူကြသည်။ ထို့ကြောင့် ဘုရားရှင်၏ ဗျာဒိတ်တော်အရ (၂၅၀၀) သာသနာကျော်လျှင် လူတို့၏ ကြီးစွာသော ပူဇော်ခြင်းကို ခံရမည်။ ထို့အတူ (၅၀၀၀) သာသနာထက်ဝက်ကျော်လျှင် ဘုရားရှင်ကို မဖူးတွေ့လိုက်ရသော ဘုရားရှင်၏ အဆွေအမျိုးများ ဤဆံတော်ရှင် သာသနာအတွင်း ကိုးသထုံတွင် ဆုံကြပြီး တရားရ ကျွတ်တမ်းဝင်ကြပေလိမ့်မည်။ ရဟန္တာဗျာဒိတ်အရ ဤကေလာသ ဆံတော်ရှင် စေတီတော်သည် နောင်သောအခါ အလံတစ်ရာ သောဏ္ဍာယ ရွှေစေတီ ဖြစ်လိမ်မည်။ ကျိုက်ထီးဆောင်းဆရာတော်အရှင်မြတ်ကလည်း ဓမ္မပလ္လင်များ၌ "သည်တစ်ပွဲ မလွဲအောင် ကြိုးစားကြ၊ သည်ပွဲမှာ လွဲရင်ဖြင့် အရိမေတ္တယျ ပွဲ နွဲရန်ခက်မည်"ဟူ၍ ဖြစ်ကြောင်း ဖော်ပြရပေသည်။ ဤငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပွဲ တက်ရောက်ကြသူများမှာ စေတီ၊ ဂူနန်းတော်ပေါ်တွင် မဆန့်၍ ဝန်းကျင်ရှိ သစ်ပင်များပေါ်တွင်ပါ ပြည့်ကြပ်လျက်ရှိသည်။ တစ်သက်တွင် တစ်ခါမကြုံဖူး ထူးကဲစွာ စည်ကားသည့် ဆရာတော်၏ ငါးသုံးလီအောင်ပွဲပင် ဖြစ်သည်။

## တည်ဆောက်ပြုပြင် ကေလာသဆံတော်ရှင်

၁၁၉။ ကျိုက်ထီးဆောင်းဆရာတော်သည် ကေလာသတောင်တန်းသာသနာကို တာဝန်ယူချိန်မှစ၍ မြသပိတ်၊

ကေလာသ၊ ကျိုက်ဒေးယံ့ဆံတော်ရှင် ဘုရားများတွင် နှစ်စဉ် ပဌာန်းပူဇော်ပွဲ ကျင်းပခဲ့သည့် ပဌာန်းပူဇော်ပွဲနှင့်အတူ ဘုရားပေါ်သို့ တက်ရောက်သော မော်တော်ယာဉ်လမ်းကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်သည်။ ဆံတော်ရှင်ဘုရားများ၌ ကျောင်း၊ ဇရပ်၊ ဝတ်တန်ဆောင်းများကို မွမ်းမံတည်ဆောက်သည်။ ဘုရားစေတီများကို ရွှေချရောင်တော်ဖွင့်သည်။ ယခင် ဆံတော်ရှင်ဘုရားစေတီများ၌ မီးစက်ငယ်များဖြင့် သီးခြားစီ လျှပ်စစ်မီးထွန်းညှိပူဇော်ခဲ့သည်။ ယခုအခါ နိုင်ငံတော်အစိုးရ ဓါတ်အားလမ်းကြောင်းမှ ဆက်သွယ်ပူဇော်ထားပြီးဖြစ်သည်။ ကေလာသဆံတော်ရှင် ဘုရားစေတီတော်၌ (၁၉၉၇/၉၈) ခုနှစ်၊ (၁၉၉၈/၉၉) ခုနှစ်များတွင် အပေါ်ပစ္စယံနှင့် မြေစိုက်အောက်ပစ္စယံကြား အုဌ်၊ ဘိလပ်မြေတို့ဖြင့် ပြုပြင်တည်ဆောက်သည်။ လှုယနိုင်ခဲ့သော မုဒ်ဦးမုဒ်ဝများဖြင့် ပြုလုပ်သည်။ အပေါ်ပစ္စယံသို့ တက်သော လှေခါးကို မွမ်းမံကြသည်၊ ကျောက်ပြားခင်းကြသည်။ ဘုရားစေတီတော် အောက်ပစ္စယံရှိ အဆောက်အဦး အဟောင်းများကို ဖျက်၍ အုဌ်ဘိလပ်မြေတို့ဖြင့် ခိုင်ခံ့သော အဆောက်အဦးများ အစားထိုး တည်ဆောက်သည်။

၁၂၀။ ယခုနှစ် ကေလာသဆံတော်ရှင် ပဌာန်းပူဇော်ပွဲကို (၁၅၊၂၊၂၀၀၀) ရက်နေ့မှ (၁၉၊၂၊၂၀၀၀) ရက်နေ့အထိ ငါးရက်ကျင်းပခဲ့ကြသည်။ ကျိုက်ထီးဆောင်းဆရာတော်၏ တပည့် ဒါယကာများနှင့် ငါးသုံးလီအဖွဲ့ဝင်များသည် ထိုပဌာန်းပွဲရက်မတိုင်မီကပင် ဘုရားပေါ်သို့ တက်သည့် မော်တော်ယာဥ်လမ်းကို ကောင်းသထက် ကောင်းအောင် ပြုပြင်သည်။ ရောင်တော်မှိန်နေပြီဖြစ်သော စေတီတော်နှင့် အပေါ်ပစ္စယံအကြား မပြီးပြတ်သေးသော တည်ဆောက်ပြုပြင်မှုများကို ဆက်လက်ပြုပြင်ကြသည်။ လူအား၊ စက်ယန္တယား အားတို့ဖြင့် ပဌာန်းပူဇော်ပွဲနှင့်အတူ နေ့ရောညဥ့်ပါ စည်းကား တိုက်မြိုက်စွာ ပြုပြင်တည်ဆောက်ခဲ့ကြသည်။ လုပ်အား ဒါနပါဝင်သူများနှင့် ဘုရားဖူးများ ကုန်းတော်ပြည့် စည်းကား လျက်ရှိသည်။ အထက်ပစ္စယံရှိ ဗြဟ္မာဦးခေါင်းနှင့် ခြင်္သေ့ ကိုယ်နှစ်ခုပါသော မနုသီဟရုပ်ထုကိုလည်း ခည့်ငြားထည် ဝါအောင် ပြန်လည်ပြုလုပ်သည်။ (၁၉၊၂၊၂၀၀၀)ရက်နေ့၊ ပဌာန်းပိတ်ပွဲ၌ ဘုရားကုန်းတော်ပြည့် အုံမခန်း စည်းကား လှသည်။ ဤပြုပြင်တည်ဆောက်မှုများသည် တစ်ကျော့ပြန် ရှင်သန်လာသော ကေလာသ ဆံတော်ရှင် စေတီတော်၏ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ ဆောင်ရွက်နေခြင်း ဖြစ်သည်။ ထို့အတူ ရဟန္တာအရှင်မြတ်များ၏ ဗျာဒိတ်တော်

နှင့်လည်း မလွဲချော်ရလေအောင် ဆကေသ မဟာဓာတုဝင် ဆံတော်ရှင် အလံတစ်ရာ သောဏ္ဍာယ ရွှေစေတီအဖြစ် ပြုပြင်တည်ဆောက်နေဆဲဖြစ်သည်။ ဆရာတော်၏ ငါးသုံးလီ တပည့် ဒါယကာများလည်း နေ့မအား ညမအား လုပ်အား ပေးနေကြဆဲဖြစ်သည်။ ထို့ကြောင့်လည်း ကြီးမားသော လုပ်ငန်းပမာဏကို အံ့မခန်း ပြီးမြောက်အောင် အောင် မြင်နေကြသည်။ ရောက်ဖူးသူတိုင်း အသိဖြစ်သည်။ ဆရာ တော်၏ ကြီးမားသော မေတ္တာ ကရုဏာ စေတနာတို့ကြောင့် ကေလာသ ဆံတော်ရှင်သည် သဇီပဘုရားရှင် သက်တော် ထင်ရှားရှိသည့်အလားသို့ ထူးခြားအံ့ဖွယ် အသွယ်သွယ်နှင့် ခမ်းခြောက်နေသော နတ်ရေတွင်းမှ ရေပြန်ထွက်လာသည်။ သေနေသော သစ်ပင်များ ပြန်ရှင်ပြီး ပင်အိုများ ပျိုလာ၍ ပွင့်သီးလာသည်။ ထို့ကြောင့် ငါးသုံးလီအဖွဲ့ဝင်များနှင့် စေတနာရှင်လုပ်အားရှင်များက တရားလည်းနာ၊ ကုသိုလ်လည်း ရှာကြသည်။ ကိုးနဝင်းကြေ၍ ကိုးသထုံတွင် ဆုံပြီး အောင်ပွဲ ခံမည့်ရက်ကို မျှော်ကြသည်။

(မောင်လှ)

ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)

## ကျမ်းကိုးစာရင်း


၁။ ချစ်သိန်း၊ ဦး - မွန်ကျောက်စာပေါင်းချုပ် ရှေးဟောင်းသုတေသန (၁၉၆၅)၊

၂။ ဖါနီဗယ်-ဂျေအက်စ် - ဇမ္ဗူဒီပဦးဆောင်ကျမ်း-မြန်မာနိုင်ငံသုတေသနအသင်း (၁၉၆၀)၊

၃။ မြင့်အောင်၊ ဦး - သုဝဏ္ဏဘူမိမြို့ဟောင်း သမိုင်းထောက်အထား တက္ကသိုလ် ပညာပဒေသာတွဲ(၁၂) အပိုဒ် (၁)၊ ၁၉၇၈၊

၄။ မဟာမမ္မသကြိန် - သာသနာ့လင်္ကာရကျမ်း၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် (၁၉၆၅)၊

၅။ ရွှေနော်၊ စစ်ကဲဦး - မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်၊ ဟံသာဝတီသတင်းစာတိုက် (၁၈၈၉)၊

၆။ လူဖေဝင်း၊ ဦး - ကလျာဏီမွန်ကျောက်စာ၊ ရွှေသိန်းပုံနှိပ်တိုက် (၁၉၇၈)၊

၇။ ဘရှင်၊ ဗိုလ်မှူး - အနော်ရထာအရင်ကမြန်မာနိုင်ငံပြည့်သူ့အလင်း (၁၉၅၀)၊

၈။ မဲထီးဆရာတော် - ဝံသဒီပနီ ဟံသာဝတီ (၁၉၆၆)၊

၉။ သန်းထွန်း၊ ဒေါက်တာ — အသစ်မြင်ဗမာ့သမိုင်း- သုခဝတီပုံနှိပ်တိုက် (၁၉၅၇)၊

၁၀။ သိန်းဖေမြင့် — ကျွန်တော်တို့မွန်မြန်မာ၊ တော်ဝင်ပုံနှိပ်တိုက် (၁၉၇၅)၊

၁၁။ ဝေပုလ္လအရှင်၊ မြတ် ဦး - ကေလာသစေတီတော် သမိုင်း (၁၃၂၃)၊

၁၂။ ဆကေသ မါတုဝင် - ဗမာပြန် သမိုင်း၊ ကျိုက္ကော်၊ သိမ်ဆိပ်အာသောကရုံကျောင်း၊ ဘဒ္ဒန္တ သုမနမဟာထေရ် (၁၃၁၅)၊

၁၃။ စေတနာ၊ မောင် - ဆံတော်ရှင်ကျိုက်ထီးဆောင်း စေတီတော်ကြီးသမိုင်း (၁၉၉၇)၊

၁၄။ ၎င်း- - ကဲ့ယေဆံတော်ရှင်သမိုင်း၊ ဂန္ထဝင် ပုံနှိပ်တိုက် (၁၉၉၂)၊

၁၅။ ပန်းလှ၊ နိုင် - ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၊ သိန်းသန်းဦး ပုံနှိပ်တိုက် (၁၉၇၇)၊

၁၆။ သိန်းဖေ၊ ဦး (ကျောင်းအုပ်ကြီး) - သာသနာ့အစ သထုံက၊

၁၇။ သိန်းလွင်၊ ဦး - ဆံတော်ရှင်စေတီတော်များ၊
ဒေါ်အေးသန်း၊ တင်ရွှေပုံနှိပ်တိုက်
(၁၉၉၄)၊

၁၈။ ရင်း- - ဆံတော်ရှင်သမိုင်းအကျဉ်းချုပ်၊
လုပ်အား ပုံနှိပ်တိုက် (၁၉၈၄)၊

J